
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး
အောင်မြင်စာပေ၊
ပထမအကြိမ် – ၂၀၁၃ ခုနှစ်၊ (မေလ)၊ အုပ်ရေ(၅၀၀) ။

ဝိဇ္ဇာ ၈၉၅.၈၃
ဒါဟာ ကျူးပစ်စတိုင် / ဝိဇ္ဇာ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၆၆ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ



BURMESE CLASSIC .com



# အခန်း(၁)



"အောင်မလေး. . အောင်မလေး. . အိပ်နေလိုက်ကြပုံများ တောင်တစ်ယောက် မြောက်တစ်ယောက်နဲ့. . အိပ်ရင်းနဲ့ တရုတ်သိုင်းများ ချနေကြသလား မှတ်တယ်၊ ကြည့်စမ်းပါဦး ဒီအရွယ်တွေပဲ ရောက်နေပြီ လူကြီးလူကောင်းဆန်ဆန်ကို မအိပ်တတ်ကြဘူး၊ နေကဖြင့် သူတို့ဖင်ထဲကဝင်ပြီး ပါးစပ်ထဲက ပြန်ထွက်နေပြီ"

ထိုအသံသည် မနက်ခင်းတိုင်း ကြားနေရသော သုတနှင့် သုခတို့ ညီအစ်ကိုအတွက် အမေပေးသော Alarm တစ်ခုပင်. . . အမေ့အသံကိုကြားမှသာ အိပ်ရာမှထတတ်သော ထိုအကျင့်ကလည်း ငယ်စဉ်ကတည်းက ရိုးရာတစ်ခုလို ဖြစ်နေလေတော့. . . ညီအစ်ကိုနှစ်



www.burmeseclassic.com

ယောက်စလုံး အမေ့အသံ မကြားမချင်း အိပ်ရာကကိုမထ။

"ဖြန်း. . ဘုံး. . ဘုံး. . ဖတ်"

ထိုအသံသည် အမေ့လက်သံဖြစ်သည်။

မြန်မာပြည်ကျောက်စိမ်း ဦးညွှတ်ရမည့် ဂန္ထဝင်လက်သံမျိုး။

"အောင်မလေးဗျ. . မေမေရာ နာလိုက်တာ၊ မက်နေတဲ့ အိပ်မက်ကလေးတော့ သွားပါပြီ၊ ဘယ်လိုလိုက်ဖမ်းရမှန်း မသိတော့ဘူး"

သုတ လည်ပင်းမှာ ကွင်းတက်သိုင်းနေသော ပုဆိုးကို ဆွဲချပြီး အမေ့အရိုက်ခံလိုက်ရသော ခပ်ပြောင်ပြောင် တင်ပါးမှာ စွပ်ချလိုက်သည်။

အိပ်ရာထက်မှ အတင်းကုန်းရုန်းထနေသော သုတကြောင့် သုခပါ သူ့အလှည့်မရောက်ခင် အမြန်ထလိုက်သည်။

"ကဲ. . မြန်မြန်မျက်နှာသစ်ပြီး အဝတ်အစားလဲခဲ့ကြ၊ မနက်ခင်းစာ,စားဖို့ စောင့်နေမယ်"

တွတ်ပွတွတ်ပွ ပြောဆိုပြီး မေမေ အခန်းထဲမှ ပြန်ထွက်သွားတာနှင့် သုတ ဘုံးခနဲ ပြန်လှဲအိပ်၏။ သုခက မအိပ်တော့ဘဲ ရေချိုးခန်းထဲဝင်ကာ ဘေစင်မှာ မျက်နှာသစ်လိုက်သည်။

ဒီနေ့ သူငယ်ချင်းတွေနှင့် သင်တန်းမှာချိန်းထားသည်မို့ ဒီ့ထက်ပိုပြီး အပျင်းကြီး၍မရတော့။ သုခ ရေချိုးခန်းထဲမှ ပြန်ထွက်လာတော့ သုတ ဖင်ဘူးတောင်းထောင်၍ ပြန်အိပ်နေတုန်း. . .

"ကိုသု ထတော့လေဗျာ၊ ဒီလောက် မေမေ Alarm ပေးသွားတာတောင် အပျင်းကကြီးနေသေးတယ်၊ ရုံးလည်းသွားရဦးမှာ မဟုတ်လား၊ အပျင်းကြီးတဲ့ရွှေ့နေ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"အင်း. . အင်းပါကွာ မင်းကလည်း. . . ရှေ့နေတိုင်း နေမြင့်





အောင် အိပ်လို့ မရတော့ဘူးတဲ့လား၊ စောစောက ငါ့ဆီက လန့်ပြေးသွားတဲ့ အိပ်မက်လေးကို ပြန်ရှာနေတာပါကွာ"

"ဘာအိပ်မက်မို့လို့ ဒီလောက်တောင် ပေါ်နေရတာလဲ"

သုခ အဝတ်စင်ပေါ်မှ မွေးပွသဘက်ကိုဆွဲယူကာ မျက်နှာမှ ရေစက်တွေကို သုတ်ရင်းမေး၏။

"ဘာ အိပ်မက်ရမှာလဲကွ၊ ငါကြိုက်တဲ့မင်းသမီး ပန်နီလိုပ့်ခရုဇ်လေးက ငါ့ကို(၅)ဘီလီယံနဲ့ လာတောင်းတာကို မေမေက စိန်တစ်ပြည်မပါလို့ လက်မခံဘူးဆိုပြီး ငြင်းလွှတ်တယ်လေ၊ ဟိုက ဒီလောက် ခြေသလုံးဖက်ပြီး မျက်ရည်လည်ရွဲ တောင်းပန်နေမှတော့ ချွေးမအဖြစ်လက်ခံလိုက်ပါတော့လား၊ ဘယ်လောက်လောဘကြီးတဲ့ မေမေလဲလို့ ခုဒီအိပ်မက်ကို ပြန်မက်ကြည့်လို့ကို မရတော့ဘူး"

ခုချိန်ထိ ပေါကြောင်းနေသော သုတကိုကြည့်ပြီး သုခ မဲ့လိုက်သည်။ သုတ အိပ်မက်ကို ပြန်ဖမ်းမရတော့မှတော့ ဆက်ပြီး ခွေမနေတော့၊ ပုဆိုးစကို စွန်တောင်ဆွဲပြီး အိပ်ရာထက်မှ ကုန်းရုန်းထကာ ရေချိုးခန်းရှိရာသို့ ဒယီးဒယိုင်ထသွား၏။

ရေချိုးခန်းထဲ ဝင်သည်အထိ အမေ့ကို မကျေမနပ် တွတ်ပွတွတ်ပွ ပြောသွားသော ကိုသုတကိုကြည့်ပြီး သုခ စိတ်ပျက်စွာ ခေါင်းခါလိုက်သည်။ ရှေ့နေဖြစ်နေတာတောင် ပေါချက်က ကမ်းလွန်ပင်လယ်ကိုပင် ဗဟိုပြုနေပြီး. . . ခုချိန်ထိ မေမေ့အပေါ် နွဲ့ဆိုးဆိုးပြီး မုန့်ဖိုးလက်ဖြန့်တောင်းတုန်း၊ ညီလေးဟဲ့ဆိုပြီး အလျှော့ပေးခြင်းလည်းမရှိ၊ သုခအပေါ် ငါအစ်ကိုပဲ ဆိုသည့်စိတ်နှင့် စိတ်ကြီးဝင်ကာ အမြဲတမ်းအနိုင်ကျင့် ဗိုလ်ကျသူ။

ယုတ်စွအဆုံး သုခမျက်စိကျနေသော ကောင်မလေးတောင်

www.burmeseclassic.com



သူက ရှေ့နေဆိုတဲ့ဂုဏ်ပုဒ်နဲ့ ကောင်မလေး အထင်ကြီးအောင် ဟန်လုပ်ပြောကာ. . သူခရှေ့ကနေ သုတ်သွားသည့် ရည်းစားလုသည့် ဗီလိန်ဖြစ်ပြီး. . ဘယ်တော့မှလည်း သတ်သတ်မှတ်မှတ်တွဲတာမဟုတ်၊ ကြုံသမျှမိန်းကလေး သူ့မျက်စိထဲ လှတပတအနေအထား ရှိလို့ကတော့ ဆွဲစိလိုက်ပြီသာမှတ်၊ ယုတ်စွအဆုံး အမှုအပ်သည့် အမှုသည်မုဆိုးမဖြစ်ဦးတော့ လှနေလို့ကတော့ အမှုလိုက်ခ တစ်ပြားမှမတောင်းဘဲ အလကားလိုက်ပေးပြီသာမှတ်။

ငွေကို ရေလိုသုံးပုံမျိုးများ ငွေတွေကို သံလွင်မြစ်ထဲက ရေတွေအမှတ်ဖြင့် ခပ်သုံးနေသလား မှတ်ရလောက်အောင် အဖေထားခဲ့သည့် စည်းစိမ်တွေကို တစ်ဖွဲ့ခြင်း ပါးမျိုနေသော သားကြီးသြရသ။

သုခကတော့ အမြဲတမ်း သူ့နောက်လိုက်၊ မေမေက သုခကို ချစ်ပေမယ့် သုခက အခွင့်အရေးတွေ အများကြီးမယူတတ်သည့်သားမို့ သုတလောက် အခွင့်အရေးတွေ မပိုလျှံ။

သုတ ရှေ့နေဖြစ်ပြီးကတည်းက မေမေ့ကို အမှုလိုက်ခဆိုပြီး ဦးဦးဖျားဖျား ကန်တော့တာ ခုချိန်ထိ တစ်ခါမှ မရှိဘူးသေးတာ ကျိန်တောင် ပြောဝံ့ပါရဲ့။

သူ့ဘဝမှာ အမေထက် အရေးကြီးတာက လေဒီလေးတွေနဲ့ အပီလန်းဖို့ပါပဲ။ သုခတွေးရင်း စိတ်မောလာသဖြင့် ဆက်မတွေးတော့ပဲ မောနင်းစာစားရန် ထမင်းစားခန်းဆီသို့ ထွက်လာခဲ့လိုက်သည်။







# အခန်း(၂)

BURMESE CLASSIC .com

“ဟာ ကွာ ကိုသု၊ အဲဒါ ညီတစ်ခါမှတောင် မဝတ်ရသေးဘူးလေဗျာ၊ တွေ့လားမေမေ၊ မေမေ့သားဟာလေ ရှေ့နေတစ်ယောက်ဖြစ်ပြီး သူများဆီကနေ ဖြတ်ခုတ်ဖြတ်လုတဲ့ အကျင့်ကိုက အရိုးစွဲသွားပြီ”

သူ လုံးဝမဝတ်ရသေးသော အင်္ကျီနှင့်ဘောင်းဘီကို စမတ်ကျကျဝတ်ပြီး အတာချီကော့စ်ကိုင်ကာ ထမင်းစားခန်းထဲ ဝင်လာသော သုတကိုကြည့်ပြီး သုခပါးစပ်ထဲမှ ထမင်းကြော်ဝါးရင်း ပလုတ်ပလောင်းသံဖြင့် မကျေမနပ် ပြောလိုက်သည်။ သုခက အမြဲတမ်း ကိုယ့်အဝတ်အစား သူ့အဝတ်အစား သီးသန့်ခွဲပြီး ဝတ်တတ်သည့်သူ. . သူများအဝတ်ကို ယူဝတ်သည့်အကျင့် လုံးဝမရှိ။

သုတ စပ်ဖြဲဖြဲနှင့် ခုံမှာဝင်ထိုင်လိုက်ပြီး. . .

“မင်းကလည်းကွာ. . . ငါညနေကျရင် ကောင်မလေးနဲ့ ချိန်း



www.burmeseclassic.com

www.burmeseclassic.com



ထားလို့ကွ”

“အဲဒါ ကိုယ့်အင်္ကျီကိုယ်ဝတ်ပါလား၊ ပြီးရင် ဟိုဟာစွန်းလာ ဒီဟာစွန်းလာနဲ့ လေးငါးရှစ်ထောင်လောက်နဲ့ ဝယ်ထားတဲ့ ဝတ်စုံမဟုတ်ဘူး”

ဒါဟာ မနက်တိုင်း ကြုံတွေ့ရင်ဆိုင်နေကြမို့ ဒေါ်ခင်ဆွေလတ်ထိုပြဿနာကို အရေးလုပ်မနေတော့ဘဲ ကော်ဖီကို အရသာခံသောက်ကာ ငြိမ်နားထောင်နေလိုက်သည်။

“ခခကလည်းကွာ၊ ကိုယ့်အစ်ကို ခဏလောက် ယူဝတ်တာကို ဘာလို့ နှမြောတွန့်တို နေရတာလဲ၊ မင်းလည်း ယူဝတ်ချင်ရင် ငါ့အဝတ်အစားတွေ ယူဝတ်လို့ရတာပဲ”

သုခကို လေပြေလေးနှင့် ချော့ပြီး ကော်ဖီခွက်ထဲကို ခရားထဲမှ ကော်ဖီတွေ ငှဲ့ထည့်လိုက်သည်။ သုခ ကိုယ့်ကို ခခဟု ခေါ်လိုက်သဖြင့် ကျွဲမြီးတိုကာ. . .

“ကိုသု ညီ့ကို ခခလို့ မခေါ်ပါနဲ့လို့ ပြောထားတယ်နော်”

“မင်းကို ငါက ချစ်စနိုးနဲ့ ခေါ်တာလေ၊ ကိုယ့်ညီလေးမို့လို့”

“ကိုသုကိုရော တတလို့ခေါ်ရင် ကြိုက်လား”

“ခေါ်. . ခေါ်ပေါ့၊ နာမည်ဆိုတာ ပညတ်ချက်ပဲ၊ ဘယ်သူတွေ နာမည်ဘယ်လိုပဲခေါ်ခေါ် အားလုံးကလူပါပဲ”

“ကဲ. . ကဲပါ တော်ကြပါတော့၊ မင်းတို့ဟာလေ မနက်တိုင်း မျောက်ထီးနဲ့ ကြောင်ထီး ကျနေတာပဲ၊ အမြဲကို အဝေမတည့်ဘူး၊ သုတ စားစရာရှိရင် စားတော့. . စားပြီးရင် အလုပ်သွားတော့”

“ဟုတ်. . ရက်စ် မေမေ”

ပြောင်ချော်ချော်ပြောကာ ကော်ဖီကို ဂလုခနဲမြည်အောင်ခပ်၊





မြန်မြန်မော့သောက်ပြီး ကိတ်မုန့်တစ်ချပ်ကို ကောက်ဝါးလိုက်သည်။ ပြီးနောက် ဒေါ်ခင်ဆွေလတ်ရှေ့ လက်ဖြန့်လိုက်သည်။

“ဒါက ဘာတောင်းတာလဲ”

“ကားဓါတ်ဆီဖိုးရယ်၊ ဖုန်းငွေဖြည့်ကတ်ဖိုးရယ်၊ ရုံးအောက်က စားသောက်ဆိုင်မှာ ဘေလ်ဖွင့်ပြီး စားထားတဲ့ စားကြွေးရယ်၊ နေ့ခင်း လက်ဖက်ရည်ဖိုးရယ်၊ နောက်ပြီး ရုံးခန်းထဲက ကွန်ပျူတာပျက်လို့ ဆိုင်ပို့ထားရတယ် ဒီနေ့သွားရွေးရမယ်၊ အဲဒါတွေအတွက် ငွေတစ်သိန်းလောက်လိုတယ်”

ဒေါ်ခင်ဆွေလတ် ပါးစပ်ထဲမှ ဝါးလက်စ ထမင်းကြော်ကို ဆက်မဝါးပဲ မြန်မြန်မျိုချကာ ရင်ဘတ်ကိုဖိလျက်။

“ဗုဒ္ဓေါမြတ်စွာ. . ရှေ့နေတစ်ယောက်က သူ့အသုံးစရိတ်တွေကို အမေဆီမှာ ကလေးတစ်ယောက် မုန့်ဖိုးတောင်းသလို လက်ဖြန့်တောင်းနေရသလား၊ အံ့ပါရဲ့ကွယ်. . အမေကို ငွေထွက်တဲ့စက်ကြီးများ ထင်နေသလား. . . ဟမ်”

“ကျွတ် မေမေရာ ဒီသဘောမျိုးတော့ ဘယ်ဟုတ်မလဲ၊ သားရဲ့ရှေ့နေလိုက်ခက ရုံးခန်းဖိုး အလုပ်သမားလခဖိုး စာရေးမလစာတွေ ရှင်းပေးရတာနဲ့ ဘယ်မှာလာ ကျန်လို့လဲ၊ တစ်ပတ်နေလို့ အမှုသည်နှစ်ဦး ပြည့်အောင်တောင် မလာတာလဲ အမေသိသားနဲ့”

ဆင်ခြေအပြည့်ပေးနေသော သုတစကားကြောင့် ဒေါ်ခင်ဆွေလတ်မျက်နှာကို အစွမ်းကုန်မဲ့လိုက်ပြီး. . .

“ဘယ်လာမလဲ. . ဟွန်း မပြောလိုက်ချင်ဘူး၊ အမှုလိုက်ခတွေကို မတရားတောင်းမှတော့ မင်းလိုရှေ့နေမျိုး ဘယ်လာပြီး အမှုရတော့မလဲ. .၊ ဆင်းရဲနွံချာလွန်းပြီး သောကဖြစ်နေတဲ့ အမှုသည်တွေက



www.burmeseclassic.com

www.burmeseclassic.com



ငါးသိန်း ဆယ်သိန်း တောင်းနေမှတော့ လူသေကောင် ပါးစပ်ထဲက တစ်မတ်စေ့ နှိုက်ယူလိုက်တာကမှ လွယ်ဦးမယ်၊ ဒီတော့ ဘယ်အမှုသည်က မရှိတဲ့ကြားက မင်းတောင်းသလောက်ပေးပြီး အမှုလာအပ်မှာလဲ၊ ဟွန်း သူတို့ဘာသာပဲ ထောင်အကျခံကြတော့မှာပေါ့၊ ဒါမှမဟုတ် တခြားရှေ့နေကိုပဲ ဌားကြတော့မှာပေါ့"

"မေမေရာ ရှေ့နေသိက္ခာကျအောင် သားက လာသမျှအမှုသည်တွေကို သုံးမူကို တစ်ထောင်နဲ့ ဒစ်စကောင့်ချပြီး တရားရုံးရှေ့ ထိုင်ပြီး ကိုယ့်ပညာကို ဈေးရောင်းသလို အော်ရောင်းနေရမှာလား"







"ဟဲ့ . . ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ၊ အမှုလိုက်ခ တောင်းတယ်ဆိုတာ လူကြည့်ပြီး တောင်းရတယ်ကွဲ့၊ ရိုးရိုးသာမန် အမှုသည်လေးတွေကို ငါ ရှေ့နေပဲဆိုပြီး ဈေးကိုင်တောင်းနေရင် မင်းဆီမှာ ဘယ်သူမှ အမှုလာအပ်တော့မှာ မဟုတ်ဘူး"

"မအပ်လဲနေပေါ့"

"အေး. . အဲလိုဈေးကိုင် ဒီခေတ်ကြီးထဲမှာ ရှေ့နေတွေများ ကြက်ဘဲဈေးက ကြက်တွေထက် အဆတစ်ရာ များနေပြီဆိုတာကို စဉ်းစား၊ အဲဒီကြက်တွေ ရိုက်သတ်ရင် ကုန်သွားလိမ့်မယ်၊ မင်းတို့ ရှေ့နေတွေက ရိုက်သတ်လို့ ကုန်မှာမဟုတ်ဘူး"

ရှေ့နေတွေကို ကြက်နှင့် အနှိုင်းခံရ၍ ကိတ်မုန့်တောင် လည်ချောင်းထဲ နင်၍သွားသည်။

"တော်. . တော်ပါတော့ မေမေရယ်၊ သား အမှုသည်တစ်ယောက်နဲ့ အလုပ်စကားပြောဖို့ချိန်းထားတာ မေမေ့တော်ကီမှာ မမျောနိုင်တော့ဘူး၊ ခုလောလောဆယ်တော့ သားလိုတာပေးပါဗျာ၊ ဒီနေ့ အမှုသည်နဲ့ ဂွင်တည့်လို့ကတော့ မေမေ သားအတွက် ကုန်ကျထားတာတွေကို ကြိုပြီးစာရင်းလုပ်ထား ပြန်လာတာနဲ့ တစ်ပြားတစ်စိ မကျန်အောင် ရှင်းပေးမယ်"

ခုချိန်ထိ လေလုံးထွားနေတာ သားသုတကိုကြည့်ပြီး ဒေါ်တင်ဆွေလတ် ပို၍ စိတ်မောစွာဖြင့် သူတောင်းသလောက်ငွေကို ထုတ်ပေးလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"သမီးရေ. ."

"ရှန်. . . မေမေ"

"ဒီနေ့ သင်တန်းမသွားဘူးလားကွယ်"

"ဒီနေ့ ပိတ်တယ်လေ မေမေရဲ့၊ နဒီ့ကို ဘာခိုင်းမလို့လဲ"

နဒီမိုးမြင့် အပြုံးလက်လက် ကိုယ်နေဟန်နွဲ့နွဲ့ဖြင့် မိခင်ရှိရာသို့ လျှောက်လာလိုက်သည်။ မျက်နှာလေးက ပြုံးရွှင်ချိုမြပြီး အရာရာကို သိတတ်နားလည်လွန်းသော သမီးလေးမို့ ဒေါ်မြသီတာ ကြည့်မဝ၊ ရှုမဝ၊ ချစ်မဝ ဖြစ်နေမိသည်။

စီးပွားရေးတက္ကသိုလ်ဘွဲ့ရပြီး နောက်ထပ်ဘွဲ့လွန်ထပ်ယူဖို့ ကြိုးစားနေသော သမီးလေး။ ပညာကလည်းတတ်၊ ရုပ်ရည်ကလည်း





ချောလိုက်တာမှ အများငေးယူရမည့် ရုပ်မျိုး၊ သမီးလေးမှာ ချို့ယွင်းတာ တစ်ခုပဲ ရှိသည်။ ထိုအားနည်းချက်ကြောင့်လည်း သမီးလေးသည် ဘယ်လိုနေရာမျိုးကိုမှ သိပ်မသွား၊ ကျောင်းနဲ့အိမ်နဲ့ကလွဲပြီး ဆွေမျိုးအသိမိတ်ဆွေအိမ်တောင် မလည်လောက်အောင် သူ့အားနည်းချက်ကို သူ သိမ်ငယ်နေရ၏။

လူတကာက. . ဟယ် ပိန်လိုက်တာကွယ်၊ နေမကောင်းများ ဖြစ်နေသလားဟု မေးလိုက်လျှင် နဒီမိုးမြင့်မျက်နှာမှာ သိသိသာသာကို ပျက်ယွင်းသွားပြီး ထိုလူနှင့် မျက်နှာချင်းမဆိုင်ချင်လောက်အောင်ကို စိတ်အားငယ်သွားတတ်သည်။

"ဒီနေ့ မေမေနဲ့ ဗိုလ်ချုပ်ဈေး လိုက်ခဲ့ပါလား၊ ကျောင်းချိန် သင်တန်းချိန်ကလွဲပြီး အိမ်ထဲမှာပဲ တကုပ်ကုပ်နဲ့ အမြဲစာဖတ်နေတော့ အညောင်းမိတာပေါ့ သမီးရယ်"

"ဟင့်အင်း. . နဒီ လူများတဲ့နေရာတွေကို မသွားချင်ပါဘူး မေမေရယ်၊ အထူးသဖြင့် ဗိုလ်ချုပ်ဈေးလို နေရာမျိုးဆိုရင် ပိုတောင် မသွားချင်သေးတယ်၊ အဲဒီကိုလာတဲ့ မိန်းကလေးတိုင်းက အရမ်းလှပြီး အရမ်းခေတ်မီကြတယ်၊ သူတို့နဲ့ယှဉ်လိုက်ရင် နဒီက လူရယ်စရာ ကောင်းနေမှာ"

စိတ်အားငယ်တတ်လွန်းသော သမီးလေးကိုကြည့်ပြီး ဒေါ်မြသီတာ သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်သည်။

"သမီးရယ် ဒီလောက်ချောတဲ့ မေ့သမီးလေး၊ ပိန်တာလောက်လေးကို အားငယ်စရာ လိုလို့လားကွယ်၊ ဒီခေတ်မော်ဒယ်တွေကိုလည်း ကြည့်ဦး၊ ဝတဲ့သူ ရှိလို့လား၊ အားလုံး ပိန်ကြတာပဲ မဟုတ်လား၊ အင်တာနေရှင်နယ် ခန္ဓာကိုယ်အဖြစ် ပွဲဝင်နေကြတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသီတာ သမီးကို ကြံဖန်ပြီး အားပေးနှစ်သိမ့်ပေးပေမယ့် နဒီမျက်နှာမှာ အားငယ်ရိပ်တွေက မပျောက်သေး။

"ကဲ သွားပြင်စရာရှိတာ ပြင်လိုက်တော့၊ ဒီနေ့ သမီးအတွက် ချုပ်ထားတဲ့ ဝတ်စုံလေးတွေကိုလည်း ဝတ်ကြည့်ပြီး ရွေးခဲ့ရမှာလေ"

နဒီ မေမေ့ကို ဆက်ပြီးမငြင်းချင်တော့၍ စိတ်မပါ့တစ်ပါဖြင့် ပင် အဝတ်အစားလဲရန် ထလာလိုက်သည်။







# အခန်း(၄)

လူတွေသွားလာနေသော ဗိုလ်ချုပ်ဈေးဝင်းထဲသို့ နဒီ မေမေ့ နောက်မှ လိုက်ဝင်လာခဲ့လိုက်သည်။ ဘာဝတ်ဝတ် ကိုယ်နှင့်ပိန်ကပ် ကာ ကြည့်မကောင်းသော ခန္ဓာကိုယ်ကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှုမရှိသလို လှမ်းလိုက်သည့် ခြေလှမ်းတွေကလည်း ကိုးရိုးကားရားနိုင် ကာ သွက်သွက်လက်လက် မရှိ။

"သမီး ဖန်စီဆိုင်ရော ဝင်ဦးမှာလား"

"ဟင့်အင်း မဝင်တော့ဘူး မေမေ၊ ဆိုင်မှာ ဆံပင်ပဲ ပေါင်းတင် တော့မယ်၊ နဒီ ဆံပင်တွေ တအားကြမ်းနေလို့"

"အေး. . ကောင်းတယ်၊ တစ်လက်စထဲ မေမေလည်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ထုတ်လိုက်မယ်၊ ပြီးရင် တစ်ခါတည်း မျက်နှာပါ ပေါင်းတင်လိုက်ဦးမယ်၊ အလှပြင်လို့ပြီးမှ အပ်ချုပ်ဆိုင်မှာ အထည်ဝင်ရွေးတော့မယ်"

အလှအပနှင့် ပတ်သက်လျှင် နဒီ့ထက် ဒေါ်မြသီတာက ပို၍ စိတ်ဝင်စားသည်။ ထို့ကြောင့် သားအမိနှစ်ယောက် အလှပြင်ဆိုင်သို့ အရင်ဆုံး ဦးတည်လိုက်သည်။

"ဟယ်. . မမကြီး၊ မလာတာတောင် ကြာပြီနော်၊ အရမ်းစိမ်းကားတာပဲ၊ ဒီက ချစ်ညီမလေးက အရမ်းလွမ်းနေတာ သိလား"

အလှပြင်ဆိုင်ပိုင်ရှင် မာမီထူးက နဒီတို့ သားအမိကို မြင်တော့ ချွဲချွဲနွဲ့နွဲ့ ပျာပျာသလဲ ကြိုဆို၏။

"လာချင်ပေမယ့် မအားပါဘူး ထူးထူးရယ်၊ ခုတောင် အဖော်ရအောင် သမီးကို မနည်းအဖော်စပ်လာရတာကွဲ့"

အခြောက်မ မာမီထူး နဒီ့ကို လှည့်ကြည့်ပြီး ရှိသမျှသွား အကုန်ဖြဲကာ ရယ်လိုက်ပြီး. . .

"ဟယ်. . သည်းလေး၊ မတွေ့တာကြာလို့ ပိုလှလာသလား မသိဘူးကွယ်"

"အမလေး အဲဒါကို ထူးထူးညီမက သူ့ကိုယ်သူပိန်တယ်ဆိုပြီး အရမ်းကို pressure ဝင်နေတယ်ကွယ်၊ သူ့ကိုယ်သူ မပြင်မဆင်တာပဲကြည့်"

"အို မဟုတ်တာ ငါ့ညီမလေးသာ အလန်းပြင်လိုက်ရင် ဒီခေတ် ပိန်ကပ်နေတဲ့ မော်ဒယ်လ်တွေကို သံရည်ကြိုစက်ထဲကို ထည့်လိုက်ရုံပဲ ရှိတော့တယ်"

"ဒါဆို ထူးထူးပဲကြည့်ပြီး ပြင်ပေးပါတော့ကွယ်"

"ဟင့်အင်း နဒီမပြင်ချင်ဘူး မေမေ၊ ဆံပင်ပေါင်းတင်တာပဲ





လုပ်မယ်"

"ညီမလေးရယ် ပြင်လိုက်ပါ၊ လူက ပိန်ပေမယ့် သူ့အရပ်သူ့ ကိုယ်လုံးလေးနဲ့ ကြည့်ကောင်းပြီးသားပဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတာနဲ့ မပြင်ဆင်ပဲနေနေလို့၊ ကြည့်ပါဦး ဆံပင်ကြီးကလည်း အရှည်ကြီးပဲ၊ ဒီဆံပင်ကြောင့် အခိုးတွေပိတ်ပြီး လူက ပိန်နေတာနေမှာပေါ့၊ အဲ့ဒီဆံပင်ကို ဒစ်ဂျစ်တယ်နဲ့ကောက်လိုက်. . ပြီးရင် ကော်ဖီရောင်လေး ဆိုးလိုက်၊ ကိုရီးယားမင်းသမီး လီဒါပေါ်းများ မြန်မာပြည် ရောက်လာသလား မှတ်သွားမယ်"





www.burmeseclassic.com

www.burmeseclassic.com



အပြတ်ကို ဆွဲဆောင်နေသော မာမီထူးစကားသည် ရိုးရှင်းစွာ နေချင်သော နဒ္ဒီ၏စိတ်ရင်းကို လုံးဝမပြောင်းလဲနိုင်၊ နဒီ ငြင်းမြဲငြင်း နေ၍ မာမီထူး လက်လျှော့လိုက်ရ၏။

နဒီက ငြင်းကောင်းတုန်း ရှိသေးသည်။ မေမေက မျက်နှာ ပေါင်းတင်ရန် လည်သာစင်ပေါ်ပင်တက်၍ နေရာယူပြီးနေပြီ။

နဒီ ဖုန်းမြည်လာသည်မို့ လွယ်ထားသော စလင်းဘက်အိတ်မှ ဖုန်းကိုထုတ်ပြီး ထူးလိုက်သည်။

"ဟဲလို"

နဒီ ဖုန်းထူးရင်း လိုင်းမမိသဖြင့် အလှပြင်ခန်းထဲမှ လူသွား စင်္ကြံဘက်သို့ ထွက်ခဲ့လိုက်သည်။

"ဩော်. . သီရိလား၊ ငါ ဗိုလ်ချုပ်ဈေး ရောက်နေလို့"

"အင့်. . ."

"ဟာ. . ကျ. . ကျပြီ. ."

နဒီ သီရိနှင့် စကားပြောရင်း လူတစ်ယောက်နှင့် ဝင်တိုက်မိသဖြင့် လက်ထဲမှဖုန်းပါ လွတ်ကျသွားသည်။

"ဟာ. . ဆော. . ဆောရီးပဲ၊ ကျွန်တော် တောင်းပန်ပါတယ်"

သူခ ကိုယ့်ကြောင့် ပြုတ်ကျသွား၍ စင်္ကြံပေါ်တွင် တစ်စစီဖြစ် သွားသော ဖုန်းနှင့် ဓါတ်ခဲကို တစ်ခုစီ လိုက်ကောက်ပြီး တောင်းပန်စကား ဆိုလိုက်သည်။

"ဟင်. . ပိန်. . ပိန်. . နင် ပိန်ပိန် ဟုတ်တယ် မဟုတ်လား"

လူကိုလည်း ဖုန်းပြုတ်ကျအောင် ဝင်တိုက်သေးသည်။ ပိန်ပိန် ဟုလည်း လူကို ခေါ်သေးသည်မို့ နဒီ ဒေါသတွေ ဝမ်းတွင်းမှ ခုန်ပေါက်၍ ထွက်လာသည်။





"ရှင် လူကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဟာ. . နင် ငါ့ကို မမှတ်မိဘူးလား၊ ငါ သူခလေ ခခလေ၊ ငါတို့ သူငယ်တန်းကနေ ငါးတန်းအထိ အတူနေခဲ့ကြတာလေ မှတ်မိလား"

သူခ ဟျာဟျာသလဲ ရှင်းပြတော့မှ နဒီ မျက်နှာပေါ်မှ ဒေါသရိပ် ဖျော့သွားကာ သူခမျက်နှာကို သေချာကြည့်ပြီး မျက်နှာမှာ တဖြည်းဖြည်း ပြုံးယောင်သန်းလာကာ. . .

"နင်. . ဒါဆို သူခ. . အဲ. . ဝူ. . ဝူထဲ. . ဝူထဲ၊ အဟင်း. . ဟင်း. . ခစ်. . ခစ်. . ခစ်. . ဝူထဲရယ်၊ ငါ နင့်ကို လုံးဝကို မမှတ်မိတာဟယ်"

လူကြားသူကြားထဲ လက်ခုပ်လက်ဝါးတီးကာ ငယ်ကျိုးငယ်နာ ဖော်လိုက်သော နဒီစကားကြောင့် သူခ ကိန်ခနဲသာ အော်လိုက်ချင်တော့၏။

ငယ်စဉ်က ခြေကြားလက်ကြားလေးတွေမှာ ယားနာလေးတွေ ပေါက်တာကို အကြောင်းပြုပြီး အမြဲတမ်း ဝူထဲဟု တွင်တွင်ခေါ်ခဲ့သော နဒီ။

ယခင်အချိန် ငယ်စဉ်တုန်းက ရှက်ရကောင်းမှန်း မသိပေမယ့် ယခု လူကြားသူကြား လှတပတလေးတွေ လိပ်ပြာမြို့တော်လို တဝဲလည် စည်ကားနေသော ဒီလို မိန်းမလှလေးတွေရှေ့မှာ ခုလို နာမည်ကို ပိုးဆိုးပက်စက် ခေါ်ခံလိုက်ရတော့ ခါးထဲမှ ဘောင်းဘီ ဆွဲချွတ်ခံလိုက်ရသလို အရှက်တွေ ဖြန်းဖြန်းကွဲလေသည်။

"နင်ကလည်း တိုးတိုးခေါ်ပါဟ၊ ဟိုမှာ ကောင်မလေးတွေ ငါ့ကိုလှမ်းကြည့်ပြီး ရယ်သွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လှည့်ကြည့်ဖြင့် ခပ်တိုးတိုးရယ်သွားသော ကောင်မလေးနှစ်ယောက်ကို မေးဆတ်ပြပြီး ခပ်ကျိတ်ကျိတ် သတိပေးလိုက်သည်။

ဒါတောင် နဒီ အရယ်မရပ်သေး၊ ရယ်သံနှောသောအသံဖြင့်. . .

"အံမယ် နင်ကျတော့ရော ငါ့ကိုဘာလို့ ပိန်ပိန်လို့ခေါ်လဲ"

"နင်က အရင်တုန်းကလို ပိန်ပိန်လေးပဲ ရှိသေးတာကိုး၊ အဟီး နာဂစ်တုန်းက နင် လွင့်ပါမသွားတာပဲ ကျေးဇူးတင်ရမယ်"

"ဝူထဲ စုတ်နော်"

နဒီ သူ့ကို ပိန်ပိန်ဟု ထပ်ခေါ်နေသော သုခကို မျက်စောင်း ခပ်ဝဲဝဲ ထိုးလိုက်သည်။

"ဒါနဲ့ နင်က ဗိုလ်ချုပ်ဈေးကို ဘာလာလုပ်တာလဲ၊ ဧကန္တ နင့်ကိုယ်ထဲက မလိုတဲ့အဆီတွေချဖို့ လေ့ကျင့်ရေးခန်းမကို လာတာလား"

"ကြည့်. . နင်နော်၊ ဒီလောက်ပိန်ကပ်နေတဲ့ ငါ့ခန္ဓာကိုယ်ထဲမှာ ဘယ်ကအဆီ ရှိရမှာလဲဟယ်"

"ဩော်. . အေး ဟုတ်သားပဲ၊ ဆောရီး. . ဒါဆို ဘာလာလုပ်တာလဲ ဈေးလာဝယ်တာလား"

"အကျီလာရွေးတာဟ၊ အခု မေမေက skincare လုပ်နေလို့ စောင့်နေတာ၊ ငါလည်း ဆံပင်ကို ပေါင်းတင်ချင်နေတာနဲ့လေ၊ ဒါနဲ့ နင်ရော မိန်းမတွေ ဘာတွေ ရနေပြီလား၊ ကလေးက ဘယ်နှယောက်ရပြီလဲ၊ နင့်မိန်းမရော လှရဲ့လား"

မေးခွန်းပေါင်းစုံကို စက်သေနတ်ပစ်သလို တရစပ် ထုတ်လွှတ်မေးနေသော နဒီ့စကားကြောင့် သုခ စိတ်လေသွားသည်။ ကိုယ့်ရုပ်က





အိမ်ထောင်သည် ကလေးအဖေရုပ်ကြီး ပေါက်နေလို့လားဟု ကိုယ့်ကိုယ်ကိုယ် သံသယဝင်ပြီး ပြန်ငုံ့ကြည့်ကာ. . .

"နင်ကလည်းဟာ စတွေ့ကတည်းက ငါ့ကို ထုနေတာ ရစရာကို မရှိတော့ဘူး၊ ငါ့မှာ အိမ်ထောင်ပြုပြီး ကလေးအဖေဖြစ်ဖို့ ကံမပါသေးလို့ ခုချိန်ထိကို ချစ်သူမရသေးတာ"

"ဒါဆို နင် ဘူပိတ်နေတာပဲ၊ ဗေဒင်လေးဘာလေး မေးပြီး ယတြာလေးဘာလေး ချေပါဦး"

"သမီး ဖုန်းပြောတာ ကြာလှပြီ ထင်နေတာ၊ ဘယ်သူနဲ့ ရပ်စကားပြောနေတာလဲ"

"အောင်မလေး. . သရဲ. . သရဲ"

ဒေါ်မြသီတာမျက်နှာမှာ ပေါင်းတင်ဆေးအဖြူတွေ အကွက်လိုက် တင်ထားပြီး အလှပြင်ဆိုင် မှန်တံခါးဝမှ ခေါင်းပြူပြီး လှမ်းမေးနေသဖြင့် သုခ ဖြုန်းခနဲ လန့်သွားပြီး ယောင်အော်လိုက်သည်။

ဒေါ်မြသီတာ သူ့ကို သရဲဟု ပြောလိုက်သော သုခကို သူ့မျက်နှာ ဖြူဖြူကြီးထဲမှ ဟောက်ပက်ဖြစ်နေသော မျက်လုံးအစုံဖြင့် မကျေမနပ်ကြည့်ကာ. . .

"ဘာ သရဲလဲကွဲ့၊ မင်းက လူကို စော်စော်ကားကား ယဉ်ကျေးမှုကို မရှိဘူး"

ဒေါ်မြသီတာ မကျေမနပ် လှမ်းဟောက်လိုက်တော့ သုခ ဇက်ပုသွားကာ ဘာမှ ဆက်မပြောရဲတော့။

"မေမေ. . ဒါ သုခလေ၊ မေမေရဲ့ မမှတ်မိဘူးလား"

"ဘယ်လို သုခ ဟုတ်လား"

"အင်းလေ မေမေရဲ့၊ အန်တီခင်ဆွေလတ်ရဲ့ သားလေ၊ သုခ



www.burmeseclassic.com

www.burmeseclassic.com



တို့ ကျောင်းအတူတူတက်ခဲ့တာလေ မမှတ်မိတော့ဘူးလား၊ လာ သုခ အထဲသွားရအောင်”

ဒီတော့မှ ဟောက်ပက်ဖြစ်နေသော ဒေါ်မြသီတာ မျက်လုံးနှစ်လုံး ပေကလပ် ပေကလပ်ဖြင့် စဉ်းစားရင်း သတိရသွားဟန်ဖြင့်. . .

“ဩော် ကိုကျော်ခေါင်၊ မခင်ဆွေရဲ့သား သုခ အကြီးကောင်က သုတ. . . အိုး မှတ်မိပြီ၊ မှတ်မိပြီ”

ဒေါ်မြသီတာ အနားကို လျှောက်လာသော သုခကို အားရပါးရ ရယ်ပြချင်ပေမယ့် ရယ်ပြ၍က မရ၊

သုခကလည်း ပေါင်းဆေးဖြူဖြူတွေ လိမ်းထားသော မျက်နှာဖြူဖြူကြီးနှင့် ဒေါ်မြသီတာကို ရုပ်မမှတ်မိပေမယ့် ပိန်ပိန်ရဲ့ အမေမို့လို့တာထက်ပိုကာ သွားဖြဲ၍ ရယ်ပြလိုက်သည်။

“မင်း အမေတွေ အဖေတွေ နေကောင်းကြရဲ့လား”

“ဖေဖေကတော့ ဆုံးသွားပါပြီ အန်တီ၊ မေမေကတော့ နေကောင်းပါတယ်၊ အခု စိန်ရောင်းနေတယ်လေ”

“ဘာစိန်လဲ၊ ဒညင်းသီး ဆားရည်စိမ်လား၊ သရက်သီးရည်စိမ်လား”

“ဗျာ. . ဘာ. . ဘာကိုမေးတာလဲ အန်တီ”

“ဩော်. . မင်းနှယ်၊ ဟို ငယ်ငယ်တုန်းကလို ထုံတုန်း အတုန်းပါလား၊ အူတိအူကြောင်နဲ့ အန်တီမေးတာ ဒညင်းသီးဆားရည်စိမ်လား သရက်သီးဆားရည်စိမ်လား ဘယ်ဈေးမှာ ရောင်းနေတုန်း”

ဒီမိန်းမကြီး မေးလိုက်ပုံကြောင့် သုခ စိတ်ပျက်လွန်း၍ အော်အော်ပြီးသာ ငိုလိုက်ချင်၏။ ဗမာစကားပဲ အဓိပ္ပါယ်လိုသလို ကောက်ခွင့် ရှိတာလား၊ ကိုယ်ဝတ်ထားသည့် ပုံစံကပဲ ချဉ်ပတ်စိမ်ရောင်းသော





ချဉ်ပတ်သည်၏သား ပုံပေါက်နေတာပဲလား။

ဒီနေ့ သုခတို့ ကံဆိုးလိုက်ပုံများ လူကြားသူကြားထဲ ငယ်ကျိုးငယ်နာလည်း အဖော်ခံရ၊ ချဉ်ပတ်စိမ်ရောင်းသည့် ဈေးသည်၏သားဟုလည်းအထင်လွဲခံရ၊ ကိုယ့်အမေ စိန်ပွဲစားလည်း ဒညင်းသီးဆားရည်စိမ်သည် ဖြစ်ရနှင့် လွဲချက်ကတော့ တစ်ဖက်ကမ်းခတ်။

အဆိုးထဲက အကောင်းပြန်တွက်လျှင်တော့ ပိန်ပိန်နှင့် ပြန်ဆုံရ၍ သုခပျော်သွားသည်ကတော့ သေချာ၏။

ပိန်ပိန်သည် ယခုထိ ပိန်ဆဲဖြစ်ပေမယ့် ပိုးဟပ်ဖြူလေးလို ပါးပါးလှပ်လှပ်လေးနှင့် ချစ်စရာကောင်းလွန်းနေတာကိုတော့ သုခ၏ ရင်ဘတ်ကြီးက ကောင်းကောင်းထောက်ခံ အဆိုပြုနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)



"ခင်ဆွေ"

"မြလေး"

"အမလေး . . မတွေ့တာကြာလို့လား မသိဘူးကွယ် ခင်ဆွေက တအားကိုရင့်ကျက်တဲ့ သားတို့အမေ ဖြစ်နေပါလားကွယ်"

ဒေါ်မြသီတာနှင့်နဒီ ကားပေါ်မှဆင်းလိုက်တာနှင့် အိမ်ပေါက်ဝမှ ပျာပျာသလဲထွက်ကြိုသော ဒေါ်ခင်ဆွေလတ်မှာ ဖက်လဲတကင်းနှင့် နှုတ်ဆက်၏။

"ဟယ် ကြည့်စမ်းပါဦး မြလေးကရော ဟိုတုန်းကလို ရှိုးရိုးကြီး





မဟုတ်တော့ပါဘူးနော်၊ သမီးလေးနဲ့ အပြိုင်လန်းနေတယ်ပေါ့ လှလိုက်တာ အပျိုလေးအတိုင်းပဲ"

ဒေါ်မြသီတာက ဟိုးအရင်ကတည်းက အမြောက်ကြိုက်သူမို့ လိုတာထက်ပို၍ မြှောက်လိုက်ခြင်းဖြစ်သည်။

"ဒါက နဒီလေးလား မတွေ့တာ နှစ်တွေမနည်းတော့ အပျိုကြီးဖားဖားကို ဖြစ်လို့ပါလား လှလိုက်တာလည်းမှုံလို့"

ဒေါ်ခင်ဆွေလတ် စကားထဲမှာ ပိန်လိုက်တာဟု ထည့်မပြောသဖြင့် နဒီမိုးမြင့်စိတ်ထဲ အနည်းငယ်တော့ နေသာထိုင်သာ ရှိသွား၏။

"လာ. . ဝင်ကြ မနက်ကတည်းက မျှော်နေတာ၊ သားပြောပြကတည်းက အရမ်းကိုတွေ့ချင်နေတာ၊ ရောက်မှတော့ အေးအေးဆေးဆေး စားပြီးသောက်ပြီးမှ ပြန်ကြရမယ်နော်"

ဒေါ်မြသီတာနှင့် နဒီ ဧည့်ခန်းထဲရှိ ဆက်တီခုံမှာ ဝင်ထိုင်လိုက်ကြသည်။

"ဒါနဲ့ ခင်ဆွေ့သားတွေရော"

"အငယ်ကောင်က ရှိတယ်၊ မြလေးတို့လာရင် စားရအောင် ချက်ပြုတ်စီမံနေတယ်လေ၊ အဟင်း. . သူက ထမင်းဟင်းချက်တာ အရမ်းဝါသနာပါတာ မြလေးရဲ့ မိန်းကလေးရှုံးအောင်ကို အိမ်မှုကိစ္စ နိုင်နင်းတယ်"

"သူက ဘာအလုပ်မှ မလုပ်ဘူးလား"

"မြန်မာစာနဲ့ ဘွဲ့ရပြီး စာရေးစားနေတယ်လေ၊ နာမည်ကြီး စာရေးဆရာတော့ မဖြစ်သေးဘူးပေါ့ ခင်ဆွေရယ်"

"သားကြီးကရော"

"သားကြီးက ရှေ့နေလေ၊ ဒီနေ့ရုံးပိတ်ရက်ပေမယ့် အမှုသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ အခင်းဖြစ်တဲ့အိမ်သွားပြီး အဓိက သက်သေသွားရှာရမယ်လို့ပြောပြီး မနက်အစောကြီးကတည်းက ထွက်သွားတယ်လေ”

ဒေါ်မြသီတာမျက်နှာ လက်ခနဲပြုံးသွားသည်။ ဒေါ်မြသီတာက သမီးအတွက် ဂုဏ်သရေရှိတဲ့ သားမက်တစ်ယောက်ကို ကျိတ်ရှာနေတာမို့ ရှေ့နေဆိုသော ဂုဏ်ပုဒ်လေးတစ်ခုကို ချက်ချင်းဆိုသလို သဘောကျသွားပြီး သားမက်တော်ရန် စိတ်ကူးယဉ်ကြည့်လိုက်သည်။

“ခင်ဆွေ့သားကြီး ဩရသက တော်လိုက်တာကွယ် မိန်းကလေးတွေကို ဝိုင်းဝိုင်းလည်နေမှာပဲနော်”

“အဟင်း ဒီလောက်လည်း မဟုတ်ပါဘူး မြလေးရယ်၊ သားက အရမ်းကို တည်ငြိမ်လွန်းတော့ တော်ရုံမိန်းကလေးမျိုးက သားအနားကို မကပ်ရဲကြဘူးလေ ချစ်သူထားဖို့လည်း စဉ်းကို မစဉ်းစားရသေးတာ”

မိန်းမမြင်လျှင် ငမ်းငမ်းတက်တတ်သော သားကြီးအကြောင်း ဘွင်းဘွင်းကြီး ဖွင့်မချချင်၍ တမင်ပင် ပိုပိုသာသာလေး ပြောလိုက်ခြင်းဖြစ်သည်။

မျက်စိထဲမှာ နဒီလေးကိုလည်း ချွေးမနေရာမှာ ပြေးထားကြည့်လိုက်သေးသည်. . မဆိုး။ ကိုယ်တွေထက်စာလျှင် အပုံတစ်ရာမက ချမ်းသာသော နဒီလေးနှင့် အသုံးအဖြုန်းကြီးသော သားကြီးသုတနှင့်ဆိုလျှင် ငါ့လက်ကလွတ် ပြွတ်ပဲ။

“ဟုတ်လား သားကြီးက ဒီအရွယ်ရောက်တာတောင် ချစ်သူရီးစား မထားဘူးသေးဘူးဆိုတော့ တော်တော်ကို ရိုးသားတာပဲ”

ဒေါ်မြသီတာ စိတ်ထဲမှာလည်း တော်တော်လေး သဘောခွေ့သွားသည်။ ဒီလို ပညာတတ် ဂုဏ်သရေရှိသော အမျိုးကောင်းလေးကိုသာ သားမက်တော်ခွင့်ရလိုက်လျှင် သမီးတစ်သက်စာ နောင်ရေး





စိတ်အေးရတော့မည်။

ဒေါ်မြသီတာမှာ သမီးလေးအတွက် ဘာမဆို အရာရာကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိပေမယ့် သမီးဘဝရှေ့ရေး လက်တွဲရမည့် အဖော်မွန်ကို ခုချိန်ထိ ရှာ၍စိတ်တိုင်းမကျသေး။

ဒီကောင်လေးကိုသာ သားမက်တော်ပြီး မြေတောင်မြှောက်ပေးလိုက်လျှင် ကိုယ့်သမီးဟာ တစ်ချိန်မှာ တရားသူကြီးကတော် ဖြစ်ရချေရဲ့။

အမေနှစ်ယောက် ဝမ်းတွင်းအကြံတွေနှင့် ကျိတ်ပြီးပြုံးနေကြသည်။

“ရိုးတာကတော့ ပြောမနေနဲ့ အကြီးရော အငယ်ရော ရိုးရိုးကျင့် မြင့်မြင့်ကြည်သမားတွေ၊ အဲ. . အဲလေ မြင့်မြင့်ကြံသမားတွေလေ အဟင်းဟင်း”

ဒေါ်ခင်ဆွေလတ် သူ့စကား အရှိန်လွန်သွား၍ တဟင်းဟင်းဖြင့် အရှက်ပြေ ရယ်ပြ၏။

“ဒါနဲ့ သမီးလေးကရော ချစ်သူတွေ ဘာတွေရှိနေပြီလား”

ဒေါ်ခင်ဆွေလတ် မသိမသာ တီးခေါက်သည်။ နဒီ ခစ်ခနဲရယ်သံထွက်ကာ ခေါင်းလေးငုံ့သွားသည်။

“သမီးက သိပ်ပြီး အရှက်အကြောက်ကြီးတာ သူ့မှာ အပေါင်းအသင်း သူငယ်ချင်းကလည်း များများစားစား မရှိဘူးလေ ရည်းစားထားဖို့ စဉ်းတောင်မစဉ်းစားဘူး”

ဒေါ်မြသီတာကလည်း အားကျမခံ ကိုယ့်သမီးကို စန်းပြန်တင်လိုက်သည်။

“ဒါမျိုးမှ မိန်းမပြတ်စာရင်းဝင်ပြီး အဖိုးမဖြတ်နိုင်တဲ့ ရတနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးလို့ မိဘတွေ ဈေးတင်ရကျိုးနပ်တော့မှာပေါ့ကွယ်၊ အန့်တီက လေ သမီးလေး သိပ်လိုချင်ခဲ့တာ. . မွေးလာတော့ သားတွေဆိုတော့ ကိုယ့်သားတွေ အိမ်ထောင်ပြုတော့မှပဲ ချွေးမလေးတွေကို ကိုယ့်သမီး အရင်းလေးလို ချစ်ရတော့မှာ”

ဒေါ်ခင်ဆွေလတ် စကားခေါ်လေပြီ ဒေါ်မြသီတာကလည်း အားကျမခံ. . .

“အမလေး မြလေးကလည်း ဒီလိုပါပဲ ခင်ဆွေရယ်၊ ငယ်ငယ်ကတည်းက သားကို ခရေဇီဖြစ်တဲ့ မိခင်ပါ၊ သားမမွေးပဲ သမီးမွေးလာတော့လည်း ကိုယ့်စိတ်ကိုယ် ဘယ်လိုပြန်ဖြေရတယ်မှတ်သလဲ အဟင်း၊ ဩော်. . . ငါ့သမီးလေး အချိန်တန်အရွယ်ရောက်တော့မှ သူယူတဲ့ ယောကျ်ားကို ကိုယ့်သားလိုပဲ အတိုးချချစ်တော့မယ်လို့ ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး ချွေးသိပ်ရတာ၊ ဖြစ်ချင်တော့ သမီးကလည်း ခုချိန်ထိကို အိမ်ထောင်ပြုဖို့ မပြောနဲ့ ချစ်သူတောင် မရှိသေးဘူးလေ၊ ဒီတော့. . မခက်ဘူးလား ခင်ဆွေရယ်. . အဟင်း. . ဟင်း. . ဟင်း”

ရွှေလမ်းငွေလမ်းကို အထာလေးတွေနှင့် မသိမသာ ဖောက်ထွင်းနေကြသော အမေနှစ်ယောက်ကို ကြည့်ပြီး နဒီစိတ်ထဲမှာ ခပ်လှောင်လှောင်ရယ်မိ၏။

မေမေက သူ့ကို သုခနှင့် နေရာချပေးချင်၍ ခုလို စကားခေါ်ပြီး သားမက်တောင်းခန်း ဖွင့်နေတာထင်ပါရဲ့၊ သို့သော် ထိုစကားဝိုင်းထဲတွင် သုခအကြောင်းကို နည်းနည်းပဲ ပြောသည်။ သူတအကြောင်းကို အသားပေး ပြောဆိုနေကြသည်။ ဒေါ်ခင်ဆွေလတ် စကားတွေပြောနေရင်းမှ အိမ်အတွင်းခန်းဘက်ကို လှမ်းကြည့်ကာ. . .

“သားရေ အားလုံး အဆင်သင့်ဖြစ်ပြီလား”





“ပြီးတော့မယ် မေမေရေ၊ ခဏလေး”

သုခ မီးဖိုခန်းထဲမှ အသံလှမ်းပြု၏။

“အိမ်မှာ သားငယ်လေးကလည်း အရမ်းကို အချက်အပြုတ် ဝါသနာပါတာလေ၊ သမီးနဲ့ မြလေးကို သူ့လက်ရာ ကျွေးချင်လို့ဆိုပြီး မနက်ကတည်းက မီးဖိုခန်းထဲကကို မထွက်သေးတာ”

ဒေါ်ခင်ဆွေလတ် သုခကို အမွှမ်းတင်နေတုန်း ရှိသေးသည်။ သုခ အိမ်အတွင်းခန်းထဲကနေ ထွက်လာသည်။ သုခပုံစံက ခါးမှာချည်ထားသော အေပရွန်ကြောင့် တကယ့်စားဖိုမှူးတစ်ယောက်လို ဟင်းချက်တာတောင် စတိုင်ကျသည်။

“အန့်တီ ဗိုက်အရမ်း ဆာနေပြီလား၊ အဟဲ ပြီးပါပြီနော်၊ ပိန်ပိန်နင် ငါ့လက်ရာကို အများကြီး အားပေးရမှာနော်”

သုခ လက်မလေးထောင်ကာ နဒီ့ကို အရယ်မျက်နှာဖြင့်ပြောတော့ ဒေါ်မြသီတာ အရယ်အပြုံး သိပ်မရှိသော မျက်နှာအမူအရာမျိုးဖြင့် ရပ်တည်သွားသည်။ ကိုယ့်သမီးကို ပိန်ပိန်လို့ခေါ်သော သုခကိုလည်း နည်းနည်းတော့ ချဉ်သွားသလို ဖြစ်မိသည်။

“ဟဲ့ သား. . ဘာလို့ အဲဒီနာမည်ကို ခေါ်နေရတာလဲကွယ်၊ နဒီလေး ရှက်သွားဦးမယ်”

“သားက သူ့ကို အဲဒီနာမည်ခေါ်မှ ငယ်ငယ်တုန်းက အငွေ့အသက်လေး ပြန်ခံစားရတယ်လို့ စိတ်ထဲမှာ ထင်မိလို့ပါ မေမေရာ၊ သူလည်း သားကို ဝူထဲလို့ ခေါ်တာပဲ၊ လူရှေ့သူရှေ့ အခေါ်ခံရရင်သာ ရှက်တာ. . မိသားစု အချင်းချင်းကတော့ မရှက်ပါဘူး၊ ဟုတ်တယ် မဟုတ်လား ပိန်ပိန်”

နဒီ ရှက်ပြုံးလေးဖြင့် ခေါင်းကို ခပ်သာသာညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနာမည်ကို အားလုံးထဲမှာမှ သူခတစ်ယောက်ကိုသာ ခေါ်ခွင့်ပြုထားသည်ပဲ။









# အခန်း (၆)

"ဆရာ . . အပြင်မှာ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်၊ အမှုအပ်မလို့ ထင်တယ်"

မောင်ကြီးအသံကြောင့် နေ့ခင်းက ငါးသလောက်ပေါင်းအရှိန်ကြောင့် လေးလံနေသော မျက်ခွံတွေကို အတင်းဖြဲရဲဖွင့်ခိုင်းကာ ကျိုးကျနေသောဇက်ကို ပြန်မတ်ခိုင်းရသည်။

"အင်း . . ခေါ်လိုက်လေ၊ ဝှါး . . ငိုက်လို့ကောင်းနေမှ အလုပ်က ဝင်လာတယ်"

မောင်ကြီး ရုံးခန်းအပြင် ပြန်ထွက်သွားမှ ဖရိုဖရဲဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပုံအင်္ကျီကို ဆွဲဆန့်ပြီး ဆံလည်ထိုင်ခုံမှာ ခပ်မတ်မတ် ပြန်ထိုင်လိုက်သည်။

ရုံးခန်းထဲသို့ ဝင်လာသော ခေတ်မီမီ ဝတ်စားဆင်ယင်ထားသော အမျိုးသမီးကြီးကို ခေါင်းတစ်ချက် ဆတ်ပြပြီး ဝင်ခဲ့ဖို့ ဖိတ်ခေါ်လိုက်သည်။ ကိုယ့်လို လူမှုရေးရှေ့နေဆီရောက်လာသည့် အမှုသည်တွေ၏ ပြဿနာအကြောင်းအရင်းအားလုံးသည် လူမှုရေးပြဿနာတွေ ရှုပ်ထွေးကြ၍သာ သူ့ဆီ အမှုအပ်ဖို့ လာကြသည်ဆိုတာ ကြိုတွေးပြီးသား။

"ကျွန်တော် ဘာကူညီရမလဲ မမ"

အမျိုးသမီးကြီးသည် အသက်လေးဆယ်ခန့်ရှိပြီး သုတကိုမြင်တော့ ပြီတီတီ မျက်နှာဖြင့် ရယ်ပြပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"မမကလေ ဦးသုတဆိုလို့ အသက်ကြီးကြီး ဗိုက်ရွှဲရွှဲနဲ့ပဲ ထင်နေတာ၊ ခုတော့လည်း အငယ်စားလေးပါလား. . ချောလိုက်တာ"

လိုရင်းကိုမပြောပဲ မဆိုင်တာတွေ ပြောနေသဖြင့် သုတ ရုပ်တည်ကြီးလုပ်ကာ ချောင်းတစ်ချက် ဟန့်လိုက်ပြီး. . .

"ကျွန်တော် ဘာကူညီပေးရမလဲ ခင်ဗျာ၊ မမ လိုရင်းကို မြန်မြန်ပြောလေ အချိန်မရှိဘူး"

"သြော် အေးပါကွယ်၊ ဟိုလေ မမကလေ မမယောကျ်ားကို ကွာရှင်းချင်လို့ပါ၊ အဲဒါ သူက မကွာပေးဘူး ဖြစ်နေတယ်ကွယ်"

"ဗျာ. . အဲဒါဆိုရင် တရားရုံးမှာ ဦးတိုက်လျှောက်လိုက်ပါလား၊ ဒီလိုကိစ္စမျိုးကျတော့ နှစ်ဦးသဘောတူရင် ကျွန်တော်နဲ့တင် ပြီးလို့ရပေမယ့် နှစ်ဦးနှစ်ဖက်ကွာရှင်းဖို့ မကျေလည်ရင်တော့ တရားခွင်မှာ ဆုံ





တွေ့ပြီး ကွာရှင်းဖို့ ညှိနှိုင်းရမှာပါ"

"အကယ်၍ ကျွန်တော့်ကို အစ်မဘက်က ဌားရမ်းပြီး လျှောက်လွှဲချက်တွေ ပေးနိုင်ဖို့ဆိုရင်တော့ အဆင်ပြေပါတယ်"

"အို. . ဘာပဲဖြစ်ဖြစ် မမကတော့ ဘယ်လိုပုံစံနဲ့ပဲ ဖြစ်ဖြစ် ဒင်းကို ကွာရှင်းမှကို ရမှာ၊ ဒါကြောင့် မမက မင်းကို အိုးကားပါတယ်ကွယ်"

"ဗျာ. . ဘာ. . အိုးကားတာလဲ"

"သြော်. . အားကိုးတယ်လို့ ပြောတာပါကွယ်၊ အဟင်းဟင်း ဟိုလေ မမက ဒင်းကို တရားသူကြီးရှေ့မှာ ကွာရှင်းဖြစ်အောင်ကို ကွာရှင်းမယ်"

လိုတာထက်ပိုပြီး တည်တည်တံ့တံ့မရှိသော ထိုအမျိုးသမီးကြီးကိုကြည့်ပြီး သုတ စိတ်လေသွားသည်။

"ရှေ့နေလေးက မမရဲ့ အိမ်ထောင်ရေး ဘာကြောင့်အဆင်မပြေဖြစ်ပြီး ခုလိုကွာရှင်းချင်ရတာလဲလို့ မမေးတော့ဘူးလား၊ မမ ပြောပြချင်တာမှ တအားပဲကွယ်"

မိတ်ကပ်ပြာနှမ်းနေအောင် လိမ်းထားသော ဟောက်ပက်ပက် မျက်နှာကြီးကို အစွမ်းကုန်မဲ့ကာ သူ ဇာတ်ထုတ်ခင်းပြချင်နေသော ထိုအမျိုးသမီးကြီးကို အလုပ်သဘောအရ ခပ်ဖျော့ဖျော့ပြုံးပြပြီး. . .

"အင်းလေ မမပြောကြည့်ပါ"

"မမယောကျ်ားနဲ့ မမရဲ့ ကြားထဲမှာ ချစ်ခြင်းတရားတွေ ဆိတ်သုဉ်းပြီး သံသယတွေ ဖြစ်တင်တာတွေပဲ အမုန်းထုကြီးလို တံတိုင်းခြားပြီး ခုတော့ သူနဲ့ပတ်သက်ပြီး ချခဲ့ရတဲ့ ရင်ခုန်သံတွေ အရင်လို မလတ်ဆက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားလမ်းကြောင်း ဦးတည်နေတာက ဘာကို ရည်ရွယ်နေမှန်းမသိ၊ သို့သော် လေရှည်နေမည်စိုး၍ အသာပင်ငြိမ်၍ နားထောင်နေလိုက်သည်။

"ဒါကြောင့် မမနဲ့ သူ့ကြားမှာ အိမ်ထောင်ရေး ဂယက်တွေ ရိုက်ခဲ့ရတယ်၊ သူကလေ မမကို အသုံးအဖြုန်းကြီးတယ်ဆိုပြီး အပြစ်တင်တယ်၊ မောင်လေး စဉ်းစားကြည့်ပါကွယ်၊ ဒီခေတ်ကြီးမှာ သဘော်သားတစ်ယောက်ရဲ့ ဝင်ငွေက ပိုင်းစုခိုင်သိန်းရဲ့ 'မက်လောက်စရာ ဘာမှမရှိ' ဆိုသလိုပေါ့ကွယ်၊ ဒီကြားထဲ သူရှာတဲ့ ငွေတွေကို မမက အလကားသက်သက် ဖြုန်းတီးတယ်ဆိုပြီး မမကို ပြဿနာရှာတယ်လေ"

"အမှန်တော့ မမက ဆွေမျိုးညာတကာကို ပေးကမ်းလှူဒါန်းခြင်းသည် မင်္ဂလာတရားတော်နှင့် ညီသည်ဆိုတဲ့စကားအတိုင်း မမရဲ့ ဆွေမျိုးတွေကို သူ သဘော်တက်တုန်း မမ အဖော်ရအောင် အိမ်မှာ ခေါ်ထားမိလိုက်တယ်လေ"

"အဲဒီမှာတင် မမတို့ ပြဿနာက ပိုကြီးတော့တယ်၊ မမခေါ်ထားတဲ့ ဆွေမျိုးတွေက နည်းတာမဟုတ်ဘူးတဲ့၊ တစ်ရပ်ကွက်တောင် တည်လို့ရတယ် ဆိုပြီးတော့ မမနဲ့သူနဲ့ ညတိုင်း အင်တာနက်မှာ ရန်ဖြစ်ကြတယ်"

ထိုမိန်းမ လက်ဟန်ခြေဟန်နှင့် ပြောနေပုံက တကယ့်ကို စိတ်ဝင်စားစရာ ကောင်းနေပုံ. . အလုပ်သဘောအရဆိုတော့ သုတ စိတ်ဝင်စားစား မစားစား နားထောင်ရမှာပင်၊ ထို့ကြောင့် တဖြည်းဖြည်း ငိုက်မျည်းချင်လာသော မျက်ခွံတွေကို အားတင်းပြီး ဖွင့်ဖြဲထားရ၏။

"မမအမျိုးကလည်း သိပ်မများပါဘူးကွယ်၊ ဆယ်တန်းကျောင်း





သားက ငါးယောက်၊ ဆေးကျောင်းတက်နေတဲ့ တူလေးက နှစ်ယောက် စီးပွားရေး တက္ကသိုလ် တက်နေတဲ့ တူမလေးက သုံးယောက်၊ နောက်ပြီး မမရဲ့ ညီမမိသားစုက ခြောက်ယောက်နဲ့ အသက်ကြီးပြီး ယောင်ခြောက် ဆယ်လုပ်နေတဲ့ ဦးလေးက နှစ်ယောက်၊ မမရဲ့ မိဘက လေးယောက်"

"ဗျာ. မမ မိဘက လေးယောက်ဟုတ်လား၊ ဟို ယောက္ခမပါ အပါအဝင်လား"

"အို ယောက္ခမက သေသွားတာကြာပေါ့၊ ခုဟာက မမမှာ အမေနှစ်ယောက် အဖေနှစ်ယောက် အဖေ့ရဲ့ နောက်မိန်းမကလည်း မိထွေးဆိုပေမယ့် အမေပဲ မဟုတ်လား၊ အမေ့ရဲ့ နောက်ယောကျ်ားက လည်း ပထွေးဆိုပေမယ့် မမကို သမီးအရင်းနဲ့ မခြားဘူး ချစ်တာလေ"

"ဪ. . အံ့. . အံ့ဩစရာပဲနော်၊ စည်းရုံးကြတာကိုး"

သုတ နားထောင်ရင်းနှင့် ခေါင်းတွေလည်လာသည်။ သပွတ်အူထဲက အရှုပ်တော်ပုံကို အလုပ်မရှိ အကိုင်မရှိ အားအားယားယား ထိုင်နားထောင်ရကိန်း ဖြစ်နေပြီ။ အင်းလေ တကယ်လည်း ရုံးခန်းထဲမှာ အလုပ်ပါး၍ ထိုင်ပြီး ငိုက်မျဉ်းနေရသေးတာပဲ။

"ဒီကြားထဲ ပထွေးက သားအိမ်ကင်ဆာဖြစ်နေပြီး မိထွေးက အသည်းကင်ဆာ ဖြစ်နေတာလေ"

"အမ်. . အဲ. . မမ ဘယ်. . ဘယ်လို ပထွေးက ယောကျ်ားကြီးလေ၊ ဘာအတွက်ကြောင့် သားအိမ်ကင်ဆာရမှာလဲ၊ မိထွေးကရော အရက်သောက်လို့လား၊ အသည်းကင်ဆာ ဖြစ်ရအောင်"

သုတ စိတ်မဝင်စားပေမယ့်လည်း ယောကျ်ားက ဘယ်လိုလုပ် သားအိမ်ကင်ဆာ ဖြစ်ရမှာလဲ. . ထို့ကြောင့် ဝင်၍ ထောက်လိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ငါ့မောင်ကလည်း မမပထွေးက ယောက်ျားလျာလေ၊ ယောက်ျားလျာမှာ သားအိမ်ရှိတယ် မဟုတ်ဘူးလား"

"အဲ. . အင်း. . ဒါ. . ဒါပေါ့"

သုတ စိတ်လေသွားသည်။

"မိထွေးကျတော့လည်း နော်ကတတ်လေ၊ အရက်အရမ်းကြိုက်တာ၊ ကိုကြီးကျော်တို့ရဲ့ မင်းကြီးမင်းလေးတို့နဲ့ သောက်ဖော်သောက်ဖက်၊ ဒီတော့ အသည်းကင်ဆာမဖြစ်ပဲ နေတော့မလား၊ ခုတော့ ဂိနေလို့ မမ ဆေးကုနေရတယ်လေ"

သုတ နားထောင်နေရင်းမှ သူ့နဖူးသူ အံ့ဩစွာ ရိုက်လိုက်လေတော့၏။

"သူတို့အားလုံးကို မမက တာဝန်ယူ ကျွေးမွေးစောင့်ရှောက်ဆေးကု ပညာသင်နဲ့ တစ်လတစ်လ ကုန်ကျငွေက သိန်းတစ်ရာကျော်အထက်မှာ ရှိတယ်လေ၊ ဒီတော့ မမယောက်ျားက မမကို သူတို့နဲ့ပတ်သက်ပြီး ငြူစူတယ်အမှန်ဆိုရင် ကိုယ့်မိန်းမက မင်္ဂလာတရားတော်နဲ့အညီ၊ သူ ရှာဖွေသမျှ ပိုက်ဆံတွေကို အကျိုးရှိရှိ ပေးကမ်းစွန့်ကြဲပေးတာကို သူက ကျေးဇူးမတင်ဘဲနဲ့ မမကို အပြစ်တင်တယ်လေ၊ ကောင်းသလား မောင်လေးရယ် စဉ်းစားကြည့်ပါ"

"ဗျာ. . အင်း. . အင်း. . ဟုတ်. . ဟုတ်ကဲ့"

"ဒါကြောင့် မမကို ကျေးဇူးမတင် ဖင်လှန်ပြတဲ့ယောက်ျား၊ မမအသည်းထဲမှာ တဆစ်ဆစ်နဲ့ နေအောင်ကိုနာတယ်၊ သူ့လို သဘောထားမပြည့်ဝတဲ့ ယောက်ျားကို မမ မပေါင်းသင်းပါရစေနဲ့တော့ကွယ်၊ မမကို စာနာပါ၊ နားလည်ပါ၊ မျှဝေခံစားပေးပါကွယ်၊ ပြီးရင် မမကို ဖြေသိမ့်စကားလေးပါ အဆစ်ပြောပေးပါကွယ်၊ အီး. . အင့်. . အင့်"





ပြောရင်း မျက်ရည်လုံးကြီးတွေ ပေါက်ခနဲ ပေါက်ခနဲ ကျလာပြန်သည်။ သုတ စိတ်လေလေနှင့်ပင် သက်မမောကို မဟားတရား ချရင်း တစ်သျှူးဘောက်စ်ထဲမှ တစ်သျှူးတစ်ရွက်ကို ဆွဲယူပြီး ပေးလိုက်သည်။

ထိုမိန်းမကြီး လှမ်းယူကာ သူ့နှာခေါင်းမှ နှာရည်တွေကို ဗျစ်ခနဲ ညှစ်ထုတ်လိုက်သည်။

ထိုစဉ် ရုံးခန်းထဲသို့ နောက်ထပ် လိပ်ပြာမလေးတစ်ယောက် ခွင့်မတောင်း ဘာမတောင်းဖြင့် ဝင်လာပြန်သည်။

အိပ်ချင်စိတ်တွေ ခေတ္တတော့ ပြေပျောက်သွားသည်။

"အန်တီလေး. . အန်တီလေး"

ရုံးခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာသော အလှပဂေးလေးကြောင့် သုတ မျက်လုံးကျွတ်ကျမတတ် ကြည့်လိုက်သည်။

"အန်တီလေးရယ် ကလျာ လိုက်ရှာလိုက်ရတာ၊ ဒီရွှေ့မှာ အန်တီလေးကား ရပ်ထားတာ တွေ့လိုက်လို့ပေါ့"

"ဒီမှာ ရွှေ့နေလေးကို အမှုလာအပ်နေတာလေ"

"အိုမဟုတ်တာ၊ ဘာတွေ လျှောက်လုပ်နေတာလဲ၊ ဆရာဝန်ကြီးက အန်တီလေးကို ကားလုံးဝမမောင်းရဘူးလို့ ပြောထားတယ်လေ"

"အန်တီလေးက ကားမမောင်းပါဘူး၊ အန်တီလေးကို ကားက မောင်းလာတာ၊ မယုံရင် ရွှေ့နေလေးကို မေးကြည့်၊ ဟုတ်တယ်နော် မောင်လေး"

ကပေါက်တိ ကပေါက်ချာတွေ ပြောနေသော ထိုအမျိုးသမီးကြီး၏ စကားတွေက မူသိပ်မမှန်ချင်တော့။

"ဆောရီးပါရှင် ကျွန်မအန်တီလေးကလေ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ထိုအမျိုးသမီးကြီး မမြင်အောင်၊ နားထင်ကို လက်ညှိုးထိုးပြီး လက်ခါပြသဖြင့် သုတ မှန်းချက်နှင့်နှမ်းထွက် သိပ်မကိုက်တော့၊ တစ်နေကုန် အမှုသည်မလာရင် အိပ်တောင် ငိုက်နေရသည့်အဖြစ်၊ လာမည့်လာတော့လည်း လင်တရူး ဂေါက်ကြောင်ကြီး ဖြစ်နေ၍ စိတ်ရှုပ်လက်ရှုပ် နားထောင်ပေးခဲ့ရသည့် အချိန်တွေကိုပင် နှမြောသွားမိသည်။

"လာပါ အန်တီလေးရယ်၊ နောက်မှ ရှေ့နေကို အလုပ်လာအပ်ပါနော်၊ အခု ဆရာဝန် လာတော့မှာလေ၊ အန်တီလေး အိမ်မှာရှိမှ ဖြစ်မှာပေါ့"

"ဟင့်အင်း . . ငါ မကုဘူး၊ ငါ မရူးဘူး၊ မောင်လေး မမပြောလို့ မပြီးသေးဘူးနော်၊ ဆရာဝန် အာဘွားပေးတာသွားခံပြီးရင် မောင်လေးဆီ ပြန်လာမယ်၊ မမကို ကွဲပေးနော်၊ နော်လို့"

"တောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့နော်"

ကောင်မလေး မျက်နှာငယ်လေးနှင့် သုတကို တောင်းပန်သွားကာ ထိုလင်တရူးမကြီးကို ရုံးခန်းထဲမှ အတင်းဆွဲခေါ်ဖို့ ကြိုးစားသည်။

"ရပါတယ်၊ ကိစ္စ မရှိပါဘူး"

"ကျွန်မနာမည် ကလျာချောချောစုပါ ရှေ့နေကြီး"

မျက်ဝန်းလက်လက်လေးဖြင့် သူ့ကိုယ်သူမိတ်ဆက်သွားသော ကလျာချောချောစုကို သိမ်မွေ့နူးညံ့သော အပြုံးမျိုးဖြင့် နားလည်မှုအပြည့်ထည့်ကာ ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော့်နာမည် သုတပါ"

"ရှင် . . ကတာ ဝါသနာပါရင် ကျွန်မတို့ကလပ်ကို လာဖို့ ဖိတ်ပါတယ်"





ကောင်မလေး သူ့ဘောင်းဘီအိတ်ကပ်ထဲမှ လိပ်စာကတ်ကလေးကို ထုတ်ပေးခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)



"ဒါ ဒီနေ့ နဒီတို့သားအမိတွေ လာလည်ကြတယ်ဆို"

စိတ်ဝင်တစား မေးလာသော သုတအမေးကြောင့် သုခ ချဉ်တူးတူးမော့ကြည့်ပြီး လက်ထဲမှ ဖတ်လက်စစာအုပ်ကို ဖျတ်ခနဲ ပိတ်လိုက်သည်။

"ဘာလုပ်မလို့လဲ၊ နဒီ့ကို ဇာတ်လမ်းလုပ်ဦးမလို့လား"

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ၊ နဒီအပေါ် နှမြောတွန့်တိုသွားသလို ခံစားမိလိုက်သည်။

သုတ မချိုမချဉ်မျက်နှာဖြင့် တဟဲဟဲရယ်ရင်း. . .





"သူက ချောလို့လား၊ ငယ်ငယ်တုန်းကလို စုတ်ချွန်းချွန်း ပိန်ကပ်ကပ်လေးပဲ မဟုတ်လား"

"ဟုတ်တယ် ပိန်ရုံတင် မဟုတ်ဘူး၊ တီဘီရောဂါပါ ဖြစ်နေတာ"

သုခ ရွဲ့ပြောလိုက်သည်။ သုတ တကယ်ထင်ပြီး မျက်ခုံးနှစ်ဖက်မြင့်တက်သွားကာ. . .

"ဟာ. . သနားပါတယ်ကွာ၊ သူ တီဘီဆေး ခြောက်လသောက်ရမှာပေါ့၊ ဒါဆို ဒီနေ့ သူစားသွားတဲ့ ပန်းကန်တွေ ဇွန်းတွေကိုရော ရေနွေးတွေဘာတွေနဲ့ သေချာဆေးကြောရဲ့လား"

သုတ အမြဲကျမ်းမာနေသူမို့ တပါးသူဆီက ရောဂါပိုးတွေကူးမှာကို အလွန်စိုးရိမ်ကြီးသောသူဖြစ်သည်။

ထို့ကြောင့်. . . လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး မေးခြင်းဖြစ်သည်။

"သေချာဆေးထားပါတယ် ကိုသုရာ၊ အဲ. . ဒါပေမယ့် နဒီမှာ အဲဒီရောဂါ ရှိတယ်ဆိုတာကို မေမေ လုံးဝမသိဘူး"

"ဒါဆို မင်းကို သူ ပြောပြတာလား"

"ဟာ. . ဘယ်ကလာ ပြောရမှာလဲ. . မပြောဘူး၊ ညီ့ ဘော်ဒါတစ်ယောက်ပြောတာ၊ သူ့အစ်မဆီမှာ နဒီက ဆေးကုနေကျလေ"

"ဟွန်း ဒါဆို သူ အိမ်လာရင်ပဲဖြစ်ဖြစ် လမ်းမှာတွေ့ရင်ပဲဖြစ်ဖြစ် သူနဲ့ ခပ်ဝေးဝေးနေတော့ တီဘီရောဂါဆိုတာ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးတာ၊ သနားပါတယ်ကွာ. . ဒါကြောင့် သူ့ခန္ဓာကိုယ်က အမြဲတမ်း ပိန်လှီနေတာ. . စက္ကူလေးတစ်ရွက်တောင် မစုတ်ဖြဲနိုင်တဲ့ ချိနဲ့နဲ့ပုံလေး. . ."



www.burmeseclassic.com

www.burmeseclassic.com






ချောလားလှလားဟု အရင်မိန်းကလေးတွေလို ငမ်းငမ်းတက် မေးဖို့ နေနေသာသာ လူချင်းတွေ့လျှင်တောင် ခပ်လှမ်းလှမ်းမှ နှုတ်ဆက်တော့မည့် အနေအထားမျိုး . အဖြစ်သည်းနေသော သူတကို ကြည့်ပြီး သူခ လိမ်ရကျိုးနပ်သွားသည်။

ဒါမှ သူခ ပိန်ပိန့်ကို တစ်ဦးတည်း လွတ်လွတ်လပ်လပ် ကျိတ်ပိုးခွင့်ရမှာလေ၊ တစ်ခါမှ ချစ်သူထားခွင့် မကြုံသေးတဲ့ ကိုယ့်အဖို့ ကံကြမ္မာရဟတ် တစ်ဖန်ပြန်လည်ရာမှ တွေ့ဆုံခွင့် ပြန်ရခဲ့သော ပိန်ပိန်ကို ရင်ထဲက နေရာနက်နက်တစ်ခုမှာ ဘုမသိဘမသိ သိမ်းထားလိုက်မိသည်။

ကိုယ့်ရင်ထဲက ပိန်ပိန်နှင့် ပတ်သက်သည့် ခံစားချက်ကို ဒီ





တစ်ခါတော့ ကိုသုကို ရင်မဖွင့်တော့၊ အရင်မိန်းကလေးတွေတုန်းက ရင်ထဲမှာ စိတ်ကစားသလိုလို ဖြစ်မိတိုင်း တစ်ဦးတည်းသော အတိုင်ပင်ခံ ကိုသုကို ရင်ဖွင့်ပြောပြသည်။ ထိုသို့ ပြောပြသည့်အခါတိုင်း ကိုသုက အစ်ကိုကြီးတစ်ယောက်၏ ဂိုက်ဖမ်းကာ သင့်တော်၏ မသင့်တော်၏ ဝေဖန်အကဲခတ်ပေး၏။

ထိုသို့ ဝေဖန်အကဲခတ်ပေးတိုင်း ထိုမိန်းကလေးအား ရစရာမရှိအောင် ဝေဖန်ရှုံ့ချသည်။ ပြီးလျှင် သူခမသိအောင် သူ့ဂုဏ်အရှိန်အဝါကိုသုံးပြီး ဖြတ်ခုတ်သွားတော့သည်။

ထို့ကြောင့် ပိန်ပိန်အလှည့်ကျတော့ သူခ နပ်သွားပြီ။ နဒီပိန်တာကို အကြောင်းပြုပြီး ရောဂါသည်လေးအဖြစ် သရုပ်ဖော်ပေးလိုက်တော့ သူ ပိန်ပိန်နားကို လုံးဝကပ်တော့မည်မဟုတ်။

ပိန်ပိန်ရေ နင်ငါ့ကို စိတ်မရှိနဲ့ဟ ငါ့အစ်ကိုက တကယ်တော့ အချစ်ဗီလိန်တစ်ကောင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"ဟယ်. . . သမီးလေး၊ ဖုန်းမဆက် ဘာမဆက်နဲ့ မေမေ ဘာခိုင်းလိုက်လို့လဲ"

"မေမေ. . နောက်က လိုက်လာလိမ့်မယ် အန်တီ"

ထမင်းစားခန်းထဲ တန်းတန်းမတ်မတ် ဝင်လာသော နဒီကို ဒေါ်ခင်ဆွေလတ် ထမင်းစားရင်းမှ တအံ့တဩ မေးလိုက်သည်။

သုတရော သုခရော ဝင်လာသော နဒီကို လှည့်ကြည့်ကြသည်။ သုခ ထိုင်ခုံမှထကာ နဒီစားရန် ထမင်းပန်းကန်တစ်ချပ်ကို ပန်းကန်စင်မှ လှမ်းယူလိုက်ပြီး. . .

"လာ. . ပိန်ပိန်၊ ကြုံတုန်းတစ်ခါတည်း စားသွား၊ ဒီနေ့ နင်





ကြိုက်တဲ့ ကြက်ဘူးသီးနဲ့ ငပိထောင်း ငါးခူကြော်နှပ်"

သုခ ထမင်းအုပ်ထဲမှ ထမင်းတွေ အတင်းခူးတော့၏။

"လာ. . သမီး ဝင်ထိုင်၊ ဒီနေ့ အန်တီ့လက်ရာလေး စားသွားလိုက်"

"ဟင့်အင်း နဒီ မစားတော့ပါဘူး၊ ဗိုက်လည်း မဆာဘူး"

နဒီငြင်းသည်။

"ငပိန်မ. . နင် အဲလိုမစားလို့ ပိန်နေတာ၊ လာ. . မရှည်နဲ့ ခုလာစား၊ မစားရင် ငါကိုယ်တိုင် ဖမ်းချုပ်ပြီး ခွံ့ကျွေးမယ်"

လောကွတ်ချော်နေသော အမေနှင့် သုခကိုကြည့်ပြီး သုတ အလိုမကျ ဖြစ်နေသည်။ ဒီကောင်မလေး တီဘီရောဂါ ဖြစ်နေတာကို သုခ သိနေလျက်နှင့် အိမ်သားတွေကို ကူးစက်အောင် ထမင်းဝိုင်းထဲ ဝင်စားခိုင်းနေသော သုခကို သုတ တနုံ့နုံ့နှင့် လက်သီးဖြင့် ပိတ်ထိုးချင်စိတ်တောင်ပေါက်၏။

မကျွေးနဲ့ဟု ပြောပြန်ရင်လည်း လူမှုရေးအရ ရိုင်းစိုင်းရာ ကျဦးမည်။ ထို့ကြောင့် အသံတိတ်စနစ်ဖြင့်ပင်. . .

"အောင်မလေး နာတယ်ဗျ"

ခြေထောက်ကို ဖိနင်းခံရသောကြောင့် သုခ ထအော်တော့သည်။ အော်တာမှ လိုတာထက်ပင် ပို၍ အော်နေသေးသည်။

"ဟဲ့. . သား ဘာဖြစ်တာလဲ"

ဒေါ်ခင်ဆွေလတ် အလန့်တကြား မေးသည်။

ထိုင်ခုံမှာ ဝင်ထိုင်အံ့ဆဲဆဲ နဒီ တွန့်ခနဲ ဖြစ်သွားသည်။ သုခ မျက်နှာကြီး ရှုံ့မဲ့စွာ သုတကို ပြူးကြည့်သည်။ သုတ သူ ဘာမှမသိဟန်ဖြင့် သူ့ထမင်းသူ ဆက်စားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာမှ မဖြစ်ဘူး မေမေ၊ ခြေထောက်ပေါ်ကို ကြွက် စုတ်တစ်ကောင် တက်ပြေးသွားလို့"

"အမလေး ကြွက်စုတ်၊ ကြောက်တယ်. . ကြောက်တယ်"

"ဝုန်း. . "

"အို. . ဟဲ့. . ဟဲ့. . သားနဲ့သမီး သတိထား"

"ဟာ. . ဟေ့. . ဟေ့. . လဲ. . လဲပြီ"

"ဝုန်း. . ဒုန်း. . ဒုန်း"

နဒီ ကြောက်လန့်တကြားနှင့် ထိုင်ခုံပေါ် တက်ရပ်လိုက်ပြီး အရှိန်မထိန်းနိုင်ပဲ သုတထမင်းစားနေသော ကိုယ်ပေါ်သို့ ယိုင်ကျသွားကာ သုတကအရှောင် နဒီက သုတကိုယ်ပေါ်သို့အကျ နောက်ကျောမှီ ထိုင်ခုံမှာ ထပ်ပြီး လဲလေသည်။

ကြမ်းခင်းပေါ်တွင် နှစ်ယောက်သား မျက်နှာချင်းအပ်၍ လုံး ထွေးလျက် လဲသွားသည်။ ထိုမြင်ကွင်းကို သုခ ဒီအတိုင်း ရပ်ကြည့်မနေ နိုင်၍ သုတအောက်တွင် မျက်လုံးပြူးထွက်မတတ် ပိကျနေသော နဒီကို သုတ ကိုယ်အောက်မှ အတင်းဆွဲထုတ်၏။

"အ. . နာတယ် ဖြည်းဖြည်းဆွဲ"

နဒီ မချိမဆန့်အသံဖြင့် အော်ပြီး သူ့ကိုယ်ပေါ်မှ သုတကို အတင်းတွန်းဖယ်နေ၏။

"ဟယ်. . ဒါ. . ဒါ. . ဘယ်လိုဖြစ်ကြတာလဲ"

ဒေါ်မြသီတာ ထမင်းစားခန်းထဲသို့ ဝင်လာပြီး ကြမ်းပြင်တွင် နဒီနှင့်သုတ လုံးထွေးနေပြီး သုခက နဒီအား ဆွဲလားယမ်းလား လုပ်နေ သောမြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားကာ အလန့်တ ကြားမေး၏။





"ဩော် မြလေးရေ ထမင်းစားနေကြရင်းနဲ့ ကြွက်ကြောက်ပြီး သမီးက သားခုံပေါ်ကို ဆွေ့ခနဲ ခုန်တက်လိုက်တာ မြလေးမြင်တဲ့ အတိုင်း ဗြုတ်စဗျင်းတောင်းကိုဖြစ်ရော. . အဟင်း ဟင်း ဟင်း"

ဒေါ်ခင်ဆွေလတ်မှာ ဒေါ်မြသီတာ စိတ်ဆိုးမည်စိုး၍ ရယ်သွမ်း သွေးကာ ရှင်းပြရှာလေသည်။

ဒေါ်မြသီတာမှာ စိတ်မဆိုးသည့်အပြင် စိတ်ထဲမှ ကျိတ်၍ပင် သဘောတွေခွေ့ကာ. . .

"အဟင်းဟင်း. . . ဒီမြင်ကွင်းလေးက ဖရိုဖရဲလေးပေမယ့် ကြည့်ရတာ အမြင်တမျိုးလေးတော့ဆန်းသား. . ဟုတ်တယ်နော် ခင် ဆွေ"

"အို. . မေမေ ဘာတွေပြောနေတာလဲ"

မိခင်၏ အဓိပ္ပါယ်တစ်မျိုးစီ ဦးဆောင်နေသော စကားကြောင့် နဒီ ကြမ်းခင်းမှ အတင်းကုန်းထပြီး အိမ်ရှေ့ခန်းသို့ ပြေးထွက်သွား၏။ သုတမှာ နဒီ့ဆီမှ တီဘီရောဂါ ကူးသွားပြီလားဟူသော စိုးရိမ်စိတ်ဖြင့် ရေကမန်းကတန်း ချိုးပစ်ရန် ရေချိုးခန်းဆီသို့ ထွက်လာလိုက်သည်။ သုခက နဒီနောက်သို့ မယောင်မလည်ဖြင့် လိုက်၍သွား၏။

အမေနှစ်ယောက် ထမင်းစားခန်းထဲမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဓိပ္ပါယ်ပါသောအပြုံးဖြင့် ရယ်လိုက်ကြသည်။

"ကြွက်ရေးတဲ့ ဖူးစာတော့ စတော့မယ် ထင်တယ်နော် ခင် ဆွေရေ"

"မြလေး သဘောတူရင် ခင်ဆွေသား နှစ်ယောက်စလုံးကိုပေး ပြီးသားပဲ"

"ဟယ် မြလေးသမီးက နဂိုကတည်းကမှ ချည့်နဲ့နဲ့ရယ် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးတော့ မဖြစ်ဘူးထင်တယ်နော်၊ တစ်ယောက်တည်းပဲ တော်ပြီ. . ဒီလို သားမက်ရွေးတဲ့ကိစ္စက လောဘသိပ်ကြီးလို့ မဖြစ်ဘူး ကိုယ့်လောဘကြောင့် ကိုယ့်သမီးလေးကို မနိုင်ဝန် ထမ်းခိုင်းသလို ဖြစ်နေတော့မှာပေါ့"

"အို မြလေးကလည်း ဒီကလည်း နှစ်ယောက်စလုံးတော့ ဘယ်ဟုတ်မလဲ ကြိုက်တဲ့တစ်ယောက်ယူပေါ့"

"ဒါဆို အကြီး"

"အင်း အကြီးဆိုရင်တော့ နဒီလေးနဲ့ အတော်ပါပဲလေ"

"ဟောတော် ဘာကိုတော်တာလဲ ခင်ဆွေရယ်"

"ဪ နေနဲ့လ ရွှေနဲ့မြလို့ ပြောတာပေါ့လို့ မြလေးကလည်း ဝေးပါ"

"အခု မဝေးတော့ဘူး မဝေးတော့ဘူး မြန်မြန်သားမက်တော်ဖို့ကို စီစဉ်ကြတာပေါ့"

"အိုကေ"

"ရိုက်"

အမေနှစ်ယောက် သားရေးသမီးရေးကို အတိုင်အဖောက်ညီညီ ကမန်းကတန်း တိုင်ပင်ပြီး လက်ဝါးချင်း ရိုက်လိုက်ကြသည်။





# အခန်း(၉)



"ဝါမကြိုက်မှန်းသိသိကြီးနဲ့ ဟိုငပိန်မကို ထမင်းဝိုင်းထဲ အတင်းဝင်ခိုင်းပြီး တမင် ထမင်းကျွေးနေတာ မဟုတ်လား"

"ကိုသု နဒီ့ကို ငပိန်မလို့ မခေါ်ပါနဲ့"

"ပိန်လို့ ပိန်တယ်ပြောတာ မင်းနဲ့ဘာဆိုင်လဲ၊ မင်းနဲ့မေမေကို ကြည့်နေတယ် တစ်နေ့တစ်နေ့ အဲဒီသားအမိအကြောင်းများ ပြောနေလိုက်ရင် ရေပက်မဝင် လေတိုးမရနဲ့၊ မင်းတို့ပါ ဘယ်နေ့ တီဘီရောဂါသည် ဖြစ်မလဲမသိဘူး"

"တော်စမ်းပါ ကိုသုရာ၊ နဒီမှာ တီဘီရောဂါ ရှိနေလို့ပေါ့၊ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သာမရှိရင် ကိုသု နဒီနားကို ခွာမှာမဟုတ်ဘူး ဟုတ်တယ်မဟုတ်လား"

နဒီမျက်နှာလေး တော်တော်လှတာကိုတော့ သုတ မသိမသာ ထောက်ခံပါ၏။

"အေး ဟုတ်တယ်၊ ကောင်မလေးက ပိန်သာပိန်တယ် လှတာတော့ တော်တော်ကိုလှတယ်"

"ဒီလောကထဲမှာ ကိုသု မလှတဲ့ မိန်းမရှိသေးလို့လား၊ ရုပ်ရှင်ထဲက ပွင့်တို့ ကြူကြူသင်းတို့တောင် ရုပ်ကလေးတွေက လှပြီး ဝနေကြလို့ဆိုပြီး ကရုဏာ သက်နေသေးတာပဲလေ၊ ယုတ်စွအဆုံး ဓါတ်တိုင်ကို မိတ်ကပ်လိမ်းပြီး စကတ်စွပ်ပေးရင်တောင် တစ်မျိုးလှတယ်ဆိုပြီး လူမသိ သူမသိ ခံစားနေဦးမှာ မဟုတ်လား"

သုခစကားကြောင့် သုတ ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်သွားပြီး. . .

"မင်း ငါ့ကို နှိပ်ကွက်နေတာလား ညီ၊ ယောကျ်ားမှာ နှာဘူးနဲ့ ဂန်ဒူး နှစ်စားထဲရှိတယ်၊ ငါကတော့ မင်းလို ကဗျာလေးတွေးလိုက် စာလေးရေးလိုက်၊ ကဗျာမမီ စာမမီ ဟိုမရောက် ဒီမရောက်ဘဝနဲ့ ထမင်းဟင်းလေး ချက်ပြုတ်လိုက်နဲ့ ဂန်ဒူးဂိုက် မဖမ်းနိုင်ဘူး၊ ကြိုက်ရင်ကြိုက်တယ်ပဲ၊ ဝွမ်းရင် ဝွမ်းတယ်ပဲ၊ ရင်ခုန်သံနဲ့ ပတ်သက်လာရင် ငါကပွင့်လင်းမြင်သာအောင် ဖွင့်ဟထုတ်ဖော်တတ်တယ်၊ မင်းလို အုံ့ပုန်း မဟုတ်ဘူး"

သုတ ပွင့်ပွင့်လင်းလင်း ဝန်ခံ၍ ပြန်နှိပ်ကွပ်တော့ သုခ ရင်နာနာနှင့် ဟားတိုက်ရယ်ပစ်လိုက်သည်။

"ဟော့ကောင် ဘာရယ်တာလဲ"

"ရယ်မှာပေါ့ ညီအုံ့ပုန်းဖြစ်အောင် ညီချိန်သမျှ ကောင်မလေးတွေကို ကြားထဲက ဖြတ်ခုတ်သွားတာ ကိုသုလေ၊ ဒီတော့ ကြိုက်မရှက်





ငိုက်မရှက်က ကိုယ့်အစ်ကိုဆိုတော့ ညီက အလျှော့ပေး နောက်ဆုတ်လိုက်ရတော့တာပေါ့"

"ဘာမှ မဆိုင်ဘူး ငါက မင်းထက်စာရင် ရုပ်ခံပိုကောင်းသလို မင်းထက်လည်း ဂုဏ်ပိုရှိလို့ ငါ့ဆီပါလာတာ"

ညီအစ်ကိုနှစ်ယောက် တွတ်ပွတွတ်ပွနှင့် အခြေအတင်တွေ ပြောကောင်းနေတုန်း. . .

"အဲဒါဆိုရင်တော့ သေချာတယ် သက်တမ်းမြန်မြန် ကုန်လိမ့်မယ်"

"အမ်. . မင်းက ငါ့ကို သေမယ်လို့ ပြောတာလား"

"ဟုတ်တယ်လေ. . ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲမှတော့ ကိုသုဆီမှာ လက်ပွေ့ရာတွေ မနည်းကို ကျန်ခဲ့မှာပြီးရင် လက်ရောင်လိုက်ပြီး မရင့်မမှည့်ပဲနဲ့ကို သူ့အလိုလို ပုပ်သိုးပြီး ကိစ္စတုန်းသွားမှာ ရှင်းလား၊ ညီတို့က လက်ရောင်လိုက်စရာ ဘာအကြောင်းမှကို မရှိဘူး. . . ဟား ဟား ဟား. . .

ဒီကြားထဲ မနက်က ပိန်ပိန်နဲ့ ရင်ချင်းအပ်တဲ့အချိန်မှာ ပိန်ပိန်ချောင်းတစ်ချက်ဟန့်လိုက်တာများ ကိုသုပါးစပ်နဲ့ တန်းနေတာပဲ၊ သေချာတယ် ကိုသုဆီမှာ တီဘီပိုး အကောင်ငါးဆယ်လောက်တော့ ရှိနေလောက်ပြီ"

"မင်း. . မင်း. . တကယ်ပြောနေတာလား"

မှတ်ကရော ဒီလောက်အကြောက်ကြီးသော ကိုသုကို ဒီလိုအကွက်နင်းပြီး ပြန်နှိပ်ကွပ်မှ၊ နို့မို့ဆိုလျှင် ငါ အစ်ကိုပဲဆိုပြီး အမျိုးမျိုးပြဟ်ကြွနေဦးမှာ. . .။

ခုတော့ ခရမ်းသီးပုပ် မီးမြိုက်ခံထားရသလို ခုချက်ချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



တိဘီပိုး ကူးစက်ခံရ၍ ကိစ္စပဲတုံးရမလိုလိုနှင့် ပုံစံက မထွေးနိုင်မအန်နိုင် ဖြစ်နေရရှာပြီ။







# အခန်း(၁၀)

မနက်ခင်းလေးပေါ်ကို နေခြည်တို့ ဖျန်းနေဆဲ အချိန်ကာလ ဖြစ်သည်။ ဒီနေ့ထူးထူးခြားခြား မေမေလာမနိုးရပါပဲနှင့် သုတာအိပ်ရာ ထက်မှ ထလိုက်ပြီး အညောင်းပြေအညာပြေ အကြော’ဆန့် လေဝင် လေထွက်ကောင်းသော ပြတင်းပေါက်အနားသို့ လျှောက်လာခဲ့လိုက် သည်။

“ဝါး. . .”

တစ်ချက်သန်းဝေလိုက်ပြီး လက်နှစ်ဖက်ကို ဘေးသို့ ကွေးချည် ဆန့်ချည်လုပ်ကာ ခါးကို ဘယ်ပြန်ညာပြန် ဟန်ချက်ညီညီ လှည့်လိုက် သည်။ အကြည့်တွေက လူမနေတာ ကြာပြီဖြစ်သော ခြေရင်းကအိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ရောက်သွားပြီး သုတမျက်လုံးတွေ အဆမတန် ပြူးထွက်ကာ အံ့ဩသွားသည်။

"ဟင်. . က. . ကလျာ. . ချူချူစော၊ အဲ. မ. . မဟုတ်ပါဘူး၊ ကလျာချောချောစု"

ထင်မှတ်မထားသော အချိန်မှာ ကိုယ့်ရင်ထဲ မှတ်မှတ်ရရရှိခဲ့သည့် မိန်းကလေးကို ဒီလိုမနက်ခင်းဆည်းဆာနှင့် အလှချင်းပြိုင်နေကြမည်ဟု ဘယ်တုန်းကမှ မထင်ထားခဲ့။ ခုတော့ ထိုအလှပဂေးလေးက တစ်ဖက်ခြံထဲမှာ ဟိုယောင်ယောင်ဒီယောင်ယောင်နှင့် ဘာတွေလုပ်နေသလဲ။ ထို့နောက် မျက်နှာသစ်ဖို့ပင် သတိလုံးလုံး မရတော့ဘဲ ညဝတ်အကျႌ ဖရိုဖရဲနှင့်ပင် ခြံထဲသို့ ခလုတ်တိုက်လဲမတတ် မြင်းတစ်ကောင်လို ဒုန်းဆိုင်းပြီး ပြေးဆင်းခဲ့လေသည်။

"အဟင်း. . ခစ်ခစ်ခစ် ရှင့်ပန်းက တိုနေတော့ ကျွန်မဘယ်လိုထိုးမလဲ၊ ပန်းရှည်မှ ထိုးရတာ လှမှာပေါ့ရှင်"

"ဗုဒ္ဓေါ ဘာတွေကို ဘယ်သူနဲ့ ပြောနေတာလဲ"

သုတရင်ထဲမှာ သိချင်စိတ်ပြင်းစွာဖြင့် သုတတို့ငယ်စဉ်ကတည်းကရှိနေသည့် ခွေးတိုးပေါက်ကနေ တစ်ဖက်ခြံသို့ ငုံ့ကိုင်းပြီး တိုးဝင်လိုက်သည်။

"ဟင် အမလေး၊ ဘာ. . ဘာကြီးလဲ. . ခေါင်း. . ခေါင်းကြီး"

ကလျာချောချောစု သူထိုင်နေသော ခုံတန်းအောက် သူမ၏ခြေနှစ်ချောင်းကြားထဲမှ တိုးထွက်လာသော သုတ၏ခေါင်းကို ကြည့်ပြီး သရဲအမှတ်ဖြင့် ထအော်သည်။

ကလျာချောချောစု အော်သံကြောင့် ကုံ့ကော်ပင်ပေါ်တွင် ကုံ့ကော်ပန်း တက်ခူးနေသော သုခ၊ ကလျာ ဘာကြောင့်အော်တာလဲဟု





သော သိချင်ဇောနှင့် အပင်အောက်ကို ငုံ့ကြည့်လိုက်သည်။ အ ပေါ်မှ စီးကြည့်သော မြင်ကွင်းက သိပ်ပြီးမြင်ကွင်းမကောင်း။

ကလျာချောချောစု၏ ခုံပေါ်မှာ ထိုင်နေသော ဒူးခေါင်းနှစ်လုံးကြားမှ ထွက်လာသော ဘောလုံးတစ်လုံးခန့်ရှိသော မည်းမည်းအလုံးကြီးကြောင့် သုခ ကုံ့ကော်ပင်အောက်က ထိုင်ခုံပေါ်သို့ ဝုန်းခနဲ ခုန်ချလိုက်သည်။

သုတ သူတိုးထွက်လာသော ခွေးတိုးပေါက်နားမှ အော်သံနှင့်အတူ ဝုန်းခနဲ ပြိုကျသော အသံကြောင့် လေးဖက်ထောက်ကြီး တိုးထွက်နေရာမှ အပေါ်သို့ အလန့်တကြား မော့ကြည့်လိုက်သည်။

"ဟင်. . သု. . သုခ၊ မင်း. . မင်းတို့ ဒါ ဘာလုပ်နေကြတာလဲ"

ခုံတန်းပေါ်တွင် ဖရိုဖရဲ လုံးထွေးနေသော သုခနှင့် ချောချောစုတို့ နှစ်ယောက်၏ မြင်ကွင်းကြောင့် သုတ ဖရိုဖရဲလေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ကလျာချောချောစုမှာ သူထိုင်နေသော ခုံအောက်မှ တိုးထွက်လာသော သုတကို မြင်တော့မှ. . . .

"ရှင်. . ရှင်. . ရှေ့. . ရှေ့နေ. . ဘာကြောင့် ကျွန်မအောက်ထဲက ထွက်လာရတာလဲ"

သုတ ထူပူစွာဖြင့် လေးဖက်ထောက် အနေအထားမှ ခပ်မြန်မြန်ထပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"သုခ မင်းတို့စောစောတုန်းက. . ဘာ. . ဘာတွေပြောနေတာလဲ မနက်စောစောစီးစီး မတော်တရော်တွေ၊ မင်း. . မင်း. . ခါးကပုဆိုးကရော၊ ဟာကွာ ဒီကောင်တော့ ငါ့ကို အမှုတွဲတွေ အပ်နေတာပဲ"

သုခ ဒီတော့မှ သူ့ခါးအောက်ပိုင်းကို သူငုံ့ကြည့်ဖို့ သတိရသွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ငါ့. . ငါ့ပုဆိုး ဘယ်ရောက်သွားပြီလဲ"

ဘောင်းဘီတိုနှင့် ဟာလာဟင်းလင်းဖြစ်နေသောကြောင့် သုခ ခပ်ကျုံ့ကျုံ့လေး ငုတ်တုတ်ထိုင်ကာ မထရဲ။

"ကို. . ကိုသုကရော ဘာလို့ ကလျာ့ခုံအောက်က ထွက်လာရတာလဲ ချောင်းစရာရှိလဲ ခပ်ဝေးဝေးက ချောင်းပေါ့၊ ခုတော့ အောက်တည့်တည့်က ပေါ်တင်ချောင်းရသလား၊ အရှက်ကို မရှိဘူး မေမေနဲ့ တိုင်ပြောမယ်"

"ဟကောင်ရ မင်းကများ ငါ့ကို စွပ်စွပ်စွဲစွဲ၊ မင်းတို့ကို ငါချောင်းတာမဟုတ်ဘူး၊ ပန်းတိုတာတွေ ပန်းရှည်တာတွေရော၊ ထိုးလို့မရတာတွေရော၊ ငါ နားလည်လွယ်တဲ့စကားတွေနဲ့ ဒီအပေါက်ကတိုးဝင်လာအောင် မင်းတို့ပဲ အသံနဲ့ ငါ့ကို ဖြားယောင်းပြီးတော့"

"အို ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ၊ ဒီမှာ ရှင်လိုရာဆွဲတွေးပြီး မျက်ကန်းလမ်းလျှောက် ဘူမသိ ကိုးမသိ မပြောပါနဲ့၊ ဒီက သူပစ်ချပေးတဲ့ပန်း တိုလို့တိုတယ်ပြောတာ"

"ဟမ် လာပြန်ပြီ၊ ပန်းတိုတာ ဘာကိုတိုတာလဲ၊ ဘာပန်းတိုတာလဲ"

"ကံ့ကော်ပန်း"

ကလျာ ခပ်စောင့်စောင့် ဖြေလိုက်သည်။ သံသယတွေ လွှန်ကဲနေသော သုတ ပါးစပ်အဟောင်းသား ဖြစ်သွားကာ. . .

"အမ်. . အော်. . ကံ့ကော်ပန်းတဲ့လား"

"ဟုတ်တယ် ကိုသုရာ၊ ညီ ကံ့ကော်ပန်း တက်ခူးနေတာ၊ ရိုးတံတွေက တိုနေလို့၊ အလှပန်းအိုး ထိုးလို့မရဘူးလို့ ပြောနေတာ"

"ဪ. . ဒီ. . ဒီလိုလား၊ ငါ. . ငါက အဲလို မထင်ဘူးလေ၊





မင်းက ပန်းထိုးနေတယ်ဆိုပြီး တွေးမိတာကိုး"

"ကိုသုနော် ထင်ရာတွေ လျှောက်တွေးမနေနဲ့၊ သူများခြံထဲကို ခိုးကြောင်ခိုးဝှက် ဝင်လာပြီး ကန္တြွေသိက္ခာမရှိတဲ့စကားတွေ ပြောနေတယ်၊ တစ်ချိန်လုံး ဒါတွေပဲ တွေးနေလားမသိဘူး"

ကလျာချောချောစုကို အားနာသွားသဖြင့် သုတကိုပဲ စွတ်ပြီး ကောလိုက်သည်။

"မင်းကရော ဒီခြံထဲကို ဘယ်လိုရောက်နေတာလဲ၊ ကလျာချူချူစောကရော ဒီကို ဘယ်လိုရောက်နေတာလဲ၊ ဒီအိမ်မှာ အရင်က လူတွေ မနေဘူးလေ"

"အို ဘယ်က ချူချူစောလဲ၊ ချောချောစုပါ"

"အဲ. . စောရီး မင်းနာမည်ကို ရုတ်တရက် ခေါ်လိုက်မိတိုင်း၊ ပြောင်းပြန်ဖြစ်သွားတယ် ဆောရီး"

ကလျာချောချောစု သုတကိုကြည့်ကာ ရှက်မျက်စောင်းလေး ထိုးလိုက်သည်။

"ဒါနဲ့ ရှင်က သူများခြံထဲကို ဘာလို့ ခွေးတိုးပေါက်ကနေ ဝင်လာရတာလဲ၊ ခစ်. . ခစ် ရှင်က အပေါက်တိုးတာ ကျွမ်းတယ် ကွက်တိပဲ"

"ဟာ မင်းကို လှမ်းတွေ့လိုက်လို့ ဆင်းလာတာ၊ ဒီလိုတိုးဖူးတာ ဒါ ပထမဆုံးပဲ"

အိပ်ရာထဲမှ ထလာသည့် မျက်နှာမသစ်ရသေးသောပုံစံ ဖရိုဖရဲနှင့်မို့ သုခ မျက်နှာကို မဲ့လိုက်ပြီး. . .

"ဟင်း. . . ဒါကြောင့် သုံးကိုက်အကွာကတည်းက အာပုပ်နံ့ထောင်းထောင်းထနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မကြားတကြား တစ်ကိုယ်တည်း ကြားသာရုံ ပြောနေတာမို့ သုတမကြားလိုက်။

"ချောတို့က ပြောင်းလာတာ နှစ်ရက်ပဲ ရှိသေးတာ"

"ဟင် ဟုတ်လား၊ ကိုယ်လည်း မသိလိုက်ပါလား"

"ချောလည်း ရှေ့နေကြီးအိမ်မှန်း ထင်တောင်မထားဘူး၊ ဒီက ကိုသုခနဲ့ အန်တီ့ကိုသာ မိတ်ဆက်ပြီးတာ"

"ဒါဆို မင်းနဲ့ သုခက သိတာမကြာသေးဘူးပေါ့"

ကလျာချောချောစုနှင့် သုခကို လက်ညှိုးတစ်လှည့်စီထိုးပြီး မနာလိုစွာ မေးလိုက်သည်။

"ဒီမနက်မှ သိတာ၊ သူက ကံ့ကော်ပန်းကို ခုံတန်းပေါ်ကတက်ပြီး မမီမကမ်း ခူးနေလို့ အမြင်မတော်လို့ တက်ခူးပေးတာလေ၊ ကလျာ အောက်က ခေါင်းကြီး ပြူထွက်လာတဲ့ ကိုသုကြောင့် လန့်ပြီး ခုန်ချလိုက်တာ ခါးမှာ ပုဆိုးတောင် မပါတော့ဘူး"

ကလျာ ဘောင်းဘီတိုလေးနှင့် ကြည့်ကောင်းသော သုခကို ခိုးကြည့်ပြီး ခစ်ခနဲ ရယ်လိုက်သည်။

"ဟော့ကောင်. . လာ ပြန်မယ်"

"ဟေ့ သုခ၊ ရှင်နဲ့ကျွန်မ ဘော်ဘော်တွေ ဖြစ်သွားပြီနော်"

"အိုကေ၊ နောက်နေ့ကျမှ ထပ်တွေ့မယ် စီးယူ"

နှစ်ဦးသား မိတ်ဖွဲ့နေသော မြင်ကွင်းကို သုတ မကြည့်ဝံ့၍ သုခလက်ကို ဆောင့်ဆွဲပြီး ခေါ်လိုက်သည်။

"ဟာ. . ကိုသု နေဦးလေ၊ ခါးမှာ ပုဆိုးမှ မပါတာ၊ ကံ့ကော်ပင်ပေါ်က ပုဆိုးကို ယူပေးဦး"

"နောက်မှယူကွာ လာ မြန်. . မြန်"





ညီအစ်ကိုနှစ်ယောက် သုတက ဦးဆောင်ပြီး အိမ်သို့ပြန်လာခဲ့ကြသည်။

"ဟဲ့. . ဒါက ဘယ်လိုဖြစ်လာကြတာလဲ၊ ဟိုတစ်ယောက် ဘောင်းဘီတိုနဲ့"

ဒေါ်ခင်ဆွေလတ် အိမ်ထဲသို့ တရွတ်ဆွဲမတတ် ခေါ်လာခြင်းခံရသော သုခကိုကြည့်ပြီး နားမလည်စွာ မေးသည်။

"မေမေ့သားလေ စောစောစီးစီး ဟိုဘက်က လူသစ်တွေနဲ့ သွားရောနေလို့"

"ခြော်ကွယ် သားကြီးရယ်၊ ရောတယ်တော့ ဘယ်ဟုတ်လိမ့်မလဲ၊ မနက်က ဟိုခမျာ ကံ့ကော်ပန်းတွေ မမီတမီ ခူးနေလို့ ညီလေးက အမြင်မတော် သွားဝိုင်းခူးပေးတာ၊ မေမေလည်း အိမ်မှာ ဘုရားပန်းတင်လို့ရတာပေါ့"

သုခဘက်မှ လိုက်၍ ပြောနေသဖြင့် သုတဆက်ပြီး တို့လို့ထောင်လို့ မရတော့ အီလည်လည်မျက်နှာဖြင့် သုခကို ဘုကြည့်ကြည့်သည်။

"ဘာမှ မဟုတ်ဘူးမေမေ၊ မေမေ့သားက အရင့်အရင် ကောင်မလေးတွေလိုပဲ သားလက်ထဲက ဖြုတ်လုမလို့၊ သူသာ ကလေးကလား ခွေးတိုးပေါက်ထဲကနေ သူများခြံထဲကို ခိုးဝင်ပြီး ကောင်မလေး အောက်ကနေ ဝင်ချောင်းတာ"

"ဟာ. . ဟော့ကောင် စကားပြောတာ ကြည့်ပြော၊ ထုလိုက်မယ်"

မတည့်အတူနေ ညီအစ်ကိုနှစ်ယောက်ကိုကြည့်ပြီး သက်ပြင်းမောကို ဟင်းခနဲချကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မင်းတို့ အစုဝေမတည့်တာ နောက်မှရှင်း၊ ခုလောလော ဆယ် နှစ်ယောက်စလုံး အလှူသွားဖို့ ပြင်ဆင်ကြတော့"

"ဟင် ဘယ်သူ့အလှူလဲ မေမေ"

သုခ အလှူဆိုလျှင် သိပ်မသွား၊ အတတ်နိုင်ဆုံး ရှောင်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်က အစားကြီး၍ ဖြစ်သည်။ ဒံပေါက်တို့ ကြက်ဆီထမင်းတို့ ထောပတ်ထမင်းတို့လောက်ဆိုလျှင်. . လာထား၊ စားမယ်ဆိုတာချည်းပဲ၊ အနည်းလေး သုံးပွဲလောက်က လျှော့ခနဲ၊ သုတ ကျတော့ အလှူတွေမှာဆိုလျှင် အလှစားသည်။ ဘယ်တော့မှ အဝ မစား၊ သူဘယ်လောက်ကြိုက်သော အစားဖြစ်ပါစေ၊ စိတ်ကို ရအောင် ထိန်းပြီး မင်းသားလို အဝမစား။

သုခကျ ထိုသို့မဟုတ်၊ နည်းနည်းစားလည်း စားတာပင်၊ များ များစားလည်း စားတာပင်၊ စားမယ့်အတူတူ ဗိုက်ပြည့်အောင်စားတော့ အိမ်မှာ ထမင်းတစ်နပ် သက်သာ၏။

"နဒီတို့ ထမင်းစား ဖိတ်ထားတယ်လေ"

နဒီတို့ဆို၍ သုခ ဟီးခနဲ သဘောကျသွားကာ. .

"ဟာ ဟုတ်လား၊ ဒါဆိုရင် လိုက်မယ်၊ ပိန်ပိန်တို့အိမ်ဆိုရင် သားအစားကြီးလည်း ဓါတ်သိမ္မိ ကဲ့ရဲ့မှာ မဟုတ်ဘူး"

သုခ စာက်ကြွနေသလောက် သုတကတော့ ပုံးစ စိတ်မဝင် စားသည့် အနေအထားမျိုးဖြင့်. . .

"သား မအားဘူးမေမေ"

"ဘာဖြစ်လို့ မအားရတာတုန်း၊ ဘာလဲ ရုံးပိတ်ရက်ကြီးတောင် အမှုတွေကို မနားမနေ လိုက်နေရလို့လား"

ဒေါ်ခင်ဆွေလတ် ရွဲ့ပြောလိုက်ခြင်း ဖြစ်သည်။ တစ်နေ့တစ်နေ့





အမေမဆိုးမ လက်ဟောင်းကြီး အာပေါက်မတတ်ပြောပြီး ရှောင်းထား ရသည့် ကျောက်ပွဲစားခလေးကို မညှာမတာ လက်ဝါးဖြန့် တောင်းပြီး ရှေ့နေရုံးခန်းဖွင့်ကာ ဂိုက်ပေးကြမ်းနေသော ကိုယ့်သားအကြောင်း ကိုယ်အသိဆုံး၊ တစ်နေ့တစ်နေ့ ရုံးမှာ အိပ်လိုက်စားလိုက်၊ သူငယ်ချင်း အပေါင်းအသင်း ရှေ့နေတွေလာရင် လေလုံးထိုင်ထွားလိုက်၊ ထွားလို့ပြီး ရင် မအေလုပ်သူက အကြွေးစံနစ်နှင့် ဝယ်ပေးထားသော Laptop နှင့် ဂိမ်းဆော့လျှင်ဆော့၊ မဆော့လျှင် အွန်လိုင်းပေါ်မှာ ကောင်မလေး တွေနဲ့ အီစီကလီရိုက်၊ ဒါပဲလေ သူ့အလုပ်။

ဒါကြောင့်လည်း သူ့ကို မြန်မြန်မိန်းမပေးစားချင်နေ၍ "နဒီ လေးနှင့် နီးစပ်အောင် အကွက်ရွှေ့ပေးနေနေရတာ. . ဒါကို ဒင်းက မအေ့စေတနာကို နားမလည်။

ဒေါ်မြသီတာဆိုတာက လင်သေ မုဆိုးမဘဝတူတွေ ဖြစ်ပေ မယ့် ကိုယ့်လို မုဆိုးမ ဗွေမဲ့မဟုတ်၊ သူ့လင်က ကုမ္ပဏီနှစ်ခု ထားသွား သည်။ အိမ်တွေက ဆယ်လုံးလောက်ရှိ၏။ တစ်လတစ်လ အိမ်ငှားခ ရတာကပင် ဆယ်သိန်းအထက်မှာရှိသည်။ ဒါတောင် တက္ကစီငါးစီးနှင့် ကုန်တင်ကားနှစ်စီး ထောင်ထားတာ မပါသေး။

ထိုလုပ်ငန်းအားလုံးကို သူကိုယ်တိုင် မချုပ်ကိုင်နိုင်ပေမယ့် နဒီ တို့အဖေ ရှိစဉ်ကတည်းက မန်နေဂျာ လူယုံတွေက ဆက်လက်ထိန်းပေး ထား၍ လုပ်ငန်းက ထိုးကျမသွား၊ ပုံမှန် လည်ပတ်နေမြဲ၊ ကိုယ့်သားသာ နဒီနှင့် ယူလိုက်ကြည့်၊ ဒီလုပ်ငန်းအားလုံးမှာ အလိုလို သုတလက်ထဲကို အော်တိုရောက်ပြီးသား၊ ဒီလောက် အသုံးအဖြုန်းကြီးပြီး ဟန်ကြီးပန် ကြီးနိုင်သောသားကို အနာဂတ်မှာ ဆက်ပြီးဟန်ကြီးနိုင်အောင် နဒီနှင့် ပေးကိုပေးစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . မေးနေတယ်လေ၊ သားကြီး ဒါပဲနော်၊ မေမေက မိသားစု အကုန်လုံး လာမယ်၊ ကတိပေးထားပြီးသားမို့ မလိုက်လို့ကို မရဘူး"

"ကျွတ် မေမေရာ ဇွတ်ပဲ ယောကျ်ားလေးဖြစ်ပြီး အိမ်လည်ထမင်းစားရတာ ရှက်စရာဘယ်လောက်ကောင်းသလဲ"

"ဩော်. . ဟုတ်လား၊ ဒါဆို မအေ့ဆီက လက်ဖြန့်တောင်းလို့ ရရင်ရ၊ မရရင် မသိမသာ နှိုက်ထားတဲ့ ဘတ်ငွေတွေကို မိန်းမတွေနဲ့ သုံးဖြုန်းနေတာကျတော့ မရှက်ဘူးလား၊ ဟမ်. . ဒီထက် ပိုပြောရရင် လေ"

ဒေါ်ခင်ဆွေလတ် ငယ်ကျိုးငယ်နာ ဖော်တော့မည်မို့ သုတပျာပျာသလဲ လက်ကာပြရင်း. . .

"တော်. . တော်ပါတော့ မေမေရာ၊ ကိုယ့်အမေပိုက်ဆံ ကိုယ်ဘတ်ပြီးသုံးတာ ကမ္ဘာ့စီးပွားရေးဘဏ်ကို အနုကြမ်းဝင်စီးခဲ့တာ ကျနေတာပဲ၊ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ချက်ထုတ်တော့မယ်၊ အရင်လို ဘေးအိမ်က လူမနေတာ မဟုတ်ဘူး၊ လူနေနေပြီ၊ သားရဲ့ ရှေ့နေဂုဏ်သိက္ခာလေးကို စက္ကူစုတ်တစ်ရွက်လို မွမွမခြေလိုက်ပါနဲ့"


"ဒါဆိုရင် မိဘက ဒါဟဲ့ဆို ဒါလိုက်လေ"

"အင်း. . ဒါတယ်. . ဒါတယ်၊ မေမေလည်း ဘာမှမပြောပါနဲ့တော့၊ ရှိကြီးကို အကြိမ်တစ်ရာမက ခိုးပါရဲ့ဗျာ"





# အခန်း(၁၁)



ဟင်းအမျိုးတွေ စုံလင်လှသော ထမင်းဝိုင်းကြီးကို ကြည့်ပြီး သုခ ဗိုက်တွေ တဂွိဂွိ ဆာနေသလောက် သုတမှာ ထမင်းစားဖို့ တွန့်နေသည်။

"သားကြီး စားနော်၊ ဒါ မင်းညီမ လက်ရာတွေလေ၊ မနက်အစောကြီးကတည်းက သူကိုယ်တိုင် စိတ်တိုင်းကျ ထချက်ထားတာ"

နဒီချက်ထားကြောင်း ဒေါ်မြသီတာ အမွှမ်းတင် ကောင်းနေလေသည်။

"ဟင်းတွေက စုံနေတာပဲကွယ်၊ သမီးလေးက အချက်အပြုတ်မှာလည်း တော်တာပဲလား၊ အဟင်း ဒါဆိုရင်တော့ ချွေးမတော်ဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထားတာ မှမှားပါဘူး”

ဒေါ်ခင်ဆွေလတ်စကားကြောင့် နဒီ မျက်နှာလေး ရှက်ရိပ်သန်းသွားသည်။

“အဟင်း အန်တီကလည်း ချွေးမ မတော်ပဲနဲ့လည်း နဒီက အမြဲတမ်း ချက်ကျွေးနိုင်ပါတယ်၊ အန်တီ ဘာစားချင်သလဲ ပြော၊ နဒီ ချက်ကျွေးမယ်”

“ဒါဆို နင်. . ငါတို့အိမ်မှာ လာနေရမှာပေါ့၊ ပိန်ပိန်ရ”

“အယ်. . အဲဒါတော့ မဖြစ်ဘူးလေ၊ အန်တီစားချင်တာမှန်သမျှ ကိုယ့်အိမ်ကနေ ကိုယ်ချက်ပို့လည်း ရတာပဲနော်၊ ဟုတ်ဘူးလား အန်တီရယ်”

နဒီ ပုစွန်တုပ် အကောင်ကြီးကြီး တစ်ကောင်ကို ခပ်ပြီး ဒေါ်ခင်ဆွေလတ် ပန်းကန်ထဲ ထည့်ပေးလိုက်သည်။ ဒေါ်ခင်ဆွေလတ် သဘောတွေ အတော်လေးကို ခွေ့နေ၏။

“ကိုသု မျက်နှာကြီးက မအီမလည် လုပ်မနေနဲ့လေ၊ အန်တီနဲ့ နဒီကို အားနာစရာကြီး”

သုခ ကျိတ်၍ သတိပေးသည်။

“ငါ. . မ. . မစားချင်ဘူးကွာ၊ ဒီထမင်းဟင်းတွေက သူကိုယ်တိုင် ချက်ထားတာကွ”

“အဟွတ်. . အဟွတ်. . အဟွတ်”

နဒီ ထမင်းဝိုင်းနှင့် မျက်နှာလွှဲကာ ချောင်းတစ်ချက်နှစ်ချက် ဆိုးလိုက်သည်။ သုတ နှာခေါင်းကို လက်ဖြင့် မသိမသာ ပိတ်ကာ. . .

“ဟော. . တွေ့လား ချောင်းတွေဆိုးနေပြီ၊ လေထဲက ပါလာတဲ့ တီဘီပိုးတွေ ငါတို့အသက်ရှူလမ်းကြောင်းထဲ ဝင်ကုန်တော့မယ်ကွ”





“ကျွတ် ကိုသုရာ၊ နည်းနည်းတော့ ကြနေ့လေး ဆည်ပါဦး၊ မသကာ ပိုးကူးတော့လည်း ခုချက်ချင်း ဗိုင်းခနဲ လဲသေသွားမှာမှ မဟုတ်တာ၊ ဆေးခြောက်လလောက် သောက်တာနဲ့ ပျောက်ပါတယ်”

“အမ်. . မင်း. . မင်း. . ငါ့ကို တမင်ရွဲ့နေတာလား”

“ဟာ. . ရွဲ့လည်းမရွဲ့ဘူး၊ စောင်းလည်းမစောင်းဘူး တဲ့ပြောတာ”

“ဟို ညီအစ်ကိုနှစ်ယောက် ဘာတွေတွတ်ထိုးနေတာလဲ စားစရာရှိ မစားပဲနဲ့”

ဒေါ်ခင်ဆွေလတ် ဒေါ်မြသီတာနှင့် ထမင်းစားနေရင်းမှ သုတနှင့် သုခကို လှမ်းပြောနေသဖြင့် သုတ ရှုံ့မဲ့နေသောမျက်နှာဖြင့် တမင်ဟန်လုပ်ကာ. . .

“ဟို. . စား. . စားကာနီးမှ ဗိုက်ထဲက အောင့်လို့ ညီလေးဆီမှာ လေဆေးလေးဘာလေးများ ပါလာမလားလို့ မေးကြည့်နေတာ မေမေ”

“ဟယ် သမီးရေ၊ သမီးကိုကို ဗိုက်အောင့်လို့ ဆိုပါလား၊ သွားသွား. . သမီးရဲ့ ဆေးသေတ္တာထဲက air x တစ်လုံး တိုက်လိုက်ပါကွယ်”

ဒေါ်မြသီတာ သုတဗိုက်အောင့်သည်ဆို၍ ပျာပျာသလဲ ဖြစ်သွားသည်။ နဒီ အခန်းထဲဝင်ကာ ဆေးသေတ္တာထဲမှ ဆေးကဒ်ကိုထုတ်ပြီး သူ့ပါးစပ်ဖြင့် ဆေးတစ်လုံးကို ကိုက်ဖောက်လိုက်သည်။ ကိုသုတ ကြည့်ပြီး တွန့်သွားသည်။

“ရော့ ကိုသုတ ဒီ air x လေး သောက်လိုက်၊ ရော့ ဒီမှာရေ ဒီရေက အသန့်နော်၊ ညီမ တစ်ငုံပဲ သောက်ရသေးတာ၊ အဟင်း. . ဟင်း. . ဟင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း . . ဗျာ . . အဲ . . ဟို . . ဟိုလေ . . အင့် ဂလု . . ဂလု"

သုတ ငြင်းချိန်ပင် မရလိုက်၊ နဒီက ဆေးကို ပါးစပ်ထဲ အတင်းမထည့်ပေးရုံတစ်မည်ပင်၊ ပြီးနောက် သူမသောက်ပြီးသား ရေဖန်ခွက်ဖြင့် သုတနှုတ်ခမ်းဝမှာ တေ့ပေးလိုက်သည်။

"သား မကြာခင် ပျောက်သွားလိမ့်မယ်နော်"

ဒေါ်မြသီတာ၏ ချွဲအီအီ အသံကိုပင် သုတဆက်ပြီး မကြားချင်တော့ ထမင်းစားခန်းထဲမှ အော်ဂလီဆန်စွာ ထွက်လာခဲ့လိုက်သည်။

သေချာသွားပြီ၊ သူ့မှာ တီဘီရောဂါရှိနေမှာ သေချာသလောက် ရှိသွားပြီ။







# အခန်း(၁၂)

"ဗျာ"

ထိုဗျာဆိုသော အသံသည် ညီအစ်ကို နှစ်ယောက်စလုံး ပြိုင်တူပြိုးလိုက်သော အာမေဋိတ်သံဖြစ်သည်။ နှစ်ယောက်စလုံး၏ ရင်ထဲမှာ မတူညီသော ခံစားမှုတွေက ဆန့်ကျင်ဘက်သို့ ဦးတည်၍ သွားကြသည်။ သုတကပင်စ၍ ခါးခါးသီးသီး ငြင်း၏။ သုခ မျှော်လင့်ချက်မဲ့သွားသည်။

"မေမေ မဖြစ်နိုင်ပါဘူး မေမေရာ၊ သားမှာ ခုချိန်ထိတောင် သလိပ်တွေ ဓါတ်မှန်တွေ မရိုက်ရ မစစ်ရသေးဘူး၊ သားကို လောကကြီးထဲမှာ မရှိစေချင်ရင်လည်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် မင်း ဘာတွေ ပြောနေတာလဲ၊ သားက ဘာကြောင့် သလိပ်တွေ ဓါတ်မှန်တွေ ရိုက်ရမှာလဲ"

"ဟုတ်တယ်လေ၊ နဒီ့ဆီမှာ တီဘီရောဂါရှိတာ သိသိကြီးနဲ့ သားက လက်ထပ်ရမှာလား"

"အလိုတော် မဟုတ်ကဟုတ်က ဘယ်ကဘယ်လို ကြားလာတာလဲ မဖြစ်နိုင်တာ၊ သူ့ဟာသူ သူ့မှန်ရိုးရိုး ပိန်တာပါကွယ်၊ ရောဂါ ပိန် ပိန်တာ မဟုတ်ပါဘူး"

"အဲဒါ မေမေ့ကို လှို့ထားတာ၊ သား သတင်းအတိအကျ ရပြီး သွားပြီ"

ဒေါ်ခင်ဆွေလတ် ဘယ်လိုမှ နားမလည်ဟန်ဖြင့် ခေါင်းကို တွင်တွင်ခါပြီး. . .

"သားရယ် တကယ်လို့ တီဘီရှိတော့ရော ဒါ ဆေးမှန်မှန် သောက်ရင် ပျောက်တဲ့ရောဂါပဲ၊ သူလေးနဲ့သာ ယူရင်လေ၊ သားလို အသုံးအဖြုန်းကြီးတဲ့လူမျိုး သုံးစမ်းပါလေ ကြိုက်သလောက်"

အကြံကြီးနေသော မိခင်ကိုကြည့်ပြီး သုခ စိတ်လျော့သွားသည်။

"အန့်တီရေ အန့်တီ"

အိမ်ရှေ့မှ အသံခပ်စူးစူးလေးနှင့် အော်ခေါ်သံကြောင့် သုတ အာရုံတွေက အိမ်ရှေ့သို့ ရောက်သွားသည်။ ထိုအသံသည် ကလျာချောချောစု၏အသံ။

သုတ လှစ်ခနဲ အိမ်ရှေ့ကို ရောက်သွားသည်။

"အန့်တီရော"

"ရှိတယ် အိမ်ထဲမှာ လာလေ"

ကလျာချောချောစု အိမ်ထဲကို ဝင်လာသည်။ သုခ ထွက်အ





လာနှင့် တိုးသွားသဖြင့် ကလျာချောချောစု အပြုံးလေးက ပို၍ လင်းသွားကာ. . .

"ကိုသုခ ဒီည ခြံထဲမှာပါတီရှိတယ်၊ အန့်တီရော လာခဲ့နော်၊ ဟောဒီက ကိုရွှေနေကြီးရောပေါ့"

"ဗျာ. . ပါတီ. . ဘာပါတီလည်း ဘယ်အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးမှာလဲ"

သုတအမေးကြောင့် ကလျာချောချောစု ရီးရန်ကောဟူသော အကြည့်ဖြင့် ကြည့်ကာ တခစ်ခစ်ရယ်၏။

"ရွှေနေကြီးက ရုပ်တည်ကြီးနဲ့ နောက်တတ်သားပဲ၊ ပါတီဆိုတာ အစိုးရပါတီကို ပြောတာမဟုတ်ဘူး၊ မွေးနေ့ပါတီကိုပြောတာ အဟင်း. . ဟင်း. . ဟင်း"

"ဩော်. . အဲ. . အဲလိုလား၊ မွေးနေ့က ကလျာချောချောစုရဲ့ မွေးနေ့လား"

"ဟင့်အင်း ဟုတ်ဘူး၊ မေမေ့မွေးနေ့လေ၊ ညကျရင် ကပွဲလည်း ရှိတယ်၊ အန့်တီလာရမယ်နော်"

"အေးပါကွယ် လာမှာပေါ့၊ အိမ်နီးနားချင်းတွေပဲ"

"ကိုသုခ လာမယ်မဟုတ်လား"

ကလျာချောချောစု၏ အကြည့်တွေက သုခဆီမှာပဲ တဝဲလည်လည် ရောက်နေ၍ သုတစိတ်ထဲမှာ မရိုးမရွ ဖြစ်နေသည်။

"လာမှာပေါ့ ကလျာရယ်၊ ကိုယ်တို့မလာရင် ဘယ်ပွဲစည်ပါ့မလဲ"

"သူလာလာ မလာလာ ကိုယ်လာခဲ့မယ် ကလျာ"

သုခနှင့် ကလျာချောချောစု၏ ရင်းနှီးမှုတွေထက် ပိုစေရန်




www.burmeseclassic.com

www.burmeseclassic.com



သုတ ဝင်ရောပစ်လိုက်သည်။ ဒီညပွဲမှာ ကလျာနှင့်သူ၏ ရင်းနှီးမှုတွေ အပြင် ကလျာ့ကို ရင်ခုန်စိတ်လှုပ်ရှားသွားရန် တစ်ခုခုတော့ လုပ်ရမည်။

ဒါမှ နဒီနှင့် ပေးစားမည့် မေမေတို့ အစီအစဉ်တွေကို လက်လျှော့သွားစေမှာ. . .







# အခန်း(၁၃)



LED မီးလုံးတွေ တဖျတ်ဖျတ် လင်းလက်တောက်ပနေသော ခြံကြီးထဲသို့ သုတနှင့် သုခ ဝင်ခဲ့ကြသည်။ အနောက်တိုင်းဆန်သည့် ပါတီပွဲမို့ အားလုံး လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပင်။

"ကိုသုခတို့ လာပြီ"

ကလျာချောချောစု အဖြူရောင် ဂါဝန်ကြပ်ကြပ်လေးနှင့် တစ်မျိုးဆန်းစွာ လှနေ၏။ သုခ၏ အကြည့်တွေက ရိုးစင်းပေမယ့် သုတ၏ အကြည့်တွေက ဆန်းပြားလွန်းနေ၏။ အကြည့်ရဲသော သုတ၏ အကြည့်တွေကို ကလျာချောချောစု သတိထားမိသွားကာ ရှက်မျက်ဝန်းလဲ့လဲ့ဖြင့် ဝေ့ခနဲကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရွှေနေကြီး အဲလောက် မကြည့်နဲ့လေ၊ ရှင့်အကြည့်တွေက နဂါးတစ်ကောင်ရဲ့ အကြည့်တွေသာဖြစ်နေရင် ကျွန်မကိုယ်လုံး ပြာဖြစ်နေလောက်ပြီ"

သုခ တစ်ဖက်ကိုလှည့်ကာ ဧည့်သည်တွေကို ငေးနေတုန်းမို့ ကလျာချောချောစုနှင့် သုတတို့ပြောတာကို မကြား. . .

"မင်းက အရမ်းလှတာကိုး၊ ကိုယ်ကြည့်မိတာ လွန်လို့လား"

"အဟင်း. . ခစ်. . ခစ်. . ခစ် ရွှေနေကြီးကို လွန်တယ်လို့ မ ပြောပါဘူး ကဲပါ. . လာ ဘူဖေးစံနစ်နဲ့မို့ ရှင်တို့ကြိုက်တာ ယူစားလို့ ရတယ်နော်"

သုခနှင့် သုတတို့ အစားအသောက် အစုံအလင် ခင်းကျင်းထားသော စားပွဲနားသို့ လျှောက်လာကြသည်။

"ဟယ် ရွှေနေကြီး မမကို မှတ်မိလား"

"မှတ်. . မှတ်မိတာပေါ့၊ နေကောင်းတယ်နော်"

သုတ ဒီရုပ်ကြီးကို မမှတ်မိပဲ နေမည်လား။

"မမရော ယောကျ်ားနဲ့ အဆင်ပြေသွားပြီလား"

မကောင်းတတ်၍ မေးခြင်းဖြစ်သည်။

"မပြေပါဘူး ငါ့မောင်ရယ်၊ သူနဲ့မမနဲ့ မကွာရှင်းရသေးတာပဲရှိတာ တစ်အိမ်ထဲတော့ မနေပါဘူးကွယ်၊ မမက ရွှေလဆိုရင် LA ကို သွားတော့မှာလေ၊ ဟိုမှာ မမကို လက်ထပ်ဖို့ ကမ်းလှမ်းထားတဲ့ လုပ်ငန်းရှင်တွေက အများကြီးဆိုတော့ အဲဒီမှာပဲ မမရဲ့ဘဝကို သွားပြီး ဇာတ်မြှုပ်တော့မလို့"

လေလုံးနှင့်လူလုံး လိုက်ဖက်အောင် ပြောနေသော ကလျာ ချောချောစု၏ အဒေါ်ကို သုတ ဝေါက်နေမှန်း သိသိကြီးနှင့် ကလျာ





ချောချောစု၏ မျက်နှာကြောင့် လိုက်လိုက်လျောလျော ပြောနေခြင်းဖြစ်သည်။

"မောင်လေးရော ချစ်ရမယ့်သူ မတွေ့သေးဘူးလား"

သုတမေးစေ့ကို သူ့လက် ခပ်တုတ်တုတ်ဖြင့် ဆွဲလိမ်ရင်း မေးလိုက်သော ထိုအမျိုးသမီးကြီး၏ အမေးကို သုတ ခပ်ကြောင်ကြောင်ရယ်ရင်း. . .

"အဟဲ ချစ်ရမယ့်သူတော့ ရှိတယ်၊ ဒါပေမယ့် ကျွန်တော် ဖွင့်မပြောရဲလို့ ဖွင့်မပြောရသေးဘူး"

"ဟယ်. . ငါ့မောင်လေး သုသုရယ်၊ ဒီလောက်ချောတဲ့ လူငယ်လေးက အဲဒီလောက် သတ္တိကြောင်ရလား၊ ပြော ဘယ်သူလဲ မမကူညီမယ်၊ ဒီအနီးအနား၊ အဲ. . ဒီပါတီပွဲထဲမှာ ရှိရင်လေ မမက တစ်ခါတည်းကို ငြိသွားအောင် လုပ်ပေးမယ်၊ အဟင်း. . ဟင်း. . ဟင်း"

သုတ ထခုန်မိမတတ် ဝမ်းသာသွားသည်။ သုခကတော့ သူစားချင်တာတွေကို ပန်းကန်ထဲထည့်ပြီး အနားမှထွက်သွားလေသည်။ ဒီတော့ သုတ ပို၍ရင်ဖွင့်လို့ ကောင်းသွားပြီပေါ့၊ ဝေါက်တွေကို ဒီလိုကိစ္စမျိုးမှာ လျှော့တွက်လို့မရ၊ သူတို့က လက်ရဲဇက်ရဲနှင့် ပြောပေးလျှင် ကိုယ်ရင်ဖွင့်ဖို့ ရင်းနှီးမှုတွေ တကူးတကယူပြီး အင်ထရိုဝင်စရာ မလိုတော့။

"မမ. . မမ. . တ. . တကယ်နော်၊ တကယ်ပြောပေးမှာနော်"

"ဂယ်ပေါ့လို့ ပြော ဘယ်သူလဲ၊ လက်ညှိုးလေးသာ တစ်ချက်ထိုးလိုက်၊ Door to Door စနစ်နဲ့ ပို့ပေးမယ်"

"ဟို. . ဟိုမှာလေ အဖြူရောင် ဂါဝန်လေးနဲ့ ကောင်မလေး"

"အိုး. . ဝိုး. . ဟိုး. . ဟိုး. . အဲ. . အဲဒါ မမရဲ့ တူမလေး



www.burmeseclassic.com

www.burmeseclassic.com



လေ”

“အဟဲ. . ဟုတ်လား၊ ဆော. . ဆောရီးနော်”

“အို ဘယ်ကလာ စောရမှာလဲ၊ နောက်တောင် ကျနေပါပြီကွယ်၊ အဟင်း. . ဟင်း. . စိတ်ချ မာလာသက်တင်ပါကွယ်၊ မပိုင်ရင်ခြင်တောင် မရိုက်ဘူး၊ ခြင်ဖမ်းစက်နဲ့ပဲ ဖမ်းမှာ၊ မင်းသာ မမတူမလေးကို တကယ်ကြံဖို့ အရေးကြီးတယ်”

“ဟာ. . ကျွန်တော် တကယ်ကြံမှာပါ၊ အဲ. . တကယ်ချစ်ပြီး တကယ်လက်ထပ်မှာပါ၊ ကျမ်းကျိန်ဆို ကျိန်ပြပါ့မယ်ဗျာ”

သုတတို့ ဒီအချိန်မှာ လက်မသံရိုက်ပြီး သစ္စာကျမ်းကျိန် ဆိုလျှင်တောင် လက်မကို ထုံဆေးပေးပြီး ကျိန်ဝံ့၏။

မျက်နှာငယ်ဖြင့် ခြေကိုင်ဒူးကိုင်မတတ် ယုံအောင်ပြောနေသော သုတ၏ သနားကမားရုပ်လေးကို ဒေါ်မာလာသက်တင် တူအဖြစ်တော်ရန် ပို၍ စိတ်အားထက်သန်၍လာကာ. . .

“အမလေး ယုံပါပြီကွယ်၊ ယုံပါပြီ ရှေ့နေလေးရယ်၊ မမကဟိုအရင် မင်းကိုတွေ့ကတည်းက မမရဲ့ တူမလေးကို ထိုးပေးချင်နေတာ၊ ဘယ်လိုပုံစံနဲ့ပဲ ထိုးပေးရ ထိုးပေးရ အဓိကက မင်းလေးက မမရဲ့တူဖြစ်ဖို့ပဲ မဟုတ်လား”

“ဒါပေါ့. . ဒါပေါ့ မမရယ်၊ ကျွန်တော်ကလေ မမနဲ့ အမျိုးအရမ်းတော်ချင်တာ”

“အို ဟုတ်လား၊ စားစရာရှိတာ စားထားနှင့် မမ မင်းတို့ချင်းအဆင်ပြေအောင် လုပ်ငန်းစလိုက်ဦးမယ်နော်၊ ချစ်တူလေး. . အဲ. . တို့တွေ အမျိုးတော်ရင် ငါတို့အမျိုးထဲမှာ ဖြစ်သမျှအမှု မင်းပဲ အခမဲ့လိုက်ပေးရမယ် သိလား၊ အဟစ်. . ဟစ်. . ဟစ်”





သုတကို တစ်ခါတည်းချုပ်ပြီး အနားမှ လိမ်ကျစ်လိမ်ကျစ်ထွက်သွားသော ဒေါ်မာလာသက်တင်ကို အားကိုးတကြီးဖြင့် ကြည့်ပြီးရင်တဖိုဖိုဖြင့် ကျန်ရစ်ခဲ့၏။

ဂေါက်ရေးတဲ့ ဖူးစာကြောင့် ကလျာချောချောစု ရှက်သွေးဖြာသော ကြည်ပြာရောင် မျက်ဝန်းလဲ့လဲ့လေးနှင့် ရှက်မျက်စောင်းလေးပဲထိုးမလား၊ ဒါမှမဟုတ် သူ့ရဲ့ သေးသွယ်တဲ့ လက်ဖဝါးနှင့် ကိုယ့်ပါးကိုလည်ထွက်သွားအောင်ပဲ ဖြန်းခနဲ ရိုက်လေမလား။

ခဲကိုတော့ ပစ်လိုက်ပြီ၊ ကိုယ်လိုချင်တဲ့ ပစ်မှတ်ထဲ ရောက်မရောက်ကိုသာ ကံကြမ္မာက အဆုံးအဖြတ် ပေးတော့မည်။ ရင်တမမနှင့် ဆယ်တန်းအောင်စာရင်း လာကြည့်သော ကျောင်းသားတစ်ယောက်ရဲ့ စိတ်လှုပ်ရှားမှုမျိုးဖြင့် လူက ဂနာမငြိမ် ရင်ခုန်သံတွေကဖုတ်လိုက်ဖုတ်လိုက်နှင့် ဒေါ်မာလာသက်တင် ထွက်သွားသော ကာရာအိုကေ ဆိုသောနေရာကို လည်တဆန့်ဆန့် ခြေဖျားတထောက်ထောက်သက်မတဟင်းဟင်းနှင့်. . .

ဒီမိန်းမကြီး ဘယ်လိုအကွက်ရွှေ့လေမလဲ။

“လဟို. . လဟို. . အဲလေ. . ဟုတ်ပါဘူး၊ ဟာလို. . ဟာလိုတက္ကစီ ဝမ်း၊ တူး၊ သရီး ဖိုး၊ ဖိုက်၊ ဆစ်၊ ဆဲဗင်း”

မြက်ခင်းပြင်ပေါ်ရှိ ညှို့သည်တွေအကြည့်က ဒေါ်မာလာသက်တင်၏ မိုက်ကရိုဖုန်းစမ်းနေသော ပြာခြောက်ခြောက် အသံကြီးဆီသို့ စုပြုံရောက်လာသည်။

ကလျာချောချောစု သူ့အဒေါ် ဘာတွေ မွှေဦးမလဲဟု တွေးပြီး စိတ်ပူသွားကာ ဒေါ်မာလာသက်တင်ရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကြွရောက်လာကြတဲ့ လူကြီးမင်း ဧည့်သည်တော်များရှင်၊ တကယ်တော့ ဒီပွဲဟာ ကျွန်မ ဒေါ်မာလာသက်တင်ရဲ့အစ်မ ဒေါ်နီလာသက်တင်ရဲ့ (၇) နှင့် (၆) ကျောခိုင်းနေတဲ့ မွေးနေ့ပွဲလေး ဖြစ်ပါတယ်ရှင်၊ တစ်ဆက်တည်းမှာပဲ ကျွန်မတူမလေး ကလျာချောချောစုရဲ့ ဖူးစာရှင် တွေ့ဆုံပွဲလေးဆိုရင်လည်း မမှားပါဘူးရှင်၊ အခု ဒီပွဲမှာ မောင်သုခဆိုတဲ့ လူငယ်လေးတစ်ယောက်က ကလျာချောချောစုဆိုတဲ့ ကျွန်မရဲ့ တူမလေးကို မေတ္တာသက်ဝင်နေကြောင်း ကျွန်မမှတစ်ဆင့် သူ့နှလုံးကို ဖွင့်ပြပါတယ်၊ ဒါကြောင့် သဘောတူရင် လက်ခုပ်သံလေး ကြားချင်ပါတယ်"

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

"ဝါး. . ဟား. . ဟား. . ဟား. . "

"ရှီး. . . "

လက်ခုပ်သံပေးပြီး ဧည့်သည်တွေ ဝေါခနဲ ထရယ်ကြသည်။ သုတ ဒေါ်မာလာသက်တင် စကားကြောင့် ပေါင်နှစ်ခုကျုံ့ကာ တွန့်ခနဲ ဖြစ်သွားသည်။

"ဟိုက် သောက်ကျိုးတော့နည်းပြီ"

ဒေါ်မာလာသက်တင်၏ စေတနာသည် တနင့်ခ လွဲချော်မှုလေးတစ်ခုကြောင့် သုတအတွက် အရာမထင်သလိုဖြစ်ကာ သုတတော်တော်လေး စိတ်လေသွားသည်။

သုခမှာလဲ ဒင်းဆမ်းတွေ ပါးစပ်ထဲ ပလုတ်ပလောင်း ဝါးနေရင်းမှ မိုက်ကြီးဖြင့် အော်လိုက်သည့် ဒေါ်မာလာသက်တင် ပြောလိုက်သော အကြောင်းအရာကြောင့် မျက်လုံးပြူးသွားသည်။

"ဘာလဲဟ ငါလည်း ကလျာ့ကို ချစ်ခွင့်လည်း မတောင်းပါဘူး၊





ဒီမိန်းမကြီး ဘာတွေအော်နေလဲ မသိဘူး"

သုခ ဝေါင်တောင်တောင်ဖြင့် တွေးနေစဉ် သုတအနားရောက်လာသည်။

"သုခ မင်း ချော်လဲရောမထိုင်နဲ့နော်၊ ငါ အရင် ကလျာ့ကို ချစ်တယ်လို့ပြောတာ၊ ဒီမိန်းမကြီး တနဲ့ခ မှားပြောမိသွားတာ"

"ဒီကရော ချော်လဲရောထိုင်စရာလား၊ ကိုသုတို့ လက်သွက်ပုံများ မွေးနေ့ပွဲလည်း မရှောင်ဘူး၊ ဒီလိုကိစ္စမျိုးက နှစ်ကိုယ်ချင်းတွေ့မှ ပြောရတာလေ၊ ဟိုက လက်မခံရင် ပြဿနာတွေတော့ အတုံးလိုက် အတစ်လိုက် တက်တော့မယ်ဗျာ"

"ငါလည်း မရည်ရွယ်ဘူးကွာ၊ ဟိုမိန်းမကြီးက သူ ကူညီမယ်ဆိုပြီး ငါချစ်တဲ့သူကို အတင်းလက်ညှိုးထိုးခိုင်းတော့ အဟီး ငါလည်း ကလျာ့ကို တန်းနေအောင် ထိုးလိုက်မိတယ်၊ အဟဲ. . မင်း. . မင်း. . ကလျာကို ကြိုကြိုက်နှင့်နေပြီးသား ဆိုရင်လည်း ဆောရီးပဲကွာ၊ ငါ ကလျာ့ကို တစ်ခါမှ မချစ်ဘူးသေးတဲ့ ခံစားမှုမျိုးနဲ့ ချစ်တာကွ၊ ခုတော့ မင်းနာမည်ကြီးနဲ့ အပြီးကြွေပြနေတယ်ကွာ၊ မင်း ဖြေရှင်းပေး"

"အမ် ဘာဆိုင်လဲ ကိုယ့်ဖယား ကိုယ်ရှင်းပါလား"

သုခတို့ ဒါမျိုးကို လက်ရှောင်သည်။

"ဟော. . ဟိုမှာ. . ဟိုမှာ ကလျာချောချောစု လာနေပြီ၊ ညီ လစ်တော့မယ်၊ ဟိုက ပါးရိုက်လည်း ခံလိုက်တော့၊ ဖက်နမ်းရင်လည်း ခံလိုက်တော့၊ ညီကတော့ လစ်ပြီ"

သုခ စားနေရင်း တန်းလန်းနှင့်ပင် ကလျာချောချောစု အရိပ်မြင်တာနှင့် လှစ်ခနဲ ရှောင်ထွက်ခဲ့လိုက်သည်။

ဒီတစ်ခါတော့ ခံလိုက်ပေဦးတော့ ကိုသုရေ၊ လူဆိုး လူ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ သူတို့ရဲ့ ကိုယ်ပိုင် လျှို့ဝှက်ချက်တွေ ရှိကြတယ်၊ အထူးသဖြင့် လူသိမခံဝံ့တဲ့ လျှို့ဝှက်ချက်မျိုးပေါ့၊ ကိုသုဆိုရင် ကောင်မလေးတွေနဲ့ ရှုပ်တဲ့ လျှို့ဝှက်ချက်ရှိတယ်၊ ညီဆိုရင် အိပ်နေရင်းနဲ့ ကိုသုပေါ် တက်တက်ခွပြီး ယောင်တတ်တဲ့အကျင့်ပေါ့. . .

အဲ. . ကလျာချောချောစုမှာဆိုရင်လည်း လျှို့ဝှက်ချက်ရှိတယ်၊ အဲဒီလျှို့ဝှက်ချက် ဘာလဲဆိုတာတော့ ညီ ကိုသုကို မပြောနေတော့ဘူး၊ ကိုသုရဲ့အာရုံတွေ ကလျာချောချောစုဆီရောက်နေမှ နဒီနဲ့ လက်ထပ်ရမယ့်ကိစ္စ လွဲမှာမို့လို့ လျှို့ဝှက်ထားလိုက်တော့မယ်။

ကလျာချောချောစုကလည်း ရုတ်တရက် ကိုယ့်ရှေ့မှာ ပေါ်သွားတဲ့ လျှို့ဝှက်ချက်ကို တခြားသူတွေကို ပြောမပြဖို့ ငိုမလို ရယ်မလိုနှင့် တောင်းပန်ထားလေတော့ ညီ ပြောလို့ မဖြစ်တော့ဘူး ကိုသုရေ။

ညီ့အပေါ်မှာ အမြဲတမ်း ခေါင်းပုံဖြတ်ခဲ့တဲ့ ကိုသုတော့ ဒီတစ်ခါ ခံလိုက်ပေဦးတော့။

"ကိုသုခရော"

"ဗျာ. ."

"ကိုသုခရောလို့. ."

ကလျာ ခပ်စောင့်စောင့်လေး မေးသည်။ သူ့မျက်နှာပေါ်မှ အရိပ်ငှတွေက LED မီးလုံးအရောင်တွေ ဟပ်နေ၍ ရှက်ရိပ်လား၊ ဒေါသရိပ်လား၊ သုတ ရေရာစွာ ခွဲခြား၍မတတ်။

မေးသံကလည်း ခွဲခွဲနွဲ့နွဲ့နှင့် ဒေါသရိပ်မပေါက်. . .

"မ. . မရှိဘူးလေ၊ အစောကြီးကတည်းက ပြန်သွားပြီလေ"

"ရှင်တို့ ညီအစ်ကို ကလျာအဒေါ်ကို ဘာတွေမြှောက်ပေးလိုက်ကြလဲ၊ လူရှေ့သူရှေ့မှာ ခုလိုဖြစ်တော့ ကောင်းသလားလို့"





"အမ်. . ဘာမှ မမြှောက်ပေးပါဘူး၊ သူက မောင်လေး ချစ်တဲ့သူ ဒီပါတီပွဲထဲမှာ ရှိလားဆိုလို့၊ ကိုယ်. . ကိုယ်လည်း အမှန်အတိုင်း မင်းလို့ ပြောလိုက်မိတာ"

"ဒါဆိုရင် ကျွန်မအဒေါ်က ကိုသုခလို့ ဘာလို့ ကြေညာနေလဲ"

"အဲ. . အဲဒါက ဒီလိုရှိပါတယ်၊ ဟို. . ဟိုလေ၊ သူက ကိုယ့်နာမည်ကို မမှတ်မိလို့ တနဲ့ခ မှားသွားတာ နေမှာ၊ ဂေါက်. . ဂေါက်နေတာဆိုတော့လည်း သူထင်သလို ပြောတာနေမှာပေါ့"

ကလျာချောချောစု သူ့အဒေါ်ကို ဂေါက်နေတယ်ပြော၍ ရှူးရှူးရှားရှား ဖြစ်သွားကာ. . .

"အို ကိုသုတနော် ကျွန်မအဒေါ်ကို ဂေါက်တယ်လို့ မပြောပါနဲ့၊ အဒေါ်က သူ့အိမ်ထောင်ဖက်နဲ့ အဆင်မပြေလို့ စိတ်ဖိစီးပြီး စိတ်ကစဉ့်ကလျား ဖြစ်တာလောက်ပဲ ရှိတာ"

"ဒါနဲ့ ကလျာပြောတော့ ဂေါက်နေတာဆို"

"အဲဒါက ရှင် ကျွန်မအဒေါ်ကို စိတ်ဆိုးပြီး အပြစ်တင်မှာစိုးလို့ တမင် ပိုပိုသာသာ ပြောလိုက်တာ"

"အမ်. . အဲဒါဆို အဲဒီတုန်းက မင်းအဒေါ် ပြောခဲ့တာတွေက အမှန်တွေပေါ့"

"ဟုတ်တယ်. ."

"ဒါဆို ကိုယ့်ကို ပြန်ချစ်လိုက်လေ၊ စောစောက မင်းအဒေါ်က ပြောသွားတယ်၊ အမျိုးတွေတော်ကြရင် ငါတို့အမျိုးထဲက ဘယ်သူ့အမှုဖြစ်ဖြစ် အမှုလိုက်ခမယူပဲ အလကားလိုက်ပေးရမယ်တဲ့"

"ဟော့တော်. ."

"ဟုတ်တယ် ဒါကြောင့် ကိုယ့်ကို မြန်မြန်ပြန်ချစ်လိုက်တော့ပေါ့



www.burmeseclassic.com


www.burmeseclassic.com



မင်းကို ကိုယ်တကယ်ချစ်တာပါ။ ကိုယ့်ကို ရိုးမြေကျ ပြန်ချစ်ပေးပါ”

သုတ ဟိုလိုလို ဒီလိုလိုနှင့် ကလျာ့လက်ကို ဆုပ်ထွေးလိုက်သည်။ ကလျာ ခပ်လွန့်လွန့်လေးသာ ရုန်းသည်။

“သွား လူဆိုး . .”









# အခန်း (၁၄)

“ဟင့်အင်း . . မတူဘူး၊ လုံးဝ မတူဘူး”

“မတူလို့ မရဘူး သမီး၊ တူကို တူရမယ်၊ ညည်းကို မိဘက သင့်တော်တယ်ထင်လို့ စီမံပေးတာ”

“မေမေက တော်ပေမယ့် သမီးကမှ မတော်တာ”

“အို ဘာကို မတော်ရမှာလဲ၊ ညည်းကို ဂုဏ်သိက္ခာရှိတဲ့ ယောကျာ်း ပေးစားထားတာလေ၊ လမ်းဘေးက ပလုံကောက်တဲ့ကောင်ကို ရှာပြီးပေးစားတာမှ မဟုတ်တာ”

ဒေါ်မြသီတာနှင့် နဒီ အခြေအတင် ဖြစ်နေကြသည်။

“အဲဒီ ပလုံကောက်တဲ့ကောင်ဆိုရင်တောင် သမီးရင်ထဲက ခံ



www.burmeseclassic.com

www.burmeseclassic.com



စားလို့ရခဲ့ရင် ပလုံကောက်ရုံမကလို့ ချီးတွင်းပဲတူးတူး၊ သမီး မငြင်းပါဘူး မေမေရယ်”

“နေစမ်းပါဦး ညည်းက ဇွတ်အတင်း ငြင်းနေရအောင် ဘယ်သူ့အားကိုးနဲ့လဲ၊ မဟုတ်မှလွဲရော ညည်းမှာ ချစ်သူရှိနေလို့လား”

ဒေါ်မြသီတာ ခါးခါးသီးသီး ငြင်းနေသော နဒီကိုကြည့်ပြီး. . သမီးမှာ ချစ်သူရှိနေပြီလားဟု သံသယဝင်သွားသည်။

“မရှိပါဘူး”

“ဒါဆို ဘာငြင်းစရာလိုလဲ၊ မအေကတော့ ကိုယ့်သမီးနဲ့ သင့်တော်မယ့် ယောကျ်ားမျိုးကို ရှာပေးထားတာ၊ တစ်ဘဝလုံး ဂုဏ်ရှိပါစေတော့၊ ကိုယ့်အားနည်းချက်ကို ညှာတာထောက်ထားပြီး ကိုယ့်ကို တစ်ဘဝလုံး ရိုးမြေကျ ပေါင်းသင်းသွားမယ့် ယောကျ်ားမျိုးကို ရွေးချယ်ပေးထားတာ”

“ဒါက မေမေ့အကြိုက်လေ. . သမီးအကြိုက်မှ မဟုတ်တာ၊ ရွှေနေဆိုတဲ့အမျိုးဟာ လိပ်မျိုး၊ ဘယ်လိုကိစ္စမျိုးဖြစ်ဖြစ် သူတို့ဘက်သူတို့ ယက်ပြီး အနိုင်ယူတတ်ကြတဲ့ဟာကို. . သမီးကို တစ်သက်လုံး ယက်နေတော့မှာပေါ့”

“ဟယ် ဒါကတော့ သူတို့တာဝန် သူတို့ကျေအောင် ယက်သင့်လို့ ယက်တာပဲကွယ်၊ ဒါက အပြစ်တစ်ခုလို့ ဆိုသာတာမှ မဟုတ်တာ၊ အမှန်တရားတစ်ခုကို ဖော်ထုတ်ပေးတဲ့ ပညာရှင်ကြီးတွေလို့ တင်စားကြည့်လိုက်၊ ဘယ်လောက် အထင်ကြီးစရာ ကောင်းလိုက်သလဲလို့၊ မေမေကတော့ ရွှေနေကိုပဲ သားမက်တော်မယ်၊ ဟိုကောင် ဂျွတ်စပွတ်ကောင်ကို သားမက်မတော်နိုင်ဘူးနော် ကြိုပြောထားမယ်”

နဒီ တိတ်ဆိတ်သွားသည်။ ဘာမှတော့ ပြန်ပြောမနေတော့၊





သုခနှင့် ပတ်သက်၍ ထပ်ပြီး စောဒကတက်ရအောင် သုခကရော ကိုယ့်အပေါ်မှာ သူငယ်ချင်းအဆင့်ထက် ပိုသေးတာမှ မဟုတ်တာ. .

“သုတက မိန်းမအရမ်းရှုပ်တယ်တဲ့ မေမေရဲ့၊ ဒီလိုမြာပွေတဲ့ ယောကျ်ားမျိုးကို သမီးဘဝတစ်သက်လုံး မပုံပါရစေနဲ့”

“ညည်းကို ဘယ်သူပြောလဲ”

“သုခပြောတာ တခြားလူပြောတယ်ဆိုရင်တောင် သမီး မယုံပါဘူး”

“အဲဒါ ညည်းကို သူ မရမှာစိုးလို့ ညည်းကို ကြိုတင်ကြိုက်နေလို့ ရှင်းလား၊ အဲဒါကို ညည်းခေါင်းထဲ ဘာမှကို ထည့်ထားစရာမလိုဘူး”

ဒေါ်မြသီတာအဖို့ သုခကို သုတနှင့်ယှဉ်လျှင် ဘယ်လိုမှ မျက်စိထဲမတွေ့၊ ယောကျ်ားဖြစ်ပြီး တောင့်တောင့်တင်းတင်း စီးပွားဖြစ်မယ့် အလုပ်အကိုင် မယ်မယ်ရရမလုပ်၊ စာရေးဆရာယောင်ယောင် ဘာယောင်ယောင်နှင့် မီးဖိုချောင်မှာ ထမင်းဟင်းချက်ပြုတ်ရင်း အချိန်ကုန်နေတဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ့်သမီးအတွက် သားမက်ဖမ်းဖို့ အဲလေ. . သားမက်တော်ဖို့ ဘယ်လိုမှ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)



"နဒီ နင်နဲ့ကိုသုကို လက်ထပ်ပေးဖို့ ငါ့အမေနဲ့ နင့်အမေ စီစဉ်နေကြတယ်၊ အဲဒါ နင် ဘယ်လိုသဘောရလဲ"

"နင် ဘာဖြစ်လို့ မေးတာလဲ"

နဒီ မျက်ခုံးလေးနှစ်ဖက် စုကျုံ့ပြီး အလိုမကျဟန်ဖြင့် မေးသည်။

"သိချင်လို့ပေါ့ဟာ"

"ဒါဆို နင့်အစ်ကိုကို အရင်သွားမေးလိုက်လေ"

"ငါ့အစ်ကိုကို ငါမေးပြီးသွားပြီဟ၊ သူကလည်း အူလည်လည်နဲ့"





နဒီ နှုတ်ခမ်းမဲ့တွန့်လိုက်ပြီး. . .

"ငါကတော့ လုံးဝကို စိတ်မဝင်စားဘူး၊ ဟွန်း. . သူ့ကိုယ်သူ ရှေ့နေဆိုပြီး ဘဝင်တွေ တိုင်ထိပ်တက်ကပ်နေတဲ့သူ"

နဒီ သုတကို မကျေမလည် လေသံဖြင့် တွတ်ပွတွတ်ပွ ပြောတော့ သုခစိတ်ထဲ ဘဝင်ကျမိသည်။

"ဒါဆို လူကြီးတွေ စီစဉ်တာကို နင်ငြင်းမယ်ပေါ့"

"ခုလည်း ငြင်းနေတာပဲ၊ တစ်နေ့တစ်နေ့ မေမေနဲ့ ပါးစပ်စစ်တိုက်နေရတာ၊ ပါးစပ်ထဲက ယမ်းနံ့တွေ ထွက်မတတ်ပဲ"

မျှော်လင့်ချက်တွေ ထပ်ဆင့်အရောင်တောက်လာပြန်ပြီမို့ နဒီနားကို အရဲစွန့်ကာ တိုးထိုင်လိုက်သည်။ တစ်ဆက်တည်းမှာပင် သက်မမောကို ဟင်းခနဲချကာ. . .

"ငါ့. . ငါ့ကိုရော၊ ငါ့ဆိုရင်ရော နင်ငြင်းမှာလား"

သုခအမေးကြောင့် နဒီ ဖျတ်ခနဲပင် မော့ကြည့်လိုက်သည်။

"နင့်စကားက ဘာအဓိပ္ပါယ်လဲ၊ ဧကန္တ နင် ငါ့ကို ရည်းစားစကား ပြောနေတာတော့ မဟုတ်ပါဘူးနော်"

"ရည်းစားစကားဆိုတာထက် ပိုပြီးလေးနက်တဲ့စကားကို ပြောချင်တာ၊ နင် စိတ်မဆိုးဘူးဆိုရင်ပေါ့၊ ငါ နင့်ကို ချစ်တယ်"

နဒီ ပခုံးနှစ်ဖက်ကို ဆတ်ခနဲတွန့်ပြီး ဟတ်ခနဲ ရယ်၏။

"အဟုတ် ငါ့မှာ နင့်အတွက် မက်လောက်စရာ ဘာတွေများ ဆွဲဆောင်မှု ရှိနေလို့လဲ၊ ခုနေသာ နင် ငါ့ကို ချစ်ချင်နေတာ၊ နောက်ဆိုရင် နင် ငါ့ကို စိတ်ကုန်သွားလိမ့်မယ်"

တကယ်တမ်း နဒီမှာ ယောကျ်ားတစ်ယောက်ကို ချစ်သူအဖြစ် လက်ခံဖို့အင်အား အမှန်တကယ်မရှိ၊ ကိုယ့်အားနည်းချက်ကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တောင် စိတ်ပျက်သေးတာ၊ သုခကရော ဘယ်အချိန်ကာလအထိ စိတ်မပျက်ပဲ ချစ်နေနိုင်မှာမို့လဲ၊ မမြင်ရသေးတဲ့ အနာဂတ် နေ့ရက်တွေထဲမှာ နဒီ့အတွက် ပျော်ရွှင်မှုတွေ စောင့်ကြိုနေမယ်ဆိုတာ. . တကယ်တမ်း ရေရာတာမှ မဟုတ်တာ။

"ငါ နင့်ကို ဘယ်တော့မှ စိတ်ကုန်မှာ မဟုတ်ဘူး နဒီ၊ နင့်မှာ ဘယ်လိုအားနည်းချက်ရှိရှိ ငါ မမှုဘူး၊ လူတိုင်းလူတိုင်းမှာ အားနည်းချက်ဆိုတာ ရှိတယ်၊ နင် တစ်ယောက်တည်း ရှိတာမှမဟုတ်တာ၊ ငါ့မှာလည်း နင်မသိသေးတဲ့ အားနည်းချက်တွေ ရှိတယ်ဟ၊ ငါတင်မဟုတ်ဘူး၊ ကိုသုမှာလည်း ရှိတာပဲ၊ လောကကြီးထဲမှာ စင်းလုံးချော ပြီးပြည့်စုံတဲ့ လူအဖြစ် မမွေးဖွားသေးပါဘူးဟာ၊ အဲ. . ငါတို့ ဗုဒ္ဓက လွဲလို့ပေါ့"

နဒီ သုခ၏ အားပေးစကားကြောင့် စိတ်သက်သာရာ ရသွားသလိုပင်။

"နင် ဘာမှ အားမငယ်နဲ့၊ အဟဲ. . ငါ့အားနည်းချက်ကို နင်ကြားသွားရင် ငါ့ကိုပိုပြီးတောင် စိတ်ကုန်သွားဦးမယ်"

"နင့်အားနည်းချက်က ဘယ်လိုအားနည်းချက်လဲ၊ ငါ့ကို ပြောပြ"

"ငါ ပြောပြရင် နင် ငါ့နားက ချက်ချင်းထပြေးသွားလိမ့်မယ်"

"အယ် ဘယ်လိုအားနည်းချက်မို့လဲ"

"ဟာ. . ငါ မပြောချင်ဘူးဟာ"

သုခပြောဖို့ အတော်လေး အရှိန်ယူနေရကာ လည်ချောင်းထဲမှ ပြောမည့် စကားအကြောင်းအရာက တော်တော်နှင့် မထွက်၊ ခေါင်းကို တဗျင်းဗျင်းကုတ်ကာ စပ်ဖြီးဖြီး ရယ်နေသည်။

သုခ အားနည်းချက်သည် နဒီ့အားနည်းချက်လောက်ဆိုးမည်





မဟုတ်၍ နဒီစိတ်ထဲ မတုန်လှုပ်မိ။

"နင်ကလည်း ပြောပါဟာ၊ ငါတို့က ငယ်သူငယ်ချင်းတွေပဲ၊ ငယ်ငယ်တတုန်းကဆို အီးတောင် အတူတူထိုင်ပါသေးတယ်၊ အဟီး နင် မှတ်မိလား၊ ချောင်းစပ်နားမှာလေ"

နဒီ အစဖော်ပေးနေ၍ တစ်ရှက်ကနှစ်ရှက် ဖြစ်ရမည့်ကိန်း။

"ဒါဆို ခုလည်း အဲဒီချောင်းစပ်နားမှာ အတူတူ အီးသွားပါမလား"

နဒီ မျက်နှာ ဖျတ်ခနဲ ရဲတက်သွားကာ. . .

"ဟယ် ဝူထဲစုတ်နော်၊ ဒီအရွယ်နဲ့ ဒီအချိန် ဒီလိုစကားမျိုး ပြောရလား"

"နင်ပဲ မရှက်ပါနဲ့ဆို"

"ဟဲ့. . ငါက ဒါကို ပြောတာမှ မဟုတ်တာ၊ နင့်အားနည်းချက်ကို ပြောတာ"

နဒီ သုခလက်မောင်းကို အရှက်ပြေ ဖြန်းခနဲ ရိုက်လိုက်ပြီး. .

"ပြောပါဆို၊ မပြောရင် နင် ကြားချင်တဲ့အဖြေကို လုံးဝမပြောဘူးနော်"

သုခ မျှော်လင့်ချက်တွေ နိုးကြားစွာဖြင့် အရှက်သည်းချင်နေသောမျက်နှာ ချက်ချင်းပြုံးသွားပြီး. . .

"ငါ ပြောပြရင် နင် ငါ့ကို စိတ်မကုန်ပဲ ချစ်တယ်လို့ ပြောမှာလား"

"အင်းပေါ့. ."

နဒီ ခေါင်းငုံ့ရင်း လေသံတိုးတိုးဖြင့် အင်းပေါ့ဟု ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခုကတည်းက ကြိုပြီး အဖြေပေးထား"

"အယ် ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ငါ့အားနည်းချက်ကို နင်သိသွားပြီးမှဆိုရင် နင် ငါ့ကို မချစ်ဘူးလို့ပြောရင် ဘယ်လိုလုပ်မလဲ"

"ဩော် ခက်ရချေရဲ့ဟယ်၊ အင်းလေ ငါကလည်း လူတစ်မျိုး၊ ကိုယ့်ကို မသိစေချင်လို့ ဖုံးကွယ်ထားရင် ပိုပြီးသိချင်တယ်၊ အေးပါ နင့်ကို ငါ လက်ခံပါတယ်ဟာ"

"လက်ပဲခံတာလား၊ တခြားရော မခံဘူးလား"

သူ၏ အရင်းမရှိ အဖျားမရှိ စကားကြောင့် နဒီ တုန်တက်သွားသည်အထိ လန့်သွားကာ မျက်လုံးကလယ်ကလယ်ဖြင့် သုခကိုကြည့်ပြီး. . .

"ဟယ် ဘယ်လိုကြီး မေးတာလဲ၊ ငါက ဘယ်လိုဖြေရမလဲ၊ နင်နော် ပြောရင်းပြောရင်း နိုင်ငံရေးတွေ ပါမလာနဲ့၊ နောက်တယ်ဆိုတာ အချိန်နဲ့အခါနဲ့ နောက်ရတာ၊ ဒီအချိန်က နောက်ရတဲ့အချိန်မဟုတ်ဘူး"

"ငါ နောက်တာမှ မဟုတ်တာ၊ နင် ဖြေနေတာကိုက တလွဲဖြေနေပြီးတော့ ငါ့အချစ်ကို နင့်နှလုံးသားနဲ့ ခံစားပြီး အဖြေပေးရမှာလေ၊ အချစ်ကို လက်ကလေးနဲ့ ခံရုံနဲ့ နင်နဲ့ငါ့ရဲ့ အချစ်တွေက ဂန္ထဝင် မြောက်သွားမှာမို့လား"

"အဲလို ရှင်းရှင်းပြောပါလား၊ ယောကျ်ားတစ်ယောက်ကို ချစ်ပါတယ်လို့ ရှက်ရှက်နဲ့ အဖြေပေးလိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက စိတ်လှုပ်ရှားမှုတွေကို နင်မှမခံစားဖူးတာ၊ ငါ့နေရာမှာ နင်ဆိုလည်း ခုလို အလွဲလွဲအချော်ချော်တွေ ဖြေမိမှာပဲ၊ ငါကရော နင့်ကို မချစ်ပဲနဲ့





လက်ခံတယ် ပြောမလား၊ ဟောဒီရင်ဘတ်ထဲက ခံစားရလို့ လက်ခံတယ်လို့ ပြောတာပေါ့"

"အေးပါ. . အေးပါ. . ဘာပဲဖြစ်ဖြစ်၊ လက်ခံခံ ဘာခံခံ အဓိကက နင် ငါ့ကို ပြန်ချစ်ဖို့ပဲ မဟုတ်လား၊ ဒီတော့ ခုချိန်ကစပြီး နင်နဲ့ငါနဲ့ ဒန့်တန်တန်"

"ဘာလဲ ဒန့်တန်တန်ဆိုတာ"

"ဟာ. . ချစ်သူတွေ ဖြစ်သွားပြီနော်လို့ အချက်ပေးတဲ့ အင်ထရိုလေး ဝင်ပြတာ"

"ဟင့်. . ပေါပ့်"

သုခအဖို့ ချစ်နေရလို့ကတော့ ပေါရုံမကလို့ သွက်သွက်ခါအောင် ရူးသွားစမ်းပါစေ၊ ရူးပြလိုက်ချင်ပါရဲ့။

"ကဲ ပြောတော့ နင့်အားနည်းချက်၊ နင်လိုချင်တဲ့ အဖြေကိုလည်း ငါပေးပြီးသွားပြီ"

"အင်းပါ ပြောမယ်၊ ဒီလိုဟ. . အဟမ်း. . အဟမ်း"

တစ်ခါပြောဖို့အရေး ချောင်းဟန့်နေသဖြင့် နဒီ မျက်စောင်းသေးသေးလေး ရွယ်လိုက်သည်။

"ငါက ညဘက် အိပ်ပြီဆိုရင် ငါ့ဘေးမှာ ရှိနေတဲ့လူကို တက်တက်ခွပြီး ကလိထိုးတတ်တယ်ဟ"

"ဟင်. . . ဗုဒ္ဓေါ ဘာဖြစ်လို့ အဲလိုလုပ်ရတာလဲ"

"ငါလည်းမသိဘူးလေ၊ ယောင်တာပါဆိုမှ"

"ဟောတော် ဘုရားရေ၊ နင်လည်း လူထူးဆန်းပဲ၊ ပြတိုက်ပို့သင့်တယ်၊ နင် ဒီလောက်ယောင်ပြီး ကလိထိုးတာကို နင့်အစ်ကိုကရော ငြိမ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက သိပ်အအိပ်ကြီးတာဟ၊ ဆင်နှစ်ကောင် ဖင်ထောင်ပြီး သူ့အနားမှာ အော်ရင်တောင်မှ သူက နိုးတာမဟုတ်ဘူး၊ ဒီတော့ ငါ ကလိထိုးရင်လည်း သူ မသိဘူး"

"ဟော့တော်. . နင်တို့အဖြစ်ကလည်း ရယ်ရတယ်ဟယ်၊ အဲဒီလိုအကျင့်ရှိတဲ့ နင်နဲ့ နင့်အစ်ကို အိပ်နိုင်တာ ငါတော့ အံ့သြတယ်၊ ဒီအရွယ်ကြီးတွေရောက်မှ တစ်အိပ်ရာစီ အိပ်ပေါ့ဟဲ့"

"ငါက အိပ်ချင်တာ ငါ့အစ်ကိုက သူတစ်ယောက်တည်း မအိပ်ရဲလို့ ငါနဲ့ပဲ ဟိုးငယ်ငယ်ကတည်းက အိပ်လာတာ၊ ခွဲလို့မရတော့ဘူး"

"ဟယ်. . ရှေ့နေပဲဖြစ်နေပြီ၊ သရဲဘောက ကြောင်တုန်းလား"

"ကြောင်ရုံတင်မဟုတ်ဘူး၊ ကြောက်ပါ ကြောက်တာဟေ့၊ သူ့ တစ်ယောက်တည်း အိပ်ရင် ဘီလူးစီးသလို သရဲစီးသလို လှုပ်မရ ရှားမရ ခဏခဏဖြစ်လို့ နောက်ဆုံးတော့ သူတစ်ယောက်တည်း ဘယ်တော့မှ မအိပ်တော့ပဲ ငါနဲ့ပဲ အိပ်တော့တာ"

ရယ်စရာ သိပ်မကောင်းပဲနှင့် နဒီ ကိုယ်လေးလှုပ်ယမ်းသည် အထိ တသိမ့်သိမ့်ရယ်သည်။

"နင်နဲ့ လက်ထပ်ပြီးလို့ ငါ အဲလိုယောင်ပြီး နင့်ကို တက်ခွပြီး ကလိထိုးရင် နင် ငါ့ကို စိတ်ကုန်မှာလား"

ခုရှုပ်မှနောင်ရှင်း၊ ခုကတည်းက တစ်ခါတည်း မေးထားလိုက်တာကောင်းသည်။ နဒီ ရယ်မလို ငိုမလို တူးကာလာ မျက်နှာဖြင့် မဝံ့မရဲ မော့ကြည့်ပြီး. . .

"ဝူထဲစုတ်သွား၊ ဒီအချိန်မှာ ဒါတွေ လာမေးရလား၊ အဲဒီ အချိန်ရောက်မှ လက်တွေ့ကျကျနဲ့ အဖြေရှိမှာပေါ့ ငတုံးရဲ့"

ထိုသို့ပြောပြီး နဒီ သုခအနားမှ ပြုန်းခနဲ ထပြေးသွားသည်။





သုခ ကြောင်စိစိဖြင့် ကျန်ရစ်ခဲ့ပြီး။

အင်းလေ သူပြောတာလဲ ဟုတ်တာပဲ၊ ဒီကိစ္စက လက်တွေ့မှ မခံစားရသေးတာ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

နဒီတို့အိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် သုတ ဟွန်းသံ အဆက်မပြတ် ပေးလိုက်သည်။

"တီ. . တီ. . တီ. . တီ"

ဒီလောက် ကားဟွန်းသံ ပေးနေတာတောင် အိမ်ထဲမှ ထွက်လာသော လူရိပ်မတွေ့သဖြင့် အိမ်ထဲကို ငုံ့ကိုင်းကြည့်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးနောက် ကားထဲမှ ဒေါ်မြသီတာထံ လူကြုံပါးလိုက်သည့် ဘာပစ္စည်းတွေ ထည့်ထားမှန်း မသိသည့် လက်ဆွဲအိတ်တွေကို ယူကာ ခြံတံခါးတွန်းဖွင့်ပြီး ဝင်ခဲ့လိုက်သည်။





မုဆိုးမချင်းအတူတူ ကိုယ့်အမေ မုဆိုးမထက် ကံကောင်းသော ဒေါ်မြသီတာကို စိတ်ထဲမှပင် အမေ့ကိုယ်စား အားကျလိုက်သည်။

အိမ်ကြီး၏ အပြင်အဆင်ကအစ ခမ်းနားကာ တော်တော်လေး ချမ်းသာမည့်ပုံ၊ ဒါနဲ့များ နဒီကို လက်ထပ်ရမည့်အရေး ဘာကြောင့် တွန့်ဆုတ်နေရသလဲဆိုတော့ အဖြေက ရှင်းတော့ရှင်းပါသည်။

အဘယ်ကြောင့်ဆိုသော် နဒီမှာ တီဘီရောဂါရှိနေလို့ပဲ ဖြစ်သည်။ တီဘီရောဂါသာ မရှိခဲ့ရင် နဒီလို ပြီးပြည့်စုံသည့် မိန်းမလေးမျိုး ငြင်းစရာ အကြောင်းမရှိ။

သုတ မှန်တံခါးကြီးကို တွန်းဖွင့်ကာ ဝင်လာပြီး အိမ်အတွင်းထဲရှိ ဧည့်ခန်းကို ဝေ့ကြည့်လိုက်သည်။

"ဩော်. . ကိုသုတ ရောက်နေတာပဲ"

အလှပန်းအိုးလေးကိုင်ကာ ထွက်လာသော နဒီ၏ အိမ်နေရင်း ချစ်စရာ ဖရိုဖရဲ ပုံစံလေးကို သုတ ငေးကြည့်ရင်း ပြုံးပြလိုက်သည်။ အလှပန်းအိုးကို ဖုန်းတင်ထားသည့် ကျွန်းစားပွဲပုလေးပေါ် တင်လိုက်သည်။

"ခုပဲ ရောက်တာလေ၊ အပြင်မှာ ရပ်ခေါ်နေတာ မင်းမှ မကြားတာ"

"နဒီ ပန်းအိုးတွေ လဲနေလို့ပါ၊ အန်တီဆွေ ဘာမှာလိုက်လို့လဲ ကိုသုတ"

သုခရောဟု မေးချင်ပေမယ့် မေးမနေတော့ပဲ လိုရင်းကိုသာ မေးလိုက်သည်။

"အန်တီမြနဲ့ မြို့ထဲမှာ တွေ့တယ်လေ၊ မမ္မမိတ်ဆွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဆေးခန်းလိုက်ပို့ချင်လို့ အိမ်ကိုပြန်ဖြစ်မှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့် ဒီအထုပ်တွေ လူကြုံပါးလိုက်တာ”

ဆက်တီစားပွဲပေါ် အထုပ်တွေ လှမ်းတင်ရင်း ဆိုဖာခုံပေါ် ထိုင်ချလိုက်သည်။

“ဪ. . ဟုတ်ကဲ့ ကျေးဇူးပါပဲ၊ ကိုသုတရယ်၊ ထိုင်ဦးနော် နဒီ ကော်ဖီဖျော်လိုက်ဦးမယ်”

“ဟာ. . နေ. . နေ. . မဖျော်နဲ့ မသောက်တော့ဘူး”

သုတ ပျာပျာသလဲ ငြင်း၏။

“ဒါနဲ့. . နဒီ တီဘီဆေးသောက်တာ နေသာရဲ့လား၊ အဲဒီဆေးတွေက အရမ်းပြင်းတော့ အစားနိုင်နိုင်စားရတယ်”

သုတစကားကြောင့် နဒီ မျက်လုံးအဝိုင်းသားဖြင့်ကြည့်ကာ. .

“ဘယ်သူတီဘီဖြစ်တာလဲ၊ နဒီ့ကို ပြောတာလား”

“အင်းလေ တီဘီရောဂါ ဖြစ်နေတယ် မဟုတ်လား”

“ဟယ် မဟုတ်တာ၊ ဘယ်သူပြောလဲ၊ နဒီ့မှာ အဲဒီရောဂါ ရှိစရာလားလို့ မျိုးရိုးလည်း မရှိပါဘူး၊ အဟင့်. . ငိုတောင် ငိုချင်လာပြီ၊ နဒီက ပိန်လို့ တီဘီရုပ် ပေါက်နေတယ်လို့ ပြောလိုက်တာပေါ့”

နဒီ ငိုမဲ့မဲ့ဖြင့် ဝမ်းနည်းအားငယ်စွာ ဆိုလိုက်သည်။

“ဟမ်. . ဒါ. . ဒါဆို တီဘီရောဂါ တကယ်မရှိဘူးပေါ့”

“ရှိပါဘူးဆို”

“ဟာ ဒီကောင် တွေ့မယ်၊ အိမ်ရောက်ရင် တွေ့မယ်၊ ငါက တကယ်အောက်မေ့လို့ တစ်ဖက်သားကို အားနာစရာကွာ”

သုတ ဒေါသတွေ တလှိမ့်လှိမ့်တက်လာသည်။

“နဒီ့မှာ ဒီရောဂါရှိတယ်ဆိုတာ ဘယ်သူပြောတာလဲ”





“ဟိုကောင်. . သုခပေါ့”

“ဟင်. . သုခ ပြောတာ”

“အင်း. . ဟုတ်တယ်”

သုခ ဘာကြောင့် ခုလို လီဇယ်ပြောသလဲဆိုတာ နဒီ စဉ်းစားလို့မရ၊ နဒီ့ကို ချစ်တယ်ဆိုပြီး ခုလို ကွယ်ရာမှာ သွားပုပ်လေလွင့်ပြောတာကိုတော့ နည်းနည်းလေးမှ ဘဝင်မကျ၊ ရင်ထဲမှာ တနုံ့နုံ့နဲ့. .

“နဒီ့မှာ တီဘီမရှိဘူးဆိုတာ တကယ်ကျိန်းသေတယ်ပေါ့”

သုတ ကျိန်းသေရန် ထပ်မေးသည်။

နဒီ စိတ်မရှည်စွာဖြင့်. . .

“ဪ ဟုတ်ပါတယ် ဆိုမှပဲ၊ သုခ အကောင်စုတ် တွေ့မယ်၊ ဖုန်းဆက်ပြီးတော့ကို ပိုးဆိုးပက်စက် ပြောဦးမယ်”

နဒီ သုခကို ဖုန်းထဲမှာ ရန်တွေ့ချင်ဇောဖြင့် ဖုန်းရှိရာသို့ ထသွားရာ လမ်းခုလတ်မှာပင် ကြမ်းခင်းမှရေကို တက်နင်းမိပြီး. . .

“အမေ့. . ”

“ဘုံး. . ”

“ဟင်. . လဲပြီ”

နဒီ ကြမ်းခင်းမှ ရေနှင့်ချော်ပြီး ဘိုင်းခနဲ လဲကျသွားသည်။ သုတဆိုဖာခုံမှာ ထိုင်နေရင်းမှ ပြုန်းခနဲထကာ လဲကျသွားသော နဒီကိုထူဖို့ အနားသို့ စွေ့ခနဲ ရောက်သွားသည်။

“သွား. . သွား. . ”

နဒီ သူ့ပါးစပ်ကို လက်နှစ်ဖက်ဖြင့် ပိတ်ပြီး ကုန်းရုန်းထကာ ပလုံးပထွေးဖြင့် ‘သွား’ဟု တွင်တွင်အော်နေသည်။ စေတနာနှင့် တွဲထူပေးရန် လက်ရွယ်လိုက်သော သုတမှာ သူ့ကို နှင်လွှတ်နေ



www.burmeseclassic.com


www.burmeseclassic.com



ယောင်တောင်တောင်ဖြင့် အိမ်ပေါက်ဝသို့ပြန်ရန် လှည့်အထွက်. . .

“ဟင်. . ဒါ. . ဒါကြီးက၊ ဗုဒ္ဓေါ. . မြတ်စွာ”

ခြေထောက်နှင့် ခလုတ်တိုက်မိသော တစ်စုံတစ်ရာကြောင့် ခေါင်းမွေးများ ထောင်ထမတတ်ကို မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ပြီး နှုတ်မှ ဘုရားပင် တလိုက်မိသည့်အဖြစ်။







# အခန်း(၁၇)



“ဟား. . ဟား. . ဟား. . ဟား”

သုတ စာဖတ်ခန်းထဲမှာ စာဖတ်နေရင်းနှင့် ညနေက နဒီနှင့် ကြုံခဲ့ရသည့် အဖြစ်အပျက်ကို မျက်လုံးထဲ ပြန်မြင်ယောင်ပြီး တစ်ယောက်တည်း ခွက်ထိုးခွက်လန် ရယ်၍နေ၏။ ရယ်တာမှ တော်တော်လေးကို ရယ်တာ၊ ရယ်၍ အားမရ၊ စားပွဲခုံကို လက်နှင့် တဖြန်းဖြန်းရိုက်ပြီးကို ရယ်နေတာ။

သုခ ထမင်းစားပြီး ဝင်လာတော့ သုတ အူတက်မတတ် ရယ်နေသော ပုံစံကိုကြည့်ပြီး အော့ခနဲတက်ဖို့ ဟန်ပြင်နေသော လေချဉ်ပမ်း



www.burmeseclassic.com

www.burmeseclassic.com



အဆုံးထိ မတက်တော့ပဲ လမ်းခုလတ်မှာတင် ရပ်သွား၏။

တခိခိ တခွီးခွီးနဲ့ ရယ်နေပုံက နတ်သူငယ်များ ကလိလာထိုး နေသလားမှတ်တယ်၊ သုတအနားကို ခြေသံမကြားအောင် ခပ်ဖွဖွ လျှောက်သွားပြီး စာအုပ်ကြီးကိုကြည့်ပြီး ရယ်နေသောကြောင့် စာအုပ် ထဲမှာပါသည့် အကြောင်းအရာကို အနောက်ကနေ မသိမသာ မိုးကြည့် မိသည်။

ဒေါ်အောင်ဆန်းစုကြည်၏. . .

"ဟင့်အင်းကို ကျော်ဖြတ်ခြင်း"

စာအုပ်၊ ထိုစာအုပ်ကို သုခလည်း ဖတ်ပြီးပြီ၊ ဘယ်လိုရယ်စရာ အကြောင်းအရာမှ မပါ။

ဒါဆို ဘာတွေကို အူလှိုက်သည်းလှိုက် ပြန်တွေးပြီး အူတက် မတတ် ရယ်နေရတာလဲ၊ သုခ ဘယ်လိုမှ စဉ်းစား၍မရ၊ ထိုစဉ် နှာ ခေါင်းထဲမှ ခြင်ဆေးခွေ အနံ့ကြောင့် ယားကျလိယားကျလိ ဖြစ်လာ ကာ. . .

"ဟတ်. . ဟတ်. . ဟတ်ချိုး. ."

"ဟာ. ."

သုတကအလှည့် သုခက နှာအချေနှင့် သွားဆုံသဖြင့် သုတ၏ မျက်နှာပေါ်မှာ နှာရည်တွေ ဖျန်းခနဲ စင်သွားသည်။

"ဟော့. . ဟော့ကောင်၊ မင်း. . မင်း ယုတ်မာလှချေလား၊ ငါ လှည့်ကြည့်မှပဲ နှာချေရလားလို့ ခွီးတဲ့မှပဲ"

"ဟာ. . . ထိန်းလို့မှ မရတာ၊ ကိုသု မသိဘူးလား၊ လောကမှာ ထိန်းလို့မရတဲ့ အရာသုံးခု ရှိတယ်လေ၊ အဲဒါက ကလိထိုးခံရပြီး မထိန်း နိုင်လို့ရယ်တာရယ်၊ နှာချေတာရယ်၊ အိပ်ရင် ယောင်တတ်တာ ရယ်





လေ၊ ခုလည်း သူ့အလိုလို နှာချေမိသွားတာ၊ ညီလည်း ဘာတတ်နိုင်မှာ လဲ"

သုတ သူ့ခါးမှ ပုဆိုးစကို ဆွဲချွတ်ပြီး ပုဆိုးအပေါ် အနားစနှင့် မျက်နှာမှ နှာရည်တွေကို ဆွဲသုတ်လိုက်သည်။

"နေပါဦး ကိုသုက ဘာတွေ ရယ်နေတာလဲ"

"ငါ့ဟာငါ ဘာရယ်ရယ်ပေါ့ကွ၊ မင်းအပူလား"

"ပူတာပေါ့၊ ရယ်စရာမရှိပဲ ဘလိုင်းကြီး ထရယ်နေတော့ သူ ငယ်နာမစင်သေးလို့လားဆိုပြီး စိတ်ပူတာပေါ့"

"ဟော့ကောင် ပေါက်ကရတွေ လာမဖွနဲ့နော်"

"ဒါဆိုပြောလေ၊ ဘာရယ်စရာရှိလို့ ရယ်တာလဲ"

"ပိုးဆိုးပက်စက် ရယ်နေတာများ သူငယ်နာ မစင်သေးတာ လား၊ နတ်သူငယ် ကလိထိုးလို့ ရယ်နေတာများ ဒီဂျေပွတ်နေတာ ကျ နေတာပဲ"

သုခကလည်း ရယ်ရခြင်း အကြောင်းအရင်းကို မရမက မေးသည်။

"ဒီဂျေပွတ်ပြီး ရယ်တာမဟုတ်ဘူးဟ၊ မင်းမျက်နှာကို ဟော ဒီလက်သီးကြီးနဲ့ ပွတ်မလို့ ညာသံပေးနေတာကွ. . ရှင်းလား"

သုတ လက်သီးကြီး တရွယ်ရွယ်နှင့် ဘောက်ဆတ်ဆတ်ပြော တော့ သုခ ခေါင်းတခါခါနှင့် သုတလက်သီးကိုရှောင်ရင်း. . .

"ဘာမှလည်း မဆိုင်ဘူး၊ ရယ်စရာ မကောင်းလိုက်တာ"

"ဘာလို့မဆိုင်ရမှာလဲ၊ မင်း နဒီမှာ ကိုယ်ဝန် အဲလေ. . တီဘီ ရှိတယ်ဆိုပြီး ငါ့ဘာလို့ လာလိမ်ရတာလဲ၊ အဲလိုလိမ်လို့ မင်း ဘယ်နှ ပြားရသွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



သုတစကားကြောင့် သုခ ငေါင်သွားကာ. . .

"ကိုသုကို နဒီမှာ တီဘီမရှိပါဘူးလို့ ဘယ်သူပြောလဲ"

"သူပြောတာပေါ့ကွ၊ ငါက တီဘီဆေးသောက်ရတာ သက်တောင့်သက်သာရှိရဲ့လား၊ နေလို့ ကောင်းရဲ့လားလို့ လောကွတ်ချော်မေးမိလိုက်တာ၊ တော်သေးတာပေါ့ ပါးရိုက်မခံရတာ"

"အဲ. . အဲဒါနဲ့ သူ ဒေါသထွက်မသွားဘူးလား"

"ထွက်တာပေါ့၊ ဒါပေမယ့် ငါ့ကို မဟုတ်ဘူး မင်းကို ဒါကြောင့် မင်းအသက်ကို ဖက်. . အဲ. . နေဦး ဒီခေတ်က ဖက်မသုံးတော့ဘူး၊ ဒီတော့ ပလတ်စတစ်အိတ်နဲ့ထုတ်ပြီး သံချိတ်မှာ ချိတ်ထားလိုက်တော့"

"အံမယ် အဲဒီလို လိမ်ရခြင်း အကြောင်းရှိတယ်လေ၊ ပိန်ပိန်ညှိုကို စိတ်မဆိုးအောင် ညှိမှာလည်း ဖြောင့်ချက်ရှိတယ်လေ၊ ကိုသုညီချိန်နေတဲ့ မိန်းကလေးတိုင်း ဘယ်နှခါ အလွတ်ပေးဖူးလို့လဲ၊ ဒါကြောင့် ညီက ကြိုပြီး အကွက်ရွှေ့ထားတာ၊ ခု သူနဲ့ ချစ်သူတွေ ဖြစ်သွားကြပြီ၊ ကိုသု ဇယားလာမကပ်နဲ့တော့နော်၊ ဒီတစ်ခါတော့ ညီ အလျှော့ပေးမှာ မဟုတ်ဘူး၊ နပန်းလုံးပြီး ဖက်ကိုက်ဆိုလည်း ကိုက်မှာပဲ"

သုခစကားကြောင့် သုတ တခွီးခွီးဖြင့် ရယ်ပြန်၏။

"ဟော. . ရယ်ပြန်ပြီ၊ ကိုသု ညီ အိပ်ရင်းနဲ့ ယောင်ပြီး ကလိထိုးနေတာ မဟုတ်ဘူးနော်၊ အတည်ပြောနေတာ"

သုတ ရယ်ရခြင်း အကြောင်းရင်းမှာ ညနေက နဒီ ကိုယ့်အရှေ့မှာ အရှက်ပြန်းပြန်းကွဲကာ သူ့အကြောင်းကို သုခကို လုံးဝမပြောပြဖို့ ဒူးခေါင်းမဖက်ရုံတမယ် တောင်းပန်လိုက်သော မြင်ကွင်းကြီးကိုမြင်ပြီး ရယ်ကြောထပ်ရှည်နေခြင်း ဖြစ်သည်။

သုခ နဒီကို ကြွေနေမှန်း သုတ ခုမှသိပေမယ့် ဒီလောက်





တောင် အစ်ကိုအပေါ်မှာ အမြဲအမြင်မကြည်တဲ့ကောင် မှတ်လောက်အောင် ပညာပေးသည့်အနေနှင့် တစ်ဘဝစာ ဟာသလေးမြောက်သွားအောင် နဒီကိစ္စကို လုံးဝဖွင့်မပြောဖို့ ယတိပြတ် ဆုံးဖြတ်ထားပြီးသား။

စိတ်ထဲမှာ နဒီပုံစံကို ပြန်ပြန်မြင်ပြီး ရယ်ပဲ ရယ်ချင်နေသည်။

ဘာကြောင့် ရယ်ရသည်ဆိုသည့် အမှန်တရားကိုတော့ လုံးဝဖွင့်ပြော၍မရ။

"အေးပါကွာ. . အေးပါ၊ ငါကလည်း မင်းရဲ့ နဒီကို စိတ်နဲ့ ပစ်မှားဖို့ နေနေသာသာ ဟော့ဒီလိုတောင် ဝေ့မကြည့်ဘူး စိတ်ချ၊ ငါက ညဆိုရင် သရဲကြောက်တတ်တဲ့ကောင်ပါကွ၊ ဒါကြောင့် သူများချစ်သူ. . အဲ. . ဒီတစ်ခါ မင်းချစ်တဲ့ကောင်မလေးကို လုံးဝကို စိတ်မဝင်စားဘူး၊ ငါက ဟိုဘက်အိမ်က ကောင်မလေး ကလျာချောချောစုကိုပဲ လက်ထပ်မှာ"

"ဒါဆို ခေးခေးတို့ သန္တာလှိုင်တို့ကိုရော ဘယ်လိုလုပ်မလဲ၊ ကိုသု သူတို့နဲ့ ပြတ်သေးတာမှ မဟုတ်တာ"

"အဲဒါတွေက ငါ အချိန်မရွေး ခေါက်လို့ရတဲ့ ဟာလေးတွေ၊ ရှော့ခ်မရှိဘူး"

"ကလျာကို ကိုသု တကယ်ချိန်နေတာလား၊ စဉ်းစားနော် အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုးတဲ့၊ ဒီအမှားက ပြန်ပြင်ခွင့်မရှိဘူး၊ တော်ကြာနေ လက်ထပ်ပြီးမှ. . အာဘား. . အာဘား ဆိုပြီး လန်ပြေးလာမှ ဟိုက မကျေနပ်လို့ အမှုဖွင့်ရင် ရှေ့နေပေါက်စနလေး လက်ထိပ်ကလေးနဲ့ ကြည့်လှနေမယ်"

"ဟော့ကောင် ငါက ယောက်ျားလေး၊ လန်ပြေးစရာ အကြောင်းကို မရှိတာ၊ မင်းသာ ကိုယ့်ကောင်မလေးနဲ့ ကိုယ်ကြို ကလျာကို



www.burmeseclassic.com

www.burmeseclassic.com



ဝေ့တောင် မကြည့်မိစေနဲ့"

"အင်းပါ. . စိတ်ချ၊ ဟား. . ဟား. . ဟား. . ဟား"

"ပိတ်စမ်း. . ဒါ ရယ်စရာ မဟုတ်ဘူး"

ဒီတစ်ခါ ခွက်ခွက်လန်အောင် ရယ်သူက သုခဖြစ်သည်။ ကလျာ၏ လျှို့ဝှက်ချက်ကို မသိသေး၍ အသည်းအသန်ဖြစ်နေသော ကိုသုကို မြင်ယောင်ပါသေး။

လက်ထပ်ပြီးမှ မှားလေခြင်းဆိုပြီး ဒူးနဲ့မျက်ရည် သုတ်နေရမှာ ကိုယ့်အပေါ် အမြဲတမ်း အနိုင်ယူဗိုလ်ကျချင်တဲ့ ဒီအစ်ကိုကို တစ်ဘဝလုံးစာ ဟာသလေးမြောက်သွားအောင် ကလျာအကြောင်းလေးကို စက္ကူဘူးထဲ ခေါက်သိမ်းပြီး တစ်သက်စာ လျှို့ဝှက်ထားမှ. . .

ဒီလောက် မျက်နှာများပြီး ဆရာကြီးဂိုက် ဖမ်းချင်တဲ့ကိုသု တစ်သက်စာနောင်တအတွက် ကြိုတင်သာ အားမွေးထားပေတော့။









# အခန်း(၁၀)

"ကိုသုတာ ရှင် ကလျာ့ကို ညာတယ်"

ငိုမဲ့မဲ့မျက်နှာနှင့် ခြေဆောင့်ကာ ပြောနေသော ကလျာ့ကို ကြည့်ပြီး သုတ ဖြူသွားသည်။ တစ်ခါမှ ချစ်သူမထားဖူးပါဘူးဟု လိမ်ထားသော အလိမ်တွေ ပေါ်ကုန်ပြီလားဟု စိတ်ထဲမှာ ထင့်ခနဲ ပူပန်သွားသည်။

သို့သော်. . ဘာမှမဖြစ်သလို မှင်သေသေနှင့်. . .

"ကိုယ်က ဘာလိမ်လို့လဲ ကလျာရယ်"

ကလျာ မျက်စောင်းဝေ့ကာ. . .

"ရှင့်မှာ ချစ်သူတောင် မရှိပါဘူးဆိုပြီး ခုတော့ လူကြီးချ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူထားတဲ့သူတောင် ရှိနေပါလား"

"ကလျာ့ကို ဘယ်သူပြောလဲ"

"ရှင့်အမေ ပြောတာပေါ့"

ကလျာအထင်လွဲသောကိစ္စသည် ဘာမျှ မပြောပလောက်၍ သုတ စိတ်အေးသွားကာ တဟဲဟဲဖြင့်ရယ်ရင်း ကလျာ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။

"အဲဒါ မေမေသဘောတူတာလေ၊ ကိုယ့်သဘောမှ မပါတာ၊ စိတ်ချ ကိုယ် အဲဒီကောင်မလေးကို အရင်ကလည်း စိတ်မဝင်စားခဲ့ဘူး၊ ခုဆို ပိုတောင်စိတ်မဝင်စားသေးတယ်"

"မယုံပါဘူး"

"ယုံလိုက် နဒီက သုခနဲ့ ငြိနေတာ၊ ကိုယ်နဲ့ အနေသာကြီး"

"သူ့နာမည်က နဒီတဲ့လား"

"နာမည်အပြည့်အစုံက နဒီမိုးမြင့်"

"ဟင်. . ဟို ပိန်ပိန်ကပ်ကပ်နဲ့ ပိုးဟပ်ဖြူမကို ပြောတာလား၊ သူက အမေတစ်ခု သမီးတစ်ခု၊ သူ့အမေက အရွယ်နဲ့မလိုက်အောင် လန်းတယ်လေ၊ နာမည်က ဒေါ်မြသီတာ"

"သိလှချေလား၊ ကလျာနဲ့ သူငယ်ချင်းတွေလား"

"မဟုတ်ဘူး၊ ရန်သူတွေ"

"ဟော့ဗျာ လင်ညီအစ်မတော်ရမယ့်သူက ရန်သူတွေတဲ့လား"

"ကလျာ့အစ်ကိုကို မတူသလို မတန်သလို ချိုးသွားတဲ့ ငပိန်မ ဖြစ်နိုင်ရင်- အရေခွံတောင် ဆုတ်ပြစ်ချင်သေးတာ၊ ဟွန်း. . ဒင်းနဲ့မှ ဆွေမျိုးလာတော်ရဦးမယ်လို့၊ ဒါပဲနော် ကိုသုတက သားကြီး ဩရသဆို တော့ အခွင့်အရေး ပိုရမှ ဖြစ်မှာနော်၊ ကိုသုတ်အမေကလည်း ချွေးမ





ကြီးလုပ်မယ့် ကလျာ့ကို သူ့ထက်ပိုပြီး အလေးပေးရမယ်"

ခုကတည်းက အဝေမတည့်ပဲ တစ်ယောက်တည်း စားခွက် လုနေသော ကလျာ့ကို ပြုံးပြုံးရောဆိုပြီး ခေါင်းသာ တွင်တွင်ညိတ်လိုက် သည်။

ဒီတော့ ကလျာပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၉)



"အား . . နာတယ်၊ လူကို အဲလောက် မညှာမတာ ဆိတ်ဆွဲရလား"

ထူပူသွားသော လက်မောင်းသားကိုပွတ်ပြီး သုခ နဒီကို ပြူးကြည့်လိုက်သည်။

"ဆွဲမှာပေါ့၊ လူကို မညှာမတာနဲ့ တီဘီရောဂါသည်ဖြစ်အောင် လီဆယ်ပြောတဲ့သူ ငါက ဆိတ်ဆွဲရုံတင်မဟုတ်ဘူး၊ ကိုက်ပါ ဆွဲချင်တာ"

"အောင်မလေးဗျာ ရက်စက်ပ့ါ၊ ဒီက သူ့ကို အန္တရာယ်က လွတ်အောင်လည်း ကာကွယ်ပေးရသေးတယ်၊ လူကို ကျေးဇူးမတင်





ဖင်လှန်ပြ လုပ်နေတယ်"

"ဟယ် . . သုခ ပြောလေ ကဲလေပါလား၊ ငါ နင့်ကို ဘယ်မှာ ဖင်လှန်ပြလို့လဲ၊ ဆိတ်ပဲဆွဲတဲ့ဟာကို"

"အေးပါ ဘာပဲဖြစ်ဖြစ် ကျေးဇူးကန်းတာက ကန်းတာပဲ မဟုတ်လား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ၊ နင့်မှာ တီဘီရောဂါရှိတယ်လို့ ငါညာပြောရတာ အကြောင်းမဲ့ သက်သက်မဟုတ်ဘူး၊ ငါ့အစ်ကိုက မိန်းကလေးမြင်ရင် ခါတ်တိုင် ထဘီပတ်ပေးတောင် အလွတ်ပေးမှာ မဟုတ်ဘူး၊ နင့်မှာ တီဘီရှိတယ်လို့ ငါညာပြောထားလို့ နင့်နားကို ယောင်လို့တောင် မကပ်တာ"

နဒီကပဲ ပြန်ပြီး ကျေးဇူးအနန္တတွေ တင်ရမည့်ပုံ။

"ငါက ငါချစ်တဲ့မိန်းကလေး သူ့နောက် ပါမသွားဖို့အတွက် ဒီလောက်တော့ ကိုယ့်အတ္တကို ကိုယ်ထုတ်သုံးသင့်တာပေါ့၊ ငါမှ နင့်ကို အဆုံးရှုံး မခံချင်တာ၊ ငါ့အစ်ကိုက မိန်းမနဲ့ ပတ်သက်ရင် ဆရာစား မချန်ဘူး၊ ရသမျှ အကုန်ကစ်ပဲ"

နဒီ ကြားရုံနဲ့တင် ကြက်သီးတဖြန်းဖြန်း ထရသည်။ တော်သေးတာပေါ့၊ ကိုယ့်နှလုံးသားကလည်း သုခ်အပေါ်မှာပဲ တိမ်းညွတ်မိလို့ပေါ့။

"နင့်မှာ တီဘီမရှိဘူးလို့ သိသွားတဲ့အချိန်မှာ သူ့ဆီမှာ လောလောလတ်လတ် ကောင်မလေးတစ်ယောက် ရထားလို့ နို့မို့က တော့ နင့်ဆီကို ဦးလှည့်လာမှာ၊ အမေရိကန် ဒုံးကျည်ကမှ ရှောင်နိုင်ရင် လွတ်ဦးမှာ၊ သူက လွတ်ဖို့ မလွယ်ဘူး"



www.burmeseclassic.com

"ဟယ်. . နင့်အစ်ကိုက အဲလောက်တောင် ဆိုးသလား"

"အဲဒီထက်တောင် ပိုသေးတယ်"

"ဒါဆို အခု သူနဲ့တွဲနေတဲ့ ကောင်မလေးတော့ သနားပါတယ်ဟယ်"

"မသနားနဲ့ ကလျာချောချောစုက ငါ့အစ်ကိုကိုကြိုက်တာ တစ်ပိုင်းတင်မဟုတ်ဘူး၊ နှစ်ပိုင်းစလုံးကို ဒွေတာ၊ ငါ့အစ်ကိုကလည်း သူမှသူဖြစ်နေတာ"

"ဘယ်လို ကလျာချောချောစု ဟုတ်လား၊ ဟို. . ဒေါ်မာလာသက်တင်ရဲ့တူမ ကလျာချောချောစုကို ပြောတာလား"

"နင်က သိလို့လား"

"သိရုံတင် မဟုတ်ဘူး၊ ရန်သူတွေတောင် ဖြစ်ခဲ့ဖူးတယ်"

"ဟုတ်လား ဘာဖြစ်လို့လဲ၊ ကောင်လေးတစ်ယောက်ကို နှစ်ယောက်ပြိုင်ကြိုက်မိကြလို့လား"

"မဟုတ်ပါဘူး၊ ဒေါ်မာလာသက်တင်ရဲ့ မွေးစားသားက ငါ့ကို အသည်းအသန် လိုက်ကြိုက်နေလို့ ငါက ပြန်မကြိုက်တာနဲ့ သူ့အစ်ကိုကို ပြန်မကြိုက်နိုင်ရလောက်အောင် သူက ဘယ်လောက်လှနေလို့လဲ ဘာညာနဲ့၊ ငါ့ကိုလည်း ကားဘီးအနင်းခံထားရတဲ့ ငါးခြောက်ပြားမ ဆိုပြီး သူတို့ဘက်က ရန်စရင်း ပြဿနာတက်ကြတာ အဲဒီကတည်းက ငါနဲ့လည်း မတွေ့ကြတော့ပါဘူး"

"အခု ငါတို့အိမ်ဘေးကို ပြောင်းလာတာ မကြာသေးဘူး"

နဒီ မျက်နှာ ရှုံ့မဲ့ကာ. . .

"ဟွန်း စိတ်ပျက်ပါတယ်၊ မတည့်တဲ့လူနဲ့မှ လာပြီး ဆွေမျိုးတော်ရဦးမယ်ဟယ်"





"ဘာဆိုင်လဲဟာ၊ ဆွေမျိုးတော်ပေမယ့်လည်း ကိုယ်ပတ်သက်မှပါ၊ မပတ်သက်ပဲနေရင် အနေသာကြီး"

"ဒါပဲနော် ငါနဲ့နင် လက်ထပ်ပြီးရင် ကိုသုတ သူ့ကိုချစ်တာထက်. . နင် ငါ့ကို ချစ်တဲ့အချစ်က အဆပေါင်းများစွာ သာရမယ်နော်၊ ငါ့အပေါ် အမြဲသစ္စာရှိရမယ်၊ ကမ္ဘာပေါ်မှာ အိမ်ထောင်ရေး ကံအကောင်းဆုံး မိန်းကလေးက ငါပဲ ဖြစ်ရမယ်၊ အန်တီဆွေကလည်း သူ့ထက်ငါ့ကို ပိုချစ်မှာ ငါသိတယ်"

တစ်ယောက်တည်း လောဘတွေ တက်နေသော နဒီကိုကြည့်ပြီး သုခ ကျိတ်ပြုံးလိုက်သည်။ စိတ်ထဲမှလည်း 'နင့်ထင်သလို အိမ်ထောင်ရေးကံအကောင်းဆုံးမိန်းမက နင်ပဲ ဖြစ်ရမှာပါဟာ. . ဘာဖြစ်လို့လဲ ဆိုတော့. . ကိုသု ကလျာ့ကို သိပ်မကြာခင်မှာ စိတ်အပျက်ကြီးပျက်သွားလိမ့်မယ်၊ အဲဒီအကြောင်းအရင်းကို ငါသိနေပေမယ့် နင့်ကိုလည်း ပြောလို့မဖြစ်ဘူး နဒီ. . .။

သုခ ကိုယ့်အကြံနှင့်ကိုယ် ခပ်မိန့်မိန့် ပြုံးလိုက်သည်။

အောင်မြင်စာပေ

www.burmeseclassic.com





# အခန်း (၂၀)

ဒေါ်ခင်ဆွေလတ် ဘုရားခန်းထဲမှ ဘုရားဝတ်ပြု တရားထိုင် အမျှအတန်းပေးဝေပြီး၍ ထွက်လိုက်သည်နှင့် ဘုရားခန်းရှေ့တွင် ဆိုင်းဘုတ်ကိုယ်စီဖြင့် ဇုတ်တုတ်ထိုင်ကာ မှင်သေသေဖြင့် ငြိမ်သက်နေကြသော သားနှစ်ယောက်ကိုကြည့်ပြီး အံ့သြသွားသည်။

"ဟဲ့. . ဒါ ဘယ်လိုဖြစ်နေကြတာတုန်း၊ တရားထိုင်နေတာ ဆိုရင်လည်း ဘုရားခန်းထဲဝင်ပြီး ထိုင်ကြလေ၊ ဘုရားခန်းက အကျယ်ကြီးပဲဟာကို ဘာတွေစတန့်ထွင်နေကြတာတုန်း"

ဒေါ်ခင်ဆွေလတ် အပြစ်တင်စကားကြောင့် သုတ မျက်လုံးပေကလပ် ပေကလပ်လုပ်ကာ မော့ကြည့်ပြီး သူ့ရင်ဘတ်ရှေ့မှာကပ်ပြီး ကိုင်ထားသော ဆိုင်းဘုတ်ကို မေးဆတ်ပြပြီး. . .





"ဒီမှာလေ စာရေးထားတယ် ဖတ်ကြည့်ပေါ့၊ အခု မေမေ့ကို တိတ်ဆိတ်စွာ ဆန္ဒထုတ်ဖော်ပွဲ ကျင်းပနေတာ၊ မေမေ မလိုက်လျောမချင်း ဒီနေရာကလည်း မထဘူး၊ ဘာမှလည်း မစားဘူး၊ အီးပါ သေးပေါက်လည်း မလုပ်ဘူး၊ လေလည်ချင်ရင်တောင် အောင့်ထားမယ်"

"ဘုရားရေ. ."

ဒေါ်ခင်ဆွေလတ် ဆိုင်းဘုတ်တွေကို ဖတ်ကြည့်တော့ သုခကိုင်ထားသော ဆိုင်းဘုတ်မှာ ရေးထားသည့်စာက "နဒီနှင့် ကိုသုခ၏ လက်ထပ်ဖို့ အစီအစဉ်ကို ဖျက်သိမ်းရေး ဗိုအရေး"ဟု ရေးထားပြီး သုတ၏ ဆိုင်းဘုတ်မှာ "ကလျာချောချောစုကို တောင်းရမ်းလက်ထပ်ပေးပါရန် ပွင့်လင်းစွာ တောင်းဆိုသည်"ဟူသော စာတန်းဖြစ်သည်။

"အမလေး. . အမလေး ဒါက မကြီးမငယ်နဲ့ ဘာတွေ အရှုးထကြပြန်တာတုန်း"

"မကြီးမငယ်မို့ ခုလို ထုတ်ဖော်ဆန္ဒပြပွဲ လုပ်တာပေါ့ မေမေရာ၊ ကလေးလေးတွေသာဆိုရင် ကြမ်းပြင်နဲ့ ခြေထောက်ပွတ်ပြီး အာပြဲအောင် ငိုပြီး ဆန့်ကျင်တော့မှာပေါ့"

"လူကြီးတွေက ကောင်းစေချင်လို့ စီစဉ်ထားတဲ့ကိစ္စ၊ မင်းတို့က ခြေနဲ့ ဖျက်ကြမလို့ပေါ့လေ၊ ငါ့ကိုများ မတော်မတရားတဲ့မိန်းမနဲ့ ပေးစားနေတဲ့ မိဘလို့ ထင်နေလားဟင်၊ လူကြားလို့မှမကောင်း မိဘက နင်တို့ကို မွေးထားတာပါ၊ နင်တို့ရဲ့ အနာဂတ်ကို ဟိုးအရှည်ကြီး ကြည့်ပြီး စီစဉ်သင့်တာ စီစဉ်ပေးရတာ"

သုတကစပြီး. . .

"ဒါပေမယ့် မေမေရာ ကျွန်တော်မှ နဒီကိုမချစ်တာ၊ နဒီနဲ့ သုခနဲ့ ချစ်နေကြတာကို ကျွန်တော်နဲ့စီစဉ်တယ် ဆိုတာကတော့ အ



www.burmeseclassic.com

ထားအသိုလွဲနေတယ် မေမေရာ၊ ဒီတော့ နဒီ့ကို သုခနဲ့ လက်ထပ်ပေးပြီး ကျွန်တော့်ကို ကလျာချောချောစုနဲ့ လက်ထပ်ပေးပါ”

ဒေါ်ခင်ဆွေလတ် စိတ်ပျက်စွာ ခေါင်းကို ခပ်လေးလေးခါယမ်းလိုက်ပြီး. . .

“မရဘူး၊ မြလေးက မင်းကိုပဲ သူ့သားမက်အဖြစ် ရွေးချယ်ထားတာ၊ သုတကိုပဲ သူ အထင်ကြီးတာ၊ သုခကို အထင်ကြီးတာ မဟုတ်ဘူး၊ မင်းလိုရှေ့နေကို တရားသူကြီးဖြစ်အောင် ထပ်ပြီး မြှောက်တင်ပေးနိုင်မယ့်သူက သူပဲရှိတယ်၊ ငါကလည်း မင်းလို အသုံးအဖြုန်းကြီးတဲ့သားကို နဒီ့လို စီးပွားရေးတောင့်တင်းခိုင်မာတဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်စေချင်တာ၊ ခုတော့ ငါ့မှာ စီးပွားရှာလိုက်ရတာ ဖတ်ဖတ်ကို မောလို့၊ သားကြီးက ရှေ့နေတစ်ယောက် ဖြစ်နေပြီး မိဘရဲ့ စီးပွားရေးကို ဘာအထောက်အကူမှ မရတဲ့အပြင် တစ်လတစ်လ မင်းရဲ့ အသုံးစားရိတ်ကို ရှာပေးနေရတာကြောင့် ငါလည်း သေမှာပဲ၊ အရှင်းဆုံး ပြောရရင် မင်းလို မိန်းကလေးတွေနဲ့ ရှုပ်ပွေပြီး အသုံးအဖြုန်းကြီးတဲ့ သားမျိုးကို အရင်ဆုံး အိမ်ထောင်ချပေးမှ ခြေငြိမ်မှာမို့. . . ယောက္ခမရဲ့ အုပ်ထိန်းမှုအောက်မှာ ပြားပြားဝပ်စေချင်တယ်၊ ဒါကြောင့် နဒီ့ကိုပဲ မင်းလက်ထပ်ရမယ်”

ဒေါ်ခင်ဆွေလတ်ကလည်း တစ်ချက်လွှတ်အမိန့် ပြောပြီးသား စကားကို ပြန်မပြင်။ ဒီတစ်ခါ သုခအလှည့်။

“အဲဒီအဆိုကို ကျွန်တော် ကန့်ကွက်ပါတယ် မေမေ”

သုခ ရင်ဘတ်မှာ အပ်ထားသည့် ဆိုင်းဘုတ်ကိုမြှောက်ကာ မြှောက်ကာဖြင့် ဒေါ်ခင်ဆွေလတ်၏ အမိန့်ကို ဆန့်ကျင်၏။

“ယောက်ျားနဲ့မိန်းမ ပေါင်းစည်းတယ်ဆိုတာ ရင်ထဲက ခံစားမှု





နှစ်ခု ထိပ်တိုက်ပေါင်းစုံပြီး တစ်ယောက်အပေါ်တစ်ယောက် ခံစားနားလည်နိုင်မှ အောင်မြင်တဲ့အိမ်ထောင်ရေးအဖြစ် လောကအလယ်မှာ ရပ်တည်နိုင်ရမှာပေါ့၊ မေမေက ကိုသုကို ကျွန်တော့်ချစ်သူနဲ့ ပေးစားလိုက်ပါပြီတဲ့. . .

လောလောလတ်လတ် ချစ်သူတော်ခဲ့တဲ့ ကျွန်တော်နဲ့ နဒီရဲ့ ပတ်သက်မှုတွေက ပွင့်လင်းမြင်သာမှု ရှိပါတော့မလား၊ ရင်ထဲမှာ တအုံနွေးနွေးနဲ့ မြင်သာမြင် မကြင်ရတဲ့ဘဝနဲ့ တစ်ယောက်ကိုတစ်ယောက် အလွမ်းနဲ့အဆုံးသတ်နေမှာ၊ ကိုသုဘက်က ဝင်ကြည့်ပြန်တော့လည်း ညီရဲ့ချစ်သူကို လုယူပြီး လက်ထပ်ထားတဲ့ အစ်ကိုတစ်ယောက် အနေနဲ့ ညဆိုရင် အိပ်ကောင်းခြင်း အိပ်ရပ့်မလား၊ မေမေပဲ စဉ်းစားကြည့်”



“ဟဲ့. . . ဘာဆိုင်တုန်း”

“ဆိုင်တယ်လေ၊ သူတို့က ချစ်လက်စရှိထားတဲ့ လူတွေပဲဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ညဘက် ငါအိပ်ပျော်နေတုန်း ချိန်းတွေ့ကြမလားဆိုတဲ့ စိုးရိမ်ပူပန်စိတ်နဲ့ အိပ်ကောင်းခြင်း အိပ်ရပါတော့မလား၊ အဲလိုဆို ညီအစ်ကိုတွေ စိတ်ဝမ်းကွဲကုန်မယ်"

အကြောင်းပြချက် ခိုင်လုံနေသော သူခစကားကြောင့် ဒေါ်ခင်ဆွေလတ် တွေခနဲ ဖြစ်သွားသည်။

"ဒါပေမယ့် မေမေ မြလေးရဲ့ ဆန္ဒကို ဘယ်လိုငြင်းမလဲ၊ သူက သူတမှ သူတ ဖြစ်နေတာလေ"

"ရတယ်မေမေ၊ သူတကနေ သူခဖြစ်သွားအောင် လုပ်ဖို့က ကျွန်တော်တို့ အပိုင်းပါ၊ နဒီလည်း ဒီအကြောင်းတွေကို သူ့အမေနဲ့ တိုက်ပွဲတစ်ခု ဖြစ်နေတယ်"

"အေးလေ မင်းတို့ချင်း အဝေတည့်ရင် ပြီးတာပဲ၊ ဘယ်သူနဲ့ပဲ ယူယူ အဓိကက ငါ့ မုဆိုးမဆီမှာ ကလေးတစ်ယောက်လို မုန့်ဖိုး လက်ဖြန့်တောင်းနေတဲ့ ခပ်ပေါ့ပေါ့သားတွေဘဝက လွတ်ဖို့ပဲ မဟုတ်လား၊ ကလျာတို့တွေကလည်း ချမ်းသာတဲ့ အသိုင်းအဝိုင်းကဆိုတော့ ဘယ်သူနဲ့ပဲညားညား မေမေကတော့ ကန့်ကွက်စရာ လုံးဝမရှိဘူး၊ ဒီတော့ မမြလေး ကြည်ဖြူအောင်သာ ကြိုးစားကြပေတော့"

ဒေါ်ခင်ဆွေလတ် ထိုသို့သာပြောပြီး သူတို့၏ ဆန္ဒထုတ်ဖော်ပွဲကို အဆုံးသတ်ပေးလိုက်သည်။

ညီအစ်ကိုနှစ်ယောက် ဒီတစ်ခါတော့ စည်းလုံးစွာဖြင့် ဖြောင်းခနဲမြည်အောင် လက်ဝါးချင်းရိုက်ကာ လျှို့ဝှက်စွာ ရယ်လိုက်ကြသည်။







# အခန်း(၂၁)

"ဩမီး နဒီ၊ ညည်း အဲဒီအခန်းထဲမှာပဲ ငေးမှိုင်ပြီး အဆွေးဆိုင် ဖွင့်တော့မလား၊ ထွက်ခဲ့စမ်းပါဦး"

ခုချိန်ထိ ဖွဲ့မလျော့သေးသော ဒေါ်မြသီတာ၏ တံခါးအပြင်မှ ရပ်ကာ အော်ပြောနေသော အသံကြောင့် နဒီ စိတ်ရှုပ်စွာဖြင့် ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"အင်းပါ . . . လာပါပြီ"

နဒီ စိတ်မပါစွာဖြင့် တံခါးချပ်ဖွင့်ပြီး ထွက်ခဲ့လိုက်သည်။

"ဒီညနေ မေမေ ပါတီတစ်ခု သွားစရာရှိတယ်၊ အဲဒါ မေမေနဲ့ အဖော်လိုက်ခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . မေမေရာ နဒီ ဘယ်မှ မလိုက်ချင်ဘူး၊ ကိုယ့်ဟာကိုယ် အိမ်မှာပဲနေခဲ့လိုက်မယ်"

"ဖြစ်မလား သမီးတစ်ယောက်တည်း"

"မစန်းလဲ ရှိတာပဲကို"

"မစန်းက အိပ်ရင် ကုလားသေ ကုလားမော၊ ဘာမှ သိတာမဟုတ်ဘူး"

"ဟင့်အင်း သမီးမလိုက်ချင်ဘူး မေမေရာ၊ ဟိုရောက်ရင် အလွဲလွဲ အချော်ချော်ဖြစ်ပြီး အရှက်တွေ ကွဲနေမှအခက်၊ သွားပါ မေမေတစ်ယောက်တည်း သမီးကို စိတ်ချပါ"

တွင်တွင်ငြင်းဆန်နေသော နဒီ့ကို ဒေါ်မြသီတာ ဇွတ်မခေါ်ချင်တော့၍ ဆက်ခေါ်မနေတော့။

"အေးလေ ဒါဆိုရင်လည်း ပြီးရော၊ ပျင်းနေရင် သမီးသူငယ်ချင်းတွေဆီ ဖုန်းဆက်ခေါ်ရင် ခေါ်လိုက်ပေါ့"

"မခေါ်တော့ပါဘူး၊ သမီး အင်တာနက် သုံးရဦးမှာမို့"

"ဒါဆို မေမေ သွားဖို့ ပြင်ဆင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ . ."

"ဒေါ်မြသီတာ နဒီရှေ့မှ ထွက်သွားတော့မှ နဒီ သက်ပြင်းကို ဝူးခနဲ မှုတ်ထုတ်လိုက်သည်။ ထိုခဏမှာပင် အကြံတစ်ခု ရသွားသည်။

ထိုအကြံကတော့ မေမေပါတီပွဲသွားနေတုန်း သုခကို ဖုန်းဆက်ခေါ်ပြီး အိမ်မှာ အေးအေးဆေးဆေး စကားတွေ ပြောကြမည်။ မေမေပြန်လာခါနီးမှ သုခကို ပြန်ခိုင်းမည်။

နဒီ အကြံကောင်းသွားသဖြင့် စာကြည့်စားပွဲပေါ်မှ ဖုန်းကို ဝင်ယူကာ သုခဆီ ဖုန်းခေါ်လိုက်သည်။ နောက် နာရီဝက် တစ်နာရီခန့်





ကြာလျှင် သုခရောက်လာတော့မည်။

ဒေါ်မြသီတာကတော့ နဒီ့အကြံကို မသိရှာ၍ ပါတီပွဲကို စိတ်ချလက်ချဖြင့် သူကိုယ်တိုင် ကားမောင်းပြီး ထွက်သွားပြီ။

ပါတီပွဲသွားလျှင် ညဉ့်ဆယ်နာရီလောက်မှ ပြန်လာတတ်သဖြင့် နဒီအဖို့ ချစ်သူနှင့် နှလုံးသားစကားဆိုဖို့ လုံလောက်သော အချိန်ပင်ဖြစ်သည်။

ဖုန်းဆက်ထားပြီးကတည်းက သုခလာနေပြီ။ လမ်းရောက်နေပြီဆို၍ နဒီ ခြံထဲရှိ ခုံတန်းတွင် ဆင်းထိုင်ပြီး မျှော်နေ၏။ နာရီဝက်ကြာသည်အထိ ရောက်မလာ၍ နဒီ နှုတ်ခမ်းစူကာ ခြေဆောင့်ချင်နေပြီ။ အကြည့်တွေက ခြံဝကို တရစပ် ပို့လွှတ်ထား၍ မျက်လုံးတွေ တောင် ညောင်းလာပြီ။

"မောင်လာပြီ xx ဆောင်ကြာကတီ xx ဟိုအမြင့်ဆီက xx အို xx ခင်ရဲ့ ကြိုနှင့်ပါလား xx ညအချိန် xx လရောင်ရှိန် xx တိမ်တွေဖုန်းရင် xx "

သုခရှေးရှေးတုန်းက ဒွေးချိုးကလေးကို ဟန်ပါပါနှင့် ဝင်းဦးစတိုင်ဖမ်းကာဆိုပြီး နဒီ နောက်ကျောမှနေပြီး အုပ်မိုးသိုင်းဖက်လိုက်သည်။

"ဟော့တော် ဒါက ဘယ်ကနေ ကိုယ်ဖျောက်ပြီး ဝင်လာတာလဲ၊ ဒီမှာဖြင့် တစ်ချိန်လုံး ခြံဝကိုပဲ ကြည့်နေတာ"

"ယောက္ခမလောင်းလျာကြီးက ခြံတံခါးကို သော့ခတ်သွားတဲ့ဟာကို ဘယ်လိုလုပ် ခြံတံခါးကနေ လူလိုသူလို ဂုဏ်သိက္ခာရှိရှိ ဝင်လာလို့ရမှာလဲ"

"ဟင် . . ဒါဆို ဘယ်က ဝင်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ဘေး အုတ်တံတိုင်းက"

"ဟယ် မသေကောင်း မပျောက်ကောင်း သုခရယ်၊ အဲဒီ အုတ်တံတိုင်းပေါ်မှာ ပုလင်းကွဲတွေ စိုက်ထားတယ်လေ"

"ရတယ် ကိုယ်ဖျောက်ပြီး ကျော်ဝင်လာတာပေါ့၊ ချစ်သူနဲ့တွေ့ဖို့ ဒီလောက်လေး စွန့်စားရတာ၊ ငါ့အတွက် အပန်းမကြီးပါဘူး"

"ဒါနဲ့ လမ်းမှာ ရောက်နေပြီဆိုပြီး ဘာဖြစ်လို့ ကြာနေရတာလဲ"

"Taxi သမားကွာ၊ လမ်းမှားဝင်သွားလို့ တကွေ့ကြီး ပြန်ပတ်နေရတာနဲ့ ကြာသွားတာ"

"ဟွန်း ယုံလိမ့်မယ် အားကြီးကြီး ဘယ်မာဆတ်ကနေ ဘယ်လိုထလာလဲ မသိပဲနဲ့"

နဒီ မျက်စောင်းဖူးဖူးလေးရွယ်ကာ သံသယစကားဆို၏။

"မသေ့တမ်းမို့ ရွှေကျမ်းရွတ်ဝံ့တဲ့သူပါ အချစ်ရယ်၊ လပေါ်က ယုန်ပျောက်လို့ အနောက်က နေထွက်တာတောင် သွေ့ရှောင်ကာ ပစ်မမုန်းပဲ အချစ်ကို ကြင်မဲ့သူပါ၊ ဒီသစ္စာစကား မှန်ခဲ့ပါရင် နဒီဆိုတဲ့ နင့်နဲ့ညားပြီး ကလေးသုံးဆယ့်ခြောက်ယောက်ရဲ့အဖေ ဖြစ်ရပါလို၏ ကဲ. . မှတ်ပြီလား"

သုခ တတ်သလောက် မှတ်သလောက် ဒွေးချိုးကို ရွတ်ပြပြီး ခပ်ရွှဲရွှဲ သစ္စာဆိုလိုက်၏။ နဒီ တခစ်ခစ်ဖြင့် ရယ်၍မဆုံး။

"မှတ်ပြီလားဆိုမှ နင်နဲ့ငါနဲ့ အချစ်ခန်းကို လေနီကြမ်းဆင်လို့ တစ်စခန်းရပ်ရတော့မယ် ထင်တယ်နော်"

"အမ် ဘာလဲဟ. . နိမိတ်မရှိတဲ့စကား၊ ဖွဟဲ့. . လွဲပါစေ ဖယ်ပါစေ"

"ငါ တကယ်ပြောနေတာ သုခ၊ ငါ့အမေကြီးက နင့်အစ်ကိုမှ





နင့်အစ်ကို ဖြစ်နေတယ်ဟဲ့"

"ဒါဆို ပေးစားလိုက်ပေါ့"

"ဟာ. . သူယူမှာ မဟုတ်ဘူး၊ ငါ့ကို ပေးစားမှာဟဲ့ တုံးရဲ့"

နဒီ စိုးရိမ်ကြီးနေသလောက် သုခ ခပ်ပေါ့ပေါ့ရယ်ကာ. . .

"သူတို့ ဘယ်လိုစီမံစီမံ၊ 'နတ်ရေးတဲ့ဖူးစာ၊ လူပြင်ရာမခံ'ဆိုတာလိုပေါ့ဟာ၊ နင် သိပ်လဲစိတ်မပူပါနဲ့၊ အမေနှစ်ယောက် ဘယ်လောက် ဖွတ်စီစဉ်ကြပါစေ၊ နင်နဲ့ငါနဲ့ ဖူးစာပါရင် ဦးရာလူစနစ်တောင် ငုတ်တုတ်မေ့သွားမယ်၊ စိတ်ချ ငါ့အစ်ကိုက နင့်အမေဘက်က အတင်းအကျပ် စီစဉ်လာရင် သူက ကလျာ့ကို ခိုးပြေးသွားမှာတဲ့၊ ဒီတော့ စိတ်သာချပြီး ခေါင်းကျအောင်အိပ်၊ နင် ငါနဲ့ညားမှာ ကျိန်းသေတယ်"

"အံမယ် ဝူထဲစုတ် စကားကို တင်တင်စီးစီးနဲ့ နင်သာ ခေါင်းကျအောင် အိပ်ရမှာဟဲ့၊ ငါကမိန်းကလေး နေသာသမှ လေညာကပဲ"

"နင် တကယ် လေညာကနေမှာလား"

"အင်းပေါ့"

"လာလေ ဒါဆိုရင် သွားကြမယ်"

"ဘယ်ကိုလဲ"

"အိမ်ထဲကိုလေ၊ အပြင်ကြီးမှာဆိုတော့ ငါတို့ယောက်ျားတွေအတွက် မတင့်တယ်ဘူး မဟုတ်လား"

"ကြည့် သုခစုတ်နော်၊ ရောက်ကတည်းက စကားကို အကောင်းမပြောဘူး၊ ငါ ဒေါသထွက်လာပြီ"

"အကောင်းမပြောလို့ အစုတ်ပြောနေလို့လား၊ ထွက်နေတဲ့ ဒေါသကို တင်ပါးပုတ်ပြီး ပြန်ဝင်ခိုင်းလိုက်၊ တွေ့လား. . ငါ ငိုလိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com




"ငိုပေါ့၊ နင်ငိုရင် ငါက ချော့သိပ်မှာ"

သုခ တဟားဟားအော်ရယ်ပြီး နှုတ်ခမ်းစူနေသော နဒီ ကိုယ်လုံးလေးကို လက်ယဉ်စွာဖြင့် ထွေးပွေ့လိုက်ပြီး လေပြည်တွေ အလစ်မှာ တဖျတ်ဖျတ် ခိုးနမ်းလိုက်လေသည်။

ရန်လိုစွာ စူထော်နေသော နဒီ၏ နှုတ်ခမ်းလေး သုခအနမ်းကြောင့် နွေးအိ လှိုက်ဖြာ၍ သွား၏။

မိန်းမတွေ စိတ်ဆိုးလျှင် ချော့သည့်နည်းမှာ ထိုနည်းသည် စိတ်ကောက်တတ်သော မိန်းမတွေအတွက် အသင့်တော်ဆုံး စိတ်ဆိုးပြေနည်းဖြစ်သည်။









# အခန်း (၂၂)

အိမ်နားရောက်ခါနီးမှ ကားက ငြိမ့်ခနဲ ထိုးရပ်သွားသဖြင့် ဝပ်ရှော့ဆရာကို ဖုန်းဆက်ခေါ်ကာ ကားလာယူခိုင်းပြီး ဒေါ်မြသီတာ အိမ်ကို ခြေကျင်ပင် လျှောက်၍ဝင်လာခဲ့လိုက်သည်။

လက်မှနာရီကို ငုံ့ကြည့်တော့ ည ဆယ့်တစ်နာရီပင် ထိုးလုနေပြီ၊ အိမ်နှင့် တစ်မှတ်တိုင် နီးနီးလောက် လျှောက်ရမည်မို့ ခြေလှမ်းကို မြန်နိုင်သမျှ မြန်လိုက်သည်။

"အာစရိ ဟိုမှာ အာစရိရဲ့ ဂွင်ကြီး လိုမ့်လာပြီ၊ ဒီနေ့ ထူးထူးခြားခြား ကားမပါပါလား"

"ကားပါပါ မပါပါ ငါတို့အတွက် ဂရုစိုက်စရာ မလိုဘူး၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ဒီည လုပ်ရမယ့် အစီအစဉ်က သူ့အိမ်ထဲ ဖောက်ထွင်းဝင်ပြီး ယူစရာရှိတာယူ သူ့သမီးကို ပြန်ပေးဆွဲရုံပဲ၊ မင်းတို့အားလုံးသာ သတိဝီရိယရှိရှိလှုပ်ရှားကြ၊ ဘာမှ အမှားမှားအယွင်းယွင်း မဖြစ်စေနဲ့"

"ဟုတ်ကဲ့ စိတ်ချပါ အာစရိ"

ဒေါ်မြသီတာ သူ့အန္တရာယ်ကို သူမမြင်သေး၊ လက်ပွေ့အိတ်တယမ်းယမ်းနှင့် လူပြတ်သောလမ်းမှာ ခပ်သွက်သွက် လျှောက်နေ၏။

ဖောက်ထွင်းသမားတွေကလည်း မှောင်ရိပ်ခိုကာ ဒေါ်မြသီတာနောက်မှ ခြေသံလုံလုံနှင့် မသိမသာ ကပ်ပါလာကြသည်။

ဒေါ်မြသီတာ ခြံတံခါး သော့ဖွင့်ပြီး ဝင်သည်အထိ ဖောက်ထွင်းသမားတွေ မှောင်ရိပ်တစ်နေရာမှ အခြေအနေကို စောင့်ကြည့်နေကြဆဲ. . .

"အာစရိ တစ်ခါတည်း လုပ်ငန်းစတော့မလား"

"ဟာ. . ခဏ်တဲ့မှ ဘာလို့အဲလောက် ငစားမာန်ထနေရကာလဲကွ. . နေပါဦး၊ အိမ်ကြီးထဲကို အခြေအနေ အကဲခတ်ရဦးမယ်လေ၊ မင်းတို့သော့ခွက်တွေကို လူမသိအောင် အစွပ်တွေ စွပ်ထားကြဦး"

"ဟုတ်ကဲ့ပါ အာစရိ၊ အဲ. . အာစရိ သော့ခွက်ကိုလည်းစွပ်ဦးလေ၊ တော်ကြာ အိမ်အိုကြီးမှာနေတဲ့ ဦးချာလီဆိုတာ ရိပ်မိမှဖြင့်တစ်ချက်တည်း ကွဲသွားလို့ မနက်မိုးလင်းစာလေးတောင် မစားလိုက်ရပဲနေမယ်"

"ဟာ. . သော့ခွက်စကားက များလွန်းတဲ့ကောင်. . ကဲကွာ"

"အ. ."

"ဒေါ်သကြီးပဲ အာစရိရာ၊ ဒီက အဆိုးပြောတဲ့ဟာ. . အဲ. . အကောင်းပြောတဲ့ဟာကို"





"မပြောနဲ့ ပိတ်ဆိုပိတ်၊ တိတ်ဆိုတိတ်၊ ခု ငါတို့လာတာ သုံးယောက်နော်၊ ငပြောင်ကြီး. . မင်းက ခြံဝမှာ မသိမသာစောင့်နေ၊ အပြင်လူ လာတာတို့ ယုတ်စွအဆုံး ဟိုမိန်းမကြီး ရဲကို ကညွှာပြီးတိုင်လိုက်ရင်တောင် ရဲတွေ လာမလာသိရအောင် မင်းက ကင်းစောင့်ပြီးနေခဲ့၊ ပထမ လုပ်ငန်းစဉ်အားလုံး အောင်မြင်ပြီဆိုရင် ချက်ကြီးကကောင်မလေးကို လာပို့လိမ့်မယ်၊ မင်းကခေါ်ပြီး ငါတို့ နေရာမှာ ပြန်စောင့်နေ၊ ကောင်မလေးကို လက်ဖျားနဲ့တောင် မတို့ရဘူးနော်"

"အာ. . အာစရိကလည်း လက်ဖျားနဲ့တော့ မတို့လို့ မရဘူး၊ သူ့လက်ကို ဆွဲပြီး မခေါ်ရင် သူ ထွက်ပြေးမှာပေါ့"

"အေး. . ငါကလည်း သူ့လက်ကလွဲပြီး ကျန်တဲ့နေရာကို မတို့ခိုင်းတာပေါ့၊ ရှင်းပြီလား"

"ဟုတ်. . ရှင်းပါပြီ"

"ကဲ. . နောက် ငါးမိနစ်နေရင် လုပ်ငန်းစမယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

ဒေါ်မြသီတာ အိမ်ထဲဝင်ဝင်ချင်း ဧည့်ခန်းထဲတွင် လုံးထွေးရစ်ပတ် နှောင်ကြိုးသွယ်နေကြသော နဒီနှင့် သုခကို မြင်တော့ နုံးခွေမှေးစင်းနေသော မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်၍ သွားသည်။

"အမလေး ဒါက ဘယ်လိုတွေ ဖြစ်နေကြတာတုန်း၊ ဟော့ သုခမင်းကရော ညကြီး အချိန်မတော် ဒီကို ဘယ်လိုရောက်လာတာလဲ"

ရင်ခုန်သံတွေကို တေးဆိုခိုင်းပြီး အနမ်းတွေ ဖလှယ်နေကြသော တဒင်္ဂလေးကို ဂျက်ဆိုးထိုးသံနှင့် ဆင်သော ဒေါ်မြသီတာ၏ အသံပြာပြာကြီးကြောင့် လူချင်းပူးကပ်နေရာမှ သုခ အရင်ဆုံး ပြန်ခန်း





ထရပ်လိုက်ပြီး ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ကို သူခိုးလူမိ ဖြစ်သွား၏။

"ဟလို အန်တီ. . ဂွတ်နိုက်ပါ၊ အန်တီ ပါတီပွဲသွားတယ်ဆိုလို့ ကျွန်တော် လာစောင့်ပေးနေတာပါ"

"တော်စမ်း၊ လာစောင့်ပေးနေတဲ့သူက ငါ့သမီးကို ဖက်လားနမ်းလားနဲ့၊ ကိုယ့်အစ်ကိုနဲ့ လက်ထပ်မယ့် မိန်းကလေးကို ဒီလို ကြာကူလီ ရိုက်သင့်သလား"

"မေမေ သုခကို အပြစ်မတင်ပါနဲ့၊ သူ ဒီကိုလာအောင် သမီး ဖုန်းဆက်လိုက်တာပါ၊ နောက်ပြီး သုခနဲ့ သမီးနဲ့က ချစ်သူတွေ ဖြစ်နေကြပြီ"

နဒီ ငိုမဲ့မဲ့နှင့် ဝင်၍ ပြောသည်။

ဒေါ်မြသီတာ ခါးသီးစွာ ငြင်းဆို၏။

"တော်စမ်း ထပ်မပြောနဲ့၊ မင်းတို့နှစ်ယောက် ချစ်သူ မဖြစ်သင့်ဘူး၊ ငါ လုံးဝသဘောမတူဘူး၊ ခင်ဆွေ့သားချင်း အတူတူပေမယ့် မင်းလို အစွမ်းမရှိ အစမရှိ. .

ကြောင်နာလို ခါးချိပြီး အပျင်းကြီးနေတဲ့ တောင်မရောက် မြောက်မရောက်. . . အထက်မကျ အောက်မကျကောင်မျိုးနဲ့ မပေးစားနိုင်ဘူး"

ချစ်သူကို နှစ်ပြားမတန်အောင် ရှုတ်ချနေတော့ နဒီ ဘယ်လိုမှ မခံမရပ်နိုင်။

"မေမေ သုခကို အဲလိုမပြောပါနဲ့၊ သူကရိုးသားပါတယ် မေမေ"

"ညည်း ဘာမှဝင်ပြီး ရှေ့က မကာကွယ်နဲ့၊ ဒီမှာ သုခ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပဲ ပြောမယ်၊ ခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွား၊ မသွားရင် ငါ ရဲကို ဖုန်းဆက်လိုက်မှာနော်၊ ဒီအချိန်မှာ ခင်ဆွေ့သားတွေဘာတွေ ဆိုပြီး ညှာမှာမဟုတ်ဘူး"

"ဟုတ်ကဲ့. . ကျွန်တော် ပြန်မှာပါ အန်တီ၊ နဒီနဲ့ ကျွန်တော့်ကို အန်တီ ဘယ်လောက်သဘောမတူ ရှိနေပါစေ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ ရင်ထဲက အချစ်တွေကိုတော့ အန်တီ ဘယ်လိုအစွမ်းနဲ့မှ တားဆီးလို့ မရပါဘူး. . .

အန်တီ့သမီး လင်ဆိုးမယား တဖားဖားဖြစ်မှ. . . အမလေး တော့ အမေမှားပါပြီလို့တော့ ငိုချင်းမချမိပါစေနဲ့၊ အဲဒီ အချိန်ကျရင် ကျွန်တော်က အန်တီ့သောကတွေကို ချောင်ကောင်းကောင်းက ထိုင်ကြည့်ပြီး ကလိထိုးပြီးကို ရယ်နေမှာ"

"ရယ်. . ရယ်. . သေအောင်သာ ရယ်နေလိုက်"

"ရယ်မှာပါ၊ ဟား. . ဟား. . ဟား. . ဟားလို့ကို အော်ပြီး ရယ်ပြမယ်၊ ကဲ. . နဒီ၊ ငါတို့အချစ်တွေကို ကမ္ဘာတည်သရွေ့ ရှင်သန်ခိုင်းမယ်၊ ရင်ဘတ်ထဲက အချစ်တွေကိုတော့ ဘယ်သူမှ မတားဆီးနိုင်ပါဘူးကွာ၊ ငါ သွားတော့မယ်"

သုခ မမူသလိုဖြင့် ဒေါ်မြသီတာရှေ့မှ ဆောင့်ကြွားဆောင့်ကြွား ထွက်သွား၏။

နဒီ ချစ်သူကို သနားလွန်း၍ ရင်ထဲမှာ မချိအောင် ခံစားနေရကာ တအီအီနှင့် ငိုပြီး ကျန်ခဲ့၏။

သုခ အိမ်ကြီးထဲမှ ထွက်လာစဉ်တစ်လျှောက် သုတလိုမျိုးသူလည်း ရှေ့နေတစ်ယောက် မလုပ်ခဲ့မိ၍ နောင်တတွေ အကြီးအကျယ်ကို ရနေမိသည်။








ခြံတံခါးဝနားသို့ ရောက်ခါနီးတွင် ခြံရှေ့မှာ လူရိပ်တွေ့လိုက်၍ လှမ်းလက်စ ခြေလှမ်းတွေကို တုံ့ခနဲ ရပ်လိုက်ပြီး ပန်းခြုံဘေးမှာ ကိုယ်ကိုအသာဝင်လျှိုပြီး ပုန်းနေလိုက်သည်။

"ဟော့ကောင်တွေ အားလုံးမှာထားတဲ့အတိုင်းပဲနော်၊ ငပြောင်ကြီး. . မင်း ဒီခြံဝက စောင့်ကြည့်နေ၊ ပစ္စည်းတွေနဲ့ ကောင်မလေးကို ရရင် ငါတို့လုပ်ငန်း အောင်မြင်ပြီ"

"ဟုတ်. . "

ခေါင်းဆောင်ဖြစ်သူက အသံခပ်ကျိတ်ကျိတ်ဖြင့် မှာကြားနေသံကို သုခ အတိုင်းသားကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ . . ဒါ . , သူ . . သူခိုးတွေပဲ"

သုခရင်ထဲ ဒိန်းခနဲ ဆောင့်၍ သွားသည်။ သူ ဘာလုပ်သင့်သည် ဆိုတာကိုလည်း ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သည်။ ထို ဆုံးဖြတ်ချက်သည် သူခိုးတွေနှင့် ဖိုက်တင်ဝင်ချပြီး ဟီရိုးလုပ်ဖို့မဟုတ်၊ အင်မတန် ဂုဏ်မက်သော ဒေါ်မြသီတာကို ပညာပေးချင်၍ဖြစ်သည်။ သုခ ထိုသို့ တွေးနေစဉ်မှာပင် နှစ်ယောက်က အိမ်ကြီးထဲကို ခါးရှည်နှစ်ချောင်းစီကိုင်ကာ ဝင်သွားကြ၏။ ကျန်တစ်ယောက်က ခြံဝတွင် ဟိုကြည့်ဒီကြည့်နှင့် ကျန်ခဲ့၏။ ဒါဟာ သုခအတွက် အကွက်ပင်၊ အိမ်ဘက်ကို ကျောပေးပြီး အပြင်ကို ငေးကြည့်နေသော သူခိုးနားသို့ ခြေသံမကြားအောင် နင်းလျှောက်သွားပြီး. . . .

"အင့် . . ခွပ်"

ထိုအသံသည် သူ၏ လက်သီးချက်မဟုတ်၊ ခြံတံခါးအုတ်တိုင်နှင့် ခေါင်းကို ဆောင့်ပစ်လိုက်သော အသံဖြစ်သည်။

သူခိုး တစ်ချက်တည်းနှင့် မှောက်သွား၏။

"သူခိုးတော့ မှောက်သွားပြီ၊ ဒီသူခိုးနေရာမှာ ငါ အစားဝင်နေလိုက်မှ"

သုခ အကြံကြီးစွာဖြင့် မှောက်နေသော သူခိုးမျက်နှာမှ သားရေမျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။ သူခိုးကိုယ်ပေါ်က အင်္ကျီကို ဆွဲချွတ်ပြီး သူ့ကိုယ်ပေါ်မှာ ဝတ်လိုက်သည်။

ထို့နောက် အင်္ကျီဗလာဖြစ်နေသော သူခိုးကို တရွတ်ဆွဲလျက် ခြံထဲရှိ အုတ်ကန်ကြီးနားသို့ ခေါ်လာပြီး လက်နှင့်ခြေထောက် ကြိုးတုတ်ပြီး ဝှက်ထားလိုက်သည်။

ဒီသူခိုး ခေါင်းကွဲသည့်အရှိန်ကြောင့် သုံးလေးနာရီလောက်





တော့ လောကကြီးနှင့် အဆက်ပြတ်နေဦးမှာ. . .

ခုချိန်လောက်ဆို အိမ်ထဲတွင် ဒေါ်မြသီတာကြီး ဘယ်လောက်တောင် ငရဲကျနေလိုက်မလဲ။ အိမ်ထဲ လိုက်ဝင်ချင်ပေမယ့် ဒီအချိန်မှာ လိုက်ဝင်ရင် ကိုယ်ပါရောပြီး သူနှင့် အဘောခံနေရဦးမည်။

ပိန်ပိန်နဲ့ကိုတော့ သူတို့ လက်ဖျားနှင့်တောင် တို့ကြမည်မဟုတ်။

သုခ မျက်နှာဖုံးစွပ်ပြီး သူခိုးအင်္ကျီကိုပါ ဝတ်လိုက်တော့ တကယ့်သူခိုးစစ်စစ်ပုံ ပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"အောင်မလေး ပစ္စည်းတွေကို ယူချင်ယူပါ၊ ကျွန်မသမီး ကိုတော့ ခေါ်မသွားပါနဲ့၊ ရှိကြီးခိုးပါရဲ့"

ဒေါ်မြသီတာနှင့် မစန်းပါ ကြိုးတုတ်ခံထားရ၍ သူခိုးနှစ် ယောက်ရှေ့မှာ တုတ်တုတ်တောင် မလှုပ်ရဲ၊ နဒီကတော့ သူခိုးတစ် ယောက်၏ လက်ထဲမှာ အကြောက်ကြီးကာ အသားတွေပင် တဆတ် ဆတ်တုန်၍နေ၏။

"မေမေ သမီးကို ကယ်ပါဦး၊ သမီးကြောက်တယ်"

"သမီးကို မခေါ်သွားပါနဲ့၊ ကျွန်မကိုပဲ ခေါ်သွားပါရှင်၊ ကျွန်မ လည်း အားပါတယ်၊ ရှင်တို့နဲ့ လိုက်ခဲ့လို့ရပါတယ်၊ ကျွန်မသမီးလေးကို





တော့ ထားခဲ့ပါရှင်"

"ဟာ. . ဒီမိန်းမကြီး စကားရှည်တယ်၊ ခင်ဗျား အားလည်း ဒီမှာနေခဲ့ရမယ်၊ ကျုပ်တို့ လူဆိုးတွေက အားအားယားယားတွေကို မသုံးဘူး၊ ကဲ. . ဟော့ကောင် ပစ္စည်းတွေလည်းရပြီ၊ ကောင်မလေးကို ခေါ်သွားပြီး ဟိုကောင်နဲ့ သွားနှင့်ခိုင်းလိုက်၊ ငါနဲ့မင်းက ပစ္စည်းတွေ အကုန်ယူပြီး နောက်က လိုက်ခဲ့မယ်လို့ ပြောလိုက်"

"ဟုတ်. . အာစရိ"

သူခိုးတစ်ယောက် နဒီလက်ကိုဆွဲပြီး ခြံအပြင်ရှိ သူခိုးဟန် ဆောင်ထားသော သုခဆီကို အတင်းဆွဲခေါ်လာသည်။ သုခ ဟန်ပါပါ နှင့်ပင်။

"ဟော့ကောင် ပစ္စည်းတွေနဲ့ ဆရာကြီးရော"

"ပစ္စည်းတွေနဲ့ ငါတို့ နောက်က လိုက်ခဲ့မယ်၊ မင်းက ဒီကောင် မလေးကို ခေါ်သွား"

"ဘယ်ကို ခေါ်သွားရမှာလဲ ငါ့အိမ်ကိုလား"

သုခ ဘယ်ကို ခေါ်သွားရမှန်း မသိ၍ တမင်ပင် မေးလိုက်ခြင်း ဖြစ်သည်။ ကျန်သူခိုးမှာ စိတ်မရှည်ဟန်ဖြင့် သုခခေါင်းကို ခါးနှောင့်နှင့် ခပ်ဆတ်ဆတ် လှမ်းထုပြီး. . .

"ဟာ. . ခွေးတဲ့မှပဲ၊ ဘယ်အိမ်ကို ခေါ်ရမှာလဲ၊ မြယာကုန်း နားက အိမ်အိုကြီးကိုလေ၊ ဒီကောင် တစ်ခါပြောရင် မမှတ်ထားဘူး၊ သောက်ရူးရဲ့. . သွား မြန်မြန်၊ ဒီမှာ ကောင်မလေး အကောင်းအတိုင်း ရှိပါစေနော်၊ လူလစ်တာပဲဆိုပြီး မသိမသာ ဖွဲ့မစားထားနဲ့၊ ဆရာကြီး ချာလီအကြောင်း မင်းသိတယ်နော်"

"သိ. . သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိရင်သွား. ."

"ဟုတ်. .၊ အိစရာ. . အာစရိ"

သုခ အခွင့်အရေးရတုန်း နဒီကို အတင်းဆွဲခေါ် ာပြီး လူ သူကင်းရှင်းသည့် လမ်းမကြီးပေါ်သို့ ခပ်သွက်သွက် လျှောက်လာလိုက် သည်။

"အဟင့်. . ဟင့်. . ဟင့်၊ ညီမကို ကယ်ပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို ညီမ ကျေးဇူးဆပ်ပါ့မယ်"

နဒီ မျက်ရည်လည်ရွဲနှင့် တောင်းပန်တိုးလျှိုး၏။ သုခ နဒီကို ကြည့်ပြီး ရယ်ချင်နေ၏။ ဒို့သော် ဟန်ဆောင်လက်စနှင့် မြေကြီးကို ဖနောင့်နှင့် ခပ်ဆတ်ဆတ် ပေါက်လိုက်ပြီး. . .

"ဟော့. . ပါးစပ်ကို မလှုပ်နဲ့၊ လေမတိုးအောင် စေ့ထား၊ မင်းကို ပစ္စည်းတင်မဟုတ်ဘူး၊ လူကိုပါ အပိုင်သိမ်းချင်လို့ ခေါ်လာတာ၊ အ ဟဲ. . ဒီလိုကျတော့လည်း မင်းလေးက ညနတ်သမီးလေးအတိုင်းပဲ၊ မှန်းစမ်း ငါ အာဘွားပေးကြည့်ရအောင်"

သုခ မျက်နှာဖုံးစွပ်ထားသော သူ့မျက်နှာကြီးကို နဒီ့နား သို့တိုးကာ နမ်းမလိုလုပ်သည်။ နဒီ တသိမ့်သိမ့်ငိုကာ ရှောင်သည်။

"ရှင်နော် မယုတ်မာနဲ့ ကျွန်မ အော်လိုက်မှာ"

"အော်ပေါ့၊ ကြိုက်သလောက်အော်၊ ငါက လူဆိုး လူကောင်း တွေကို မကြောက်လို့ လူဆိုးလုပ်နေတာ"

သုခ နဒီ့လက်ကိုလွှတ်ပြီး ဟန်ပါပါနှင့် လူဆိုးဂိုက် ဖမ်းပြ၏။ နဒီလည်း လဲစ်ပြီအထင်နှင့် လှည့်ထွက်ပြီးအပြေး သုခက ဖမ်းအဆွဲနှင့် နှစ်ယောက်စလုံး အရှိန်လွန်ပြီး လမ်းဘေးမြက်ခင်းစပ်ပေါ်တွင် တုံးလုံးပက်လက် ဖြစ်ကုန်၏။ အနေအထားက စိုးရိမ်ရေအမှတ်သို့





မြင့်တက်နေပြီမို့. . .

"ရှင်. . ရှင်နော် မယုတ်မာနဲ့"

"နဒီ. . ဟား. . ဟား. . ဟား. . ဟား ဒီမှာလေ ဘယ်သူ လဲလို့ နင့်ရဲ့ချစ်သူ ငယ်ချစ် စိန်တစ်ရစ် မြတစ်ရစ် ပတ္တမြားတစ်ရစ် စီထားတဲ့ နတ်သားကလေး သုခပါဟ"

သုခ မျက်နှာပေါ်မှ မျက်နှာဖုံးစွပ်ကိုခွာပြီး သွားဖြဲကာ အော် ရယ်သည်။ နဒီ အငိုမျက်နှာမှာ ချက်ချင်း သောကတွေ ကင်းစင်သော လတစ်စင်းလို ဖြစ်သွားကာ. . .

"သုခ နင်က သူတို့နဲ့ တစ်ဖွဲ့တည်းလားဟင်"

"ဟာ. . ဘယ်ကလာ ဟုတ်ရမှာလဲ၊ သူတို့ထဲက ကောင်တစ် ကောင်ကို လက်စဖျောက်လိုက်ပြီး အဲဒီကောင်နေရာမှာ ငါက အစား ဝင်နေတာ၊ နင့်ကို ကယ်ဖို့ပေါ့"

နဒီ မျက်လုံးပြူးကာ အထင်ကြီးသွားသော အကြည့်ဖြင့် ကြည့်ရင်း. . .

"နင်နဲ့ အဲဒီလူဆိုးတွေနဲ့ ဖိုက်တင် ပေးကြသေးတယ်ပေါ့"

"ပေးစရာလားဟ၊ ငါက ဟီးရိုးမှ မဟုတ်တာ၊ ဒီလိုပဲ ဉာဏ်ကို သုံးရတာပေါ့လို့၊ ကဲ. . လာ. . လာ. . ငါတို့ လစ်ကြမယ်၊ အယ် နေဦး နင့်ကို ကယ်ပေးရုံနဲ့ ယောကျ်ာ်းမလောင်းက ငါ့ကို ကြည်ဖြူမှာ မဟုတ်ဘူး၊ နင် မြယာကုန်းနားက အိမ်အိုကြီးကို သိလား"

"မြယာကုန်းကိုတော့ သိတယ်၊ အိမ်အိုကြီးကိုတော့ မသိဘူး"

"လာ ဒါဆို အဲဒီအိမ်ကြီးမှာ သွားပြီး အဲဒီလူနှစ်ယောက်ကို စောင့်မယ်"

"ဟယ်. . ဟင့်အင်း မသွားဘူး၊ ငါကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နင်ကလည်း. . ငါတစ်ယောက်လုံး ရှိတဲ့ဟာကို ဘာ ကြောက်စရာ လိုလို့လဲ၊ လက်ကျန်နှစ်ကောင်ကို ရှင်းလိုက်ရင် နင်တို့ ဆီက ယူသွားတဲ့ ရွှေတွေငွေတွေကို အသာလေး ပြန်ယူလာပြီး ယောက္ခမလောင်းကြီး လက်ထဲကို ပြန်ထည့်ပေးလိုက်ရုံပဲ"

"နင်က ပါးစပ်လေးနဲ့ပြောတော့ လွယ်တာပေါ့၊ လက်တွေ့ကျ တော့ နင် သူတို့နဲ့ နင်ဖိုက်ရမှာ၊ ဟိုက ဗလတွေ တောင့်တယ်နော်"

နဒီ စိတ်ပူစွာဖြင့် တားမြစ်နေ၏။

"သူတို့နဲ့ ဖိုက်စရာမလိုပဲ ပစ္စည်းတွေ ပြန်ယူလို့ရတဲ့နည်း ငါ့မှာ ရှိပါတယ်ဟာ၊ လာပါ. . တော်ကြာ သူတို့လိုက်လာတာနဲ့ မမီပဲနေ တော့မှာပဲ"

အကြောက်ကြီးကာ ခေါင်းခါခါ ခြေခါခါ ဖြစ်နေသော နဒီ့ လက်ကို အတင်းဆွဲပြီး အိမ်အိုကြီးရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ကြ ၏။

"ဟဲ့. . ဒီနေရာက လူ တအားပြတ်တယ်နော်၊ ဟိုလူတွေ မယုံနိုင်လို့ သူတို့က ငါတို့ကို သတ်သွားရင် ဘယ်သူမှ မသိပဲ နေလိမ့် မယ်"

"စိတ်ပျက်စရာ စကားက စပြောမနေစမ်းပါနဲ့ နဒီရာ၊ နင့် ဘေးမှာ ငါရှိနေသရွေ့ နင်လည်း ဘာမှမဖြစ်သလို ငါလည်း ဘာမှ မဖြစ်ဘူး"

နဒီ့ကို အားပေးရင်း နှစ်သိမ့်ရင်းနှင့် အိမ်အိုကြီးရှိရာသို့ ခြံတွေကိုတိုးပြီး ဝင်ခဲ့လိုက်သည်။

"ကျွီ. . ."

ညသန်းခေါင်အချိန်မို့ တံခါးဖွင့်သံကြီးက တစ္ဆေတစ်ကောင်၏





ညည်းသံကြီးလို ချောက်ချားစရာ ကောင်းလှ၏။ နဒီ ကြောက်ရွံ့ထိတ် လန့်နေ၍ သုခ၏ လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်ထား၏။

"သုခ ငါ ကြောက်တယ်နော်၊ အိမ်ကြီးက မှောင်မည်းနေတာပဲ၊ အထဲမှာ နောက်ထပ် လူဆိုးတွေရှိရင် ဘယ့်နှယ်လုပ်မလဲ"

"လာပါ မရှိလောက်ပါဘူး"

"ဟော့. . ငပြောင်ကြီး၊ မင်းရောက်ပြီလား"

သုခနှင့် နဒီအိမ်ကြီးက စမ်းတဝါးဝါးနှင့် လျှောက်နေတုန်း အိမ်ကြီး၏ အပြင်ဘက်မှ လူဆိုးနှစ်ယောက်၏အသံကို ကြားလိုက်သ ဖြင့် နဒီ ကြောက်အားလန့်အားဖြင့် သုခနောက်မှ ကွယ်အုပ်လိုက်သည်။ သုခ လူဆိုးတွေကို ရင်ဆိုင်ဖို့ ရဲဆေးတင်းလိုက်ပြီး. . .

"အေး. . ရောက်ပြီ"

သုခ အသံဖျက်ပြီး အိမ်ကြီးထဲမှ လှမ်းအော်လိုက်သည်။

"နဒီ ဘာမှ မကြောက်နဲ့၊ ဒင်းတို့ကို ငါတို့ ပညာကောင်း ကောင်း ပေးနိုင်မှာပါ"

နဒီ့ကို အားပေးရင်း ဝင်လာသော လူဆိုးနှစ်ယောက်ကို အ လိုက်သင့်ပင် ဟန်ဆောင်နေလိုက်သည်။ မီးဖွင့်လိုက်သဖြင့် ဖျတ်ခနဲ လင်းလာ၏။

"ဟော့ကောင် မင်း ကောင်မလေးကို ဘာလုပ်လိုက်သေးသလဲ"

"ဘာမှ မလုပ်ပါဘူး၊ မယုံရင် မေးကြည့်"

"ဟုတ်လား ညီမလေး"

မျက်နှာဖုံးစွပ်ထားသော ခေါင်းဆောင်ချာလီက နဒီကို လှမ်း မေး၏။ နဒီ ကြောက်အားလန့်အားဖြင့်. . .

"ဟုတ်. . ဟုတ်ကဲ့. . ဟုတ်ကဲ့၊ သူ ဘာမှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ပစ္စည်းတွေ တော်တော်ရလာရဲ့လား"

"အေး . . ဒီတစ်ချီတော့ ငါတို့ တော်တော်လေး ခိုင်သွားပြီ"

"ဒီကောင်မလေးကိုရော ဘာလုပ်မှာလဲ၊ ဆွဲစားလိုက်မှာလား"

သုခ သူ့လူ ငါ့ဘက်သား မေးလိုက်သဖြင့် နဒီပင် တွန့်ခနဲ ဖြစ်သွားသည်။

"အေး . . ငါ စဉ်းစားနေတာ၊ ဆွဲစားရင်တော့ ရှော့ခ်ဝင်သွားနိုင်တယ်၊ တစ်နေရာမှာ ခြေရာဖျောက်ပြီးမှ စဉ်းစားလို့ရမယ်"

ချာလီ နဒီကို အပိုင်သိမ်းဖို့ ချိတုံချတုံ ဖြစ်နေသည်။ ပြန်ပေးဆွဲသည့်အနေနှင့် ငွေညှစ်လိုက်လျှင်တော့ နောက်ထပ် အချိုကြီး တစ်ကြိမ် ရနိုင်သေးသည်။

"အာစရိ ဘာလုပ်မှာလဲ၊ အဟဲ . . ညဉ့်က နက်နေပြီနော်"

ချက်ကြီး အားမလိုအားမရ ထပ်ပြီး မေးပြန်သည်။

"ဟာ . . သောက်ခွေးကောင်၊ မင်းညီမမို့ အဲလောက် လောခိုင်းနေရတာလား၊ သွား အခန်းထဲ ခဏပိတ်ထားလိုက်၊ မင်းတို့လည်း အိပ်တော့၊ မနက်ကျမှ စီစဉ်စရာရှိတာ စီစဉ်မယ်၊ ဟိုကောင် ငပြောင်ကြီး"

သုခရှိရာဘက်သို့ ညစ်ထေးထေး လှမ်းကြည့်ပြီး ခေါ်သည်။

"ခင်ဗျာ အာစရိ"

"ရော့ ဒီအထုပ်ကို သိမ်းနေကျနေရာမှာ သိမ်းထားလိုက်၊ ချက်ကြီး ဒီည ငါ့အခန်းထဲ လာအိပ်"

"ဗျာ . . နှိပ် . . နှိပ်ပေးရဦးမှာလားဟင်"

"နှိပ်ပေးရတော့ ဘာဖြစ်လို့လဲ"

"အဲ . . ဘာ . . ဘာမှမဖြစ်ပါဘူး၊ အာစရိ"





"ဒါဆို ခုလာခဲ့"

ချက်ကြီး သုံးလေးနာရီကြာအောင် ဇိမ်ခံတတ်သော သူတို့ဆရာကြီးကို ဘာမှ မတွန်းလှန်ဝံ့၍ ချာလီနောက်သို့ လိုက်ဝင်သွားသည်။ သူတို့ပုံစံက ခါးပြတိုက်လာသော လူဆိုးတွေပုံ မပေါက်တော့၊ အေးအေးလူလူပင် ဒါဟာ သုခအတွက်တော့ ကံထူးသော အခွင့်အရေးကောင်းပင်၊ လက်ထဲမှာလည်း နဒီတို့အိမ်က ခါးပြတိုက်လာသည့် ရတနာထုပ်က အသင့်ရောက်ရှိလို့လာပြီ။

"ငပြောင်ကြီး ကောင်မလေးကို ချက်ကြီး အခန်းထဲထည့်၊ အပြင်က သော့ခတ်ထားပြီးရင် မင်း ဒီအခန်းဝမှာ ကင်းစောင့်၊ ဝါး . . ဒါပဲ . . ဒါပဲ . . ငါ အိပ်ချင်ပြီ အိပ်တော့မယ်၊ မင်း မျက်နှာဖုံး လုံးဝ မချွတ်နဲ့နော်"

ဒီတစ်ချီ ပို၍ပင် ထခုန်မိမတတ် ဝမ်းသာသွားသည်။ သို့သော် စိတ်ထဲရှိသည့်အတိုင်း မျက်နှာမှာ ပေါ်၍မရ။ အဲ . . ဘယ်ပေါ်မှာတုံး မျက်နှာဖုံးတွေ စွပ်ထားကြတာကိုး။

"ဟုတ်ကဲ့ပါ"

"ဟဲ့ . . လာစမ်းကောင်မလေး၊ နင် ဒီညတော့ ကောင်းကောင်းမွန်မွန်အိပ်လိုက်ဦး၊ နောက်နေ့ဆိုရင်တော့ ဟင်း . . ဟင်း . . ဟင်း"

သုခ ထိုသို့ ခပ်လှောင်လှောင် ခပ်ဆတ်ဆတ် ကြိမ်းဝါးကာ နဒီ့လက်ကို ဆောင့်ဆွဲလိုက်ပြီး အခန်းထဲသွင်းရန် ခေါ်လိုက်သည်။ ချာလီနှင့်ချက်ကြီး စိတ်ချလက်ချဖြင့်ပင် သူတို့အခန်းထဲ ဝင်သွားကြ၏။

ထိုအကွက်သည် သုခနှင့်နဒီ လွတ်မြောက်ဖို့ အခွင့်အရေးတစ်ခု၊ ထို့ကြောင့် ချာလီနှင့် ချက်ကြီး ဝင်သွားသော အခန်းတံခါးကို အပြင်မှ တံခါးသော့ ခတ်လိုက်သည်။ ချာလီနှင့် ချက်ကြီး အခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်၍မရတော့။

"လာ နဒီ ငါတို့လစ်ကြမယ်၊ မြန်. . မြန်"

"ဟယ်. . နင်. . နင့်ဟာက မြန်လိုက်တာ၊ အဲ လွယ်လိုက်တာ:နော်၊ ချတောင် မချလိုက်ရပါလား"

"အဟီး. . ဒါလည်း ငါ့ကံပဲလေ၊ ငါ့နေရာက ပြောင်ကြီးဆိုတဲ့ကောင်က ချာလီ့အတွက် စိတ်ချရတဲ့ တပည့်တစ်ယောက်မို့လို့ နေမှာပေါ့၊ ဟီး. . ဟီး. . လာ မြန်မြန်. . တော်ကြာ သေးပေါက်မယ် ချေးပါမယ် ဆိုပြီး ပြန်ထွက်လာမှ ခက်နေမယ်"

နှစ်ယောက်သား အိမ်အိုကြီးထဲကနေ ပစ္စည်းထုပ်ပိုက်၍ ခပ်မြန်မြန် ပြန်ထွက်ကြ၏။





# အခန်း(၂၉)



ဒေါ်မြသီတာ ဖုန်းဆက်ခေါ်လိုက်၍ သူတနှင့် ဒေါ်ခင်ဆွေလတ် ညကြီးအချိန်မတော် ရောက်လာကြသည်။ အိမ်ကြီးထဲ ဝင်ဝင်ချင်း ဒေါ်မြသီတာနှင့် အိမ်ဖော်မစန်းကို ကြိုးနှင့် တုတ်ထားသောမြင်ကွင်းကြောင့် ဒေါ်ခင်ဆွေလတ် ရင်ထဲမကောင်းစွာ ရင်ဘတ်ကိုဖိလိုက်ပြီး

"အမလေး မြလေးရယ်၊ ဒါက ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်သွားကြသေးလဲ၊ သမီးရော. . . သမီး နဒီရော"

"သမီးကို ခေါ်သွားကြပြီ၊ မီးခံသေတ္တာထဲက ရှိရှိသမျှ လက်ဝတ်လက်စားတွေလည်း သမသွားကြပြီ ခင်ဆွေရယ်၊ လုပ်ပါဦး မြလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ သမီးတော့ ရေတိမ်နစ်ပြီလား မသိပါဘူးကွယ်၊ မောင်သုတ ကယ်ပါ ဦးကွယ်၊ အန်တီ့သမီး မင်းရဲ့ဇနီးလောင်းလေးကို ညတွင်းချင်း လိုက်ရှာပေးပါကွယ်"

ညတွင်းချင်း ဖွတ်အတင်း လိုက်ရှာခိုင်းသော ဒေါ်မြသီတာ၏ ကယ်ပါယူပါ တစာစာကြောင့် သုတ တွန့်သွားသည်။ လူဆိုးတွေ လက်ထဲက သူ့သမီးကို သွားကယ်လာရအောင် ကိုယ်က ရုပ်ရှင်ထဲက မင်းသားလို လူအများကြီးနဲ့ချလည်း ကိုယ်ပဲနိုင်တဲ့ မင်းသားမှမဟုတ်တာ၊ ဟိုက ဝိုင်းအုပ်လိုက်လို့ သူ့သမီး ကယ်မရတဲ့အပြင် ကိုယ့်အသက်တောင် ဘယ်အပေါက်က ထွက်ရမှန်းမသိပဲ ဇီဝိန်ချုပ်သွားလိမ့်မည်။ ဒီတော့ ကြည့်ကောင်းအောင် နှစ်သိမ့်ရတော့မှာပင်။

"ဘာမှ စိတ်မပူပါနဲ့ အန်တီ၊ မနက်ကျရင် ကျွန်တော် သက်ဆိုင်ရာကို အကြောင်းကြားပြီး ဒီကောင်တွေကို မြေလှန်ရှာပြီး အပြစ်ပေးမှာပါ"

"အမလေး၊ မင်းက သူတို့ကို မနက်မှ မြေလှန်မှာ၊ ခု လောလောဆယ် လှန်မှာက. . အဲ. . အဲလေ ခုလောလောဆယ် ရေတိမ်နစ်ပြီး ပန်းကောင်းအညွန့်ချိုး ခံရမှာက အန်တီ့သမီးလေးပါ မောင်သုတရယ်"

ပြောရင်းဖြင့် ဒေါ်မြသီတာ တဟီးဟီးဖြင့် ငိုချင်းချပြန်၏။

"ဒါနဲ့ မြလေးတို့ကို ကြိုးတွေ တုတ်ထားခဲ့ပြီး ခင်ဆွေတို့ဆီ ဖုန်းဆက်တော့ ဘယ်သူဆက်လဲ"

ဒေါ်ခင်ဆွေလတ် ကြိုးတွေဖြည်ပေးနေရင်း မေး၏။

"ဟော့ဒီ ခြေထောက်နဲ့ ဖုန်းခလုတ်တွေကို နှိပ်ရတာပေါ့လို့၊ လက်နဲ့နှိပ်လို့မှ မအားတာ"





"ဩော်. . အင်း နှိပ်လို့ရလို့ တော်သေးတာပေါ့ မြလေးရယ်၊ စိတ်ကို အေးအေးထားနော် မြလေး၊ သမီး ဘာမှ မဖြစ်လောက်ပါဘူး"

"အမလေး ဘယ်လိုလုပ် စိတ်အေးနိုင်မှာလဲကွယ်၊ မြလေးမှာ တွယ်တာစရာဆိုလို့ ဒီသမီးလေးပဲ ရှိတော့တာကို မြလေးဘဝမှာ ဒီသမီးလေး မရှိရင် ဘယ်လိုရှင်သန်ရမှာလဲ၊ အီး. . ဟီး. . ရှုတ်၊ အင်း. . ဟင့်. . . သ. . သမီး"

ဒေါ်မြသီတာ ကလေးငယ်တစ်ယောက်လို အော်ဟစ်ငိုယိုနေ၏။

ထိုစဉ် သုခနှင့် နဒီ အိမ်ထဲဝင်လာတာမြင်တော့ ငိုနေရင်း တန်းလန်းနှင့် သမီးလုပ်သူကို ဝမ်းသာအားရ ပြေးဖက်၏။ ဒေါ်ခင်ဆွေလတ်ရော သုတပါ သုခကို မြင်လိုက်ရ၍ အားလုံးမှင်တက်မိကုန်၏။

"ဘာမှ စိတ်မပူကြပါနဲ့၊ ကျွန်တော် နဒီ့ကို လူဆိုးတွေ လက်ထဲကနေ ကယ်လာပါပြီ"

ဒီတစ်ကြိမ်တော့ ဒေါ်မြသီတာ သုခကို အထင်ကြီးသော အကြည့်ဖြင့် ကြည့်မိပါ၏။

"အမလေး. . မေမေ့သမီးလေး ဝမ်းသာလိုက်တာကွယ်၊ မေမေလေ သမီးသာ တစ်ခုခုဖြစ်ရင် အရှင်လတ်လတ်ကို ငုတ်တုတ်သေမလားတောင် မသိပါဘူးကွယ်"

ဒေါ်မြသီတာ ဝမ်းသာအားရဖြင့် နဒီ့ကိုဖက်ပြီး မျက်ရည်စက်လက်ဖြင့် အလွမ်းသည်နေသေးသည်။ နဒီ ထိုအခြေအနေကို အခွင့်အရေးယူကာ. . .

"အဲဒါ သုခကယ်လို့ပေါ့ မေမေရယ်၊ သုခမကယ်ရင်လေ



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတွေလက်ထဲမှာ လောက်တောင်မလောက်ဘူး ဖြစ်သွားမယ်၊ သူတို့ အရမ်းရက်စက်ကြမ်းကြုတ်ကြတယ်၊ သမီးကို ပြန်ပေးဆွဲဖို့လည်း စီစဉ်နေကြတာ၊ သူခသာ ရောက်မလာရင် သမီးဘဝ မတွေးရဲစရာပဲ"

"ဟင် သူခက သမီးဆီကို ဘယ်လိုရောက်လာတာလဲ၊ အရေးရယ် အကြောင်းရယ်ဆို အိမ်မှာမရှိလို့ အန်တီက သူဘယ်တွေ သဝေထိုးနေသလဲဆိုပြီး စိတ်တွေတိုနေတာ"

ဒေါ်ခင်ဆွေလတ် သူခကို အပြစ်တင်နေ၏။ ဒေါ်မြသီတာ သူခကို နှစ်နှစ်နာနာပြောထား၍ ဘာစကားမှ မဟရဲ၊ ဘယ်လောက်ကြီးပဲ ခင်မင်နေကြပါစေ၊ သားသမီးကို အထင်သေး ရှုတ်ချလျှင်တော့ ဘယ်အမေမဆို စိတ်ဆိုးကြမှာပင်။

"ဒီလိုပါမေမေ၊ သားနဲ့နဒီနဲ့က ချစ်သူတွေ ဖြစ်နေကြပါပြီ"

"ဟင်. . ဟုတ်လား"

ဒေါ်ခင်ဆွေလတ် သိပြီးသား ဖြစ်ပေမယ့် ဒေါ်မြသီတာရှေ့မှာမို့ တမင်ပင် မသိချင်ဟန်ဆောင်ကာ အံ့သြဟန် ပြလိုက်သည်။

"ကိုသုနဲ့ နဒီ့ကို လက်ထပ်ဖို့ အစီအစဉ်ကို ဖျက်ပေးပါ မေမေ၊ နဒီက ကိုသုကို လက်မထပ်ချင်ဘူး၊ နောက်ပြီး ကိုသုမှာလည်း တခြားရည်ရွယ်ထားပြီးသားသူ ရှိနေပြီမို့ အချစ်မပါတဲ့ အိမ်ထောင်ရေးကို ဇွတ်အတင်း မစီစဉ်ချင်ပါနဲ့တော့"

ဒေါ်ခင်ဆွေလတ် ဒေါ်မြသီတာကို ဘယ်လိုသဘောရလည်းဆိုသော အကြည့်ဖြင့် မသိမသာ ဝေ့ကြည့်သည်။ ဒေါ်မြသီတာ စိတ်လျှော့ချင်ပုံ မရသေး။

"အချစ်ဆိုတာ ငယ်ရွယ်တဲ့အချိန်မှာသာ စိတ်ကူးယဉ်လို့ကောင်းတဲ့အရာပါ၊ တကယ်တမ်း ဘဝကို အခြေခံကျကျ တည်





ဆောက်ကြမယ်ဆိုရင် အချစ်က အဓိကမဟုတ်တော့ပါဘူး သမီးရယ်"

"ဟင့်အင်း မေမေ၊ သူခကလေ အခု လူဆိုးတွေနဲ့ ဘယ်လိုချခဲ့ပြီး သမီးကို ကယ်ခဲ့လည်း မေမေမှမမြင်ရတာ၊ သူ့မှာ သုံးယောက်နဲ့ တစ်ယောက် မသေရုံတမယ် ထိုးကြိတ်ခဲ့ရတာ၊ အဲဒါ သူ သမီးကို ချစ်လို့ပေါ့ မေမေရယ်၊ သမီး တစ်ဘဝလုံးကို သူခလက်ထဲကိုပဲ ပုံအပ်ရဲတယ်၊ နောက်ပြီး မေမေရဲ့သမီးမှာ ဘယ်လိုအားနည်းချက်တွေ ရှိလည်းဆိုတာ မေမေလည်း အသိပဲနော်၊ ဒီတော့ သူခက လွဲပြီး သမီးဘဝကို ဘယ်သူ့လက်ထဲမှ ပုံမအပ်ရဲဘူး"

အားလုံးရှေ့မှာ နဒီ ပြတ်သားစွာ ငြင်းဆန်ဖို့ အင်အားအပြည့်ရှိနေပြီ။

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်လည်း နဒီ့ကို ကိုယ့်ညီမလေးလိုပဲ သဘောထားနိုင်တာမို့ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ နောက်ပြီး ကျွန်တော့်ချစ်သူနဲ့လည်း ကျွန်တော် လက်ထပ်တော့မှာပါ"

သူတပါကြားထဲကနေ ဒေါ်မြသီတာ စိတ်တိုးတုံး လက်လျှော့နိုင်ရန် နဒီနှင့် လက်မထပ်လိုကြောင်း ငြင်းနေသဖြင့် ရှက်ရှက်နှင့်ပင် ဒေါ်မြသီတာ မချိပြုံးပြုံးပြီး. . .

"အင်းလေ အမေနှစ်ယောက်က သင့်တော်မယ်ထင်လို့ စီစဉ်လိုက်ကြတာ၊ မင်းတို့အတွက် ဖူးစာရှင် လွဲနေကြတယ်ဆိုရင်လည်း ကံစီမံရာပဲပေါ့"

လက်သီးလေး တစ်ချက်တောင် မဝေ့ယမ်းခဲ့ရပဲနှင့် ကိုယ့်ကိုဟီးရိုးလုပ်ခဲ့သည့်ဟန်မျိုး ပြောနေသော နဒီစကားကြောင့် သုခ စိတ်မလုံပေမယ့် တဟဲဟဲဖြင့် ချောလဲရောထိုင်လိုက်သည်။ ဒါမှလည်း ယောက္ခမကြီးက ကြည်ဖြူမှာကိုး. . .



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမလောင်းကြီးတင်မဟုတ်၊ ကိုယ့်အမေနှင့် ကိုယ့်အစ်ကိုကတောင် အမြဲတမ်း ကြောင်တစ်ကောင်လို ခွေခေါက်ပျော့ညံ့သည်ဟု ထင်ထားကြသော သူ့ခကို အထင်ကြီးသော အကြည့်ဖြင့် လှမ်းကြည့်ကြ၏။

"တော်လိုက်တဲ့ မေ့သားလေးရယ်၊ မေမေ့သားမှာ ဒီလိုရဲရင့်တဲ့သတ္တိမျိုး ရှိနေမှန်း မေမေတို့ ဘာကြောင့်မသိခဲ့ရတာလဲကွယ်"

"ဟုတ်တယ်ကွ၊ ငါ့ဘဝတစ်လျှောက်လုံးမှာ ငါ့ညီက အစ်ကိုကိုနှုတ်လှန်ထိုး ရန်တွေ့တတ်တဲ့ မိန်းမဆန်တဲ့ကောင်လေးလို့ ထင်ခဲ့မိတာ၊ ခုတော့ ရုပ်သိမ်းလိုက်ပြီကွာ၊ မင်းနေရာမှာ ငါသာဆို ခုလိုမျိုး ဟီးရိုးလုပ်ပြီး ဝင်ကယ်မှာ မဟုတ်ဘူး၊ လူတိုင်းလူကိုင်းက တကယ်တမ်းအရေးကြုံပြီဆိုရင် ကိုယ့်အသက် ဘေးအန္တရာယ်ဘေးကို အရင်ကြိုပြီး ကာကွယ်ကြတာ သဘာဝပဲလေ၊ မင်းက ခုတော့ အဲဒီသဘာဝကို ဆန့်ကျင်ပြီး အန်တီမြလေးရဲ့ စည်းစိမ်ဥစ္စာနဲ့ နုဒီရဲ့အရှက်ကို ကာကွယ်လိုက်နိုင်တာ၊ ဂုဏ်ယူစရာပါကွာ"

ဒေါ်မြသီတာတစ်ယောက် လုံးဝအထင်ကြီးခဲ့သည့် သူတ၏စိတ်ရင်းမှန်နှင့် သူခ၏စိတ်ရင်းမှန်ကို တစ်ပြိုင်နက်တည်း ခွဲခြားသိလိုက်ရသောအခါ သူခအပေါ်မှာ အထင်သေးသောစိတ်တွေ ရင်ထဲမှာလုံးဝ ရှိမနေတော့။

ထို့ကြောင့် စိတ်ကို လျှော့ချလိုက်ပြီး နုဒီဆန္ဒကို လိုက်လျောဖို့အတွက် သူခကို တစ်ခါမှ မပြုံးပြဖူးသော ကြည်ကြည်သာသာ အပြုံးတစ်ခုဖြင့် တုံ့ပြန်ပြုံးပြလိုက်သည်။

"သားရယ် အန်တီ မင်းကို ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် မင်းတို့ လူငယ်တွေရဲ့ နှလုံးသား ခံစားချက်ကို ရှေ့တန်းတင်ပြီး သဘော





တူ လက်ခံပါတော့မယ်၊ ဟုတ်တယ်နော် ခင်ဆွေ ကလေးတွေရဲ့ အစီအစဉ်ကို မြလေး ပြောင်းပေးလိုက်ပြီ၊ ခင်ဆွေရော ဘယ်လိုသဘောရလဲ"

ဒေါ်ခင်ဆွေလတ်ကို ခွင့်တောင်းနေသော ဒေါ်မြသီတာကို နှစ်ခြိုက်စွာ ခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ကိုယ်က သားနှစ်ယောက်ထဲက ဘယ်သူပဲ မင်းသမီးနဲ့ နေရာချပေးရပေးရ ကိုယ်ကျေနပ်တယ်၊ တစ်ခုပဲရှိတယ် ကိုယ့်သားနှစ်ယောက်စလုံးမှာ ပြောပြလို့မရတဲ့ မဖြစ်စလောက် ဉာဉ်ဆိုးလေးတွေကိုပဲ လက်ထပ်မယ့် လက်တွဲဖော်လေးတွေ နားလည်ပေးဖို့ မျှော်လင့်ချင်တာပါပဲ၊ ဒါပေမယ့် အဲဒီဉာဉ်ဆိုးလေးတွေက အိမ်ထောင်ရေးမှာတော့ ကြီးကြီးကျယ်ကျယ် မထိခိုက်နိုင်ပါဘူး၊ တကယ့်ကို ဟာသမြောက်ရုံလေးပါ"

ဒေါ်မြသီတာကလည်း တစ်လက်စတည်းမှာပင်. . .

"ခင်ဆွေပြောမှပဲ မြလေးလည်း ပြောရဦးမယ်၊ ခင်ဆွေ့သားမှာ ပြောမရတဲ့ ဉာဉ်ဆိုးလေးရှိသလို မြလေးရဲ့ သမီးမှာလည်း ပြောပြလို့မရတဲ့ အားနည်းချက်နည်းနည်းလေး ရှိနေပါတယ်၊ ဒါဟာလည်း သူတို့တွေသာ တကယ်အချစ်စစ်နဲ့ ချစ်ခဲ့ရိုးမှန်ခဲ့ရင် စောစောက ခင်ဆွေပြောခဲ့သလိုပဲ ဟာသမြောက်နေပါလိမ့်မယ်"

တစ်ဆက်တည်းမှာပဲ သူခဘက်ကို လှည့်၍. . .

"ကဲ မောင်သူခ အန်တီ့သမီးလေးမမှာရှိနေတဲ့ အားနည်းချက်ကို မင်း ကြည်ဖြူနိုင်ပါ့မလား"

သူခသည် ဒေါ်မြသီတာပြောသည့် အားနည်းချက်ဟု ထင်နေသော ပိန်ပိန်လျလျ နုဒီကိုယ်လေးကို မြတ်နိုးစွာ တစ်ချက်ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"ဟာ ကြည်ဖြူနိုင်တာပေါ့၊ ကျွန်တော် နဒီ့မှာ ဘယ်လိုအကြောင်းအရာ ဘယ်လိုအားနည်းချက်မျိုး ရှိနေပါစေ၊ ရင်ထဲက အချစ်တွေကိုတော့ မြူတစ်မှုန်စာတောင် အလျှော့မခံပါဘူး၊ ထာဝရ နဒီဘေးမှာ သစ္စာရှိရှိနဲ့ နေသွားမှာပါ"

သုတမှာ ယောက္ခမလောင်းကြီး မျက်ရည်ကျလောက်အောင် ကြွေပြနေသော သုခကိုကြည့်ပြီး တစ်ဖက်ကိုလှည့်ပြီး မသိမသာ ရယ်လိုက်သည်။ ဒီကောင် လက်ထပ်ပြီးမှ နဒီ့အားနည်းချက် ဘာလဲဆိုတာကို သိသွားပြီး ခံစားရမယ့်မျက်နှာကြီး ကြိုမြင်နေမိပါရဲ့။

မေမေမွေးထုတ်လိုက်သော သားချင်းအတူတူ သုတသာလျှင် သားအကြီးရာထူးကိုရခဲ့ပြီး ပညာအရာမှာလည်း သုတသာလျှင် ပို၍ မြင့်ခဲ့သည်။ ယခု လက်ထပ်တော့လည်း သုခမိန်းမထက် သုတမိန်းမ ကပိုပြီး အပြစ်ကင်းကင်းနဲ့ လှပနေရမှာပဲပေါ့။

သုတ တွေးရင်းနှင့် အောင်နိုင်သူတို့လို ဘဝင်ပင် ခပ်မြင့်မြင့် ဖြစ်သွား၏။







# အခန်း(၂၆)

**တစ်**ယောက်နှင့်တစ်ယောက် ရန်ကြွေးရှိနေသော နဒီမိုးမြင့်နှင့် ကလျာချောချောစုတို့နှစ်ယောက် ယောက္ခမလောင်း ဒေါ်ခင်ဆွေလတ်အိမ်မှာ လာ၍ဆုံကြသည်။

"ဩော်. . သုခ ရည်းစားဆိုလို့ ဘယ်သူများလဲ မှတ်တယ်. . နင်ကိုး. . အဟင်း၊ နင်က အရင်လိုပဲ ပိန်တုန်းပဲနော်၊ ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

တွေ့တွေ့ချင်း ကလျာချောချောစု၏ စတင်ထိုးနှက်သော ရိသဲ့သဲ့ စကားကြောင့် နဒီစိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။

"ငါ့မှာ ဘာရောဂါမှ မရှိပါဘူး၊ ငါက ဒီလို ပိန်ပိန်လှလှ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖြစ်အောင် မနည်းကို ထိန်းသိမ်းလာရတာ၊ ဒီခေတ်က ပိန်ပိန်လေးတွေမှ တန်းဝင်တာလေ၊ အဆီရှိတဲ့ ခါးတုတ်တုတ်နဲ့ အသားအရေ ပွပွကြီးတွေဖြစ်အောင် ဘီယာတွေသောက်နေတဲ့ နင့်လိုမျိုးတော့ ဘီယာဖော မဖောချင်ဘူးလေ"

မကြာခဏ ဘီယာသောက်လေ့ရှိသော ကလျာချောချောစုမှာ နဒီ့ထိုးနှက်ချက်ကြောင့် မျက်လုံးအစုံ မီးဝင်းဝင်းတောက်မတတ် ကြည့်လိုက်ပြီး ဘာမှ ပြန်ချေပစရာ စကားမရှိ ဖြစ်သွားရသည်။ ကလျာ အားနည်းချက်တွေကို သူသိနေ၍ နဒီ့အားနည်းချက်ကိုလည်း မျက်လုံးဒေါက်ထောက်ကြည့်မှ ဖြစ်တော့မည်။

ကလျာ ဘာမှ ထပ်ပြောမနေတော့ပဲ နဒီကို မျက်စောင်းခပ်ဆွေဆွေထိုးကာ အိမ်ထဲသို့ သူကဦးအောင် ခပ်ဆောင့်ဆောင့် ဝင်သွားသည်။

"ဟော သမီးတို့နှစ်ယောက် တမင်ချိန်းပြီးမှ လာကြသလားကွယ်"

ဒေါ်ခင်ဆွေလတ် ချွေးမလောင်းနှစ်ယောက်ကို တစ်ပြိုင်နက်တည်း တွေ့လိုက်ရ၍ ဖော်ရွေနွေးထွေးစွာ ကြိုဆိုလိုက်သည်။

"အန်တီဆွေ မေမေက သစ်ခွတွေ ပို့ခိုင်းလိုက်လို့၊ နောက်ပြီး သတို့သမီး ဝတ်စုံကို မေမေ့တူမရဲ့ ဖက်ရှင်ဆိုင်မှာပဲ လှမ်းမှာလိုက်တော့မယ်တဲ့၊ အဲဒါ ကိုသုတ သတို့သမီးအတွက်ရော ထပ်ပြီး မှာလိုက်ရမလားလို့ မေးခိုင်းလိုက်တယ်"

"အေး. . အဲဒါလည်း ကောင်းတာပဲ၊ မြလေးတူမက အခု ဖက်ရှင်ဆိုင် ဖွင့်ထားတာနော်၊ ဘယ်နိုင်ငံမှာလဲ"

"LA မှာလေ အန်တီဆွေရဲ့၊ အဲဒီမှာဆိုတော့ အတူတူမင်္ဂလာ





ဆောင်မယ့် သတို့သမီးနှစ်ယောက် ဝတ်စုံအဆင့်အတန်း ညီသွားတာပေါ့"

"အေး. . ကောင်းတယ်၊ ကဲ. . သမီး ကလျာရော ဘယ်လိုသဘောရလဲကွယ်၊ အန်တီ အဲဒီမှာပဲ မှာပေးရမလား၊ သမီးတခြား ဘာစီစဉ်ချင်သေးလဲ၊ မင်္ဂလာပွဲကလည်း တစ်ရက်တည်း တစ်ပြိုင်တည်းလုပ်မှာဆိုတော့ အချိန်နှစ်ပိုင်းခွဲပြီး ကုန်စရာမလိုတော့ဘူးလေ"

ဒေါ်ခင်ဆွေလတ် သဘောကျ ခေါင်းညိတ်လိုက်ပေမယ့် တင်းလွန်းသော နဒီစကားကို ကလျာ လုံးဝမနှစ်မြို့။ သို့သော် ယောက္ခမကြီး ရှေ့မှာမို့ ဒေါသတွေကို သိပ်ထုတ်မသုံးဖြစ်ပဲ ခပ်လွင်လွင် အပြုံးလေးဖြင့်. . .

"အန်တီနဲ့ နဒီ့အစီအစဉ် ကောင်းပါတယ်၊ ဒါပေမယ့် ကလျာ့အတွက် သိပ်ပြီး စိတ်အပင်ပန်း မခံပါနဲ့ အန်တီဆွေရယ်၊ ကလျာက လေ ဟိုးအရင်ကတည်းက ကိုယ့်မင်္ဂလာပွဲမှာ ကမ္ဘာကျော် ဒီဇိုင်းနာဆီမှာ အပ်မယ်လို့ စိတ်ကူးယဉ်ခဲ့တာ၊ ခုတော့ ကလျာ့အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့် ရတော့မယ်လေ၊ အခု ဂျပန်က အာခီမွန်ဘယ်လ်ဆိုတဲ့ ကမ္ဘာကျော် ဒီဇိုင်နာလေ အန်တီကြားဖူးလား"

ဒေါ်ခင်ဆွေလတ် အူကြောင်ကြောင်ဖြင့်. . .

"အဲ. . အင် အန်တီက ခေတ်လူကြီးဆိုတော့ ဒီခေတ် ကိုယ့်နိုင်ငံက ဒီဇိုင်နာတောင် မသိတာ၊ ကမ္ဘာကျော်တဲ့ ဂျပန်က ဒီဇိုင်နာဆိုပိုတောင် မသိသေးတယ်"

"အန်တီမသိတာလဲ အပြစ်မဟုတ်ပါဘူး၊ နဒီတောင် တစ်ခါမှ မကြားဖူးဘူး သိလား၊ အဟင်း. . ခစ်. . ခစ်. . ခစ်"

နဒီ အမှန်ပင် ထိုဒီဇိုင်းနာနာမည်ကို မကြားဖူး၊ ကလျာ



www.burmeseclassic.com

www.burmeseclassic.com



သက်သက်မဲ့ ကြွားနေမှန်း သိသာ၏။

"နင်က ဘယ်ကြွားဖူးမလဲ၊ လေတိုက်ရင် လဲမှာစိုးတဲ့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေရတာနဲ့ အပြင်ဗဟုသုတဆိုတာကို ဘယ်သိနိုင်မလဲ"

ကလျာကလည်း မသိမသာထက် သိသိသာသာကို ပြန်ဖွဲ့၏။

"သြော် ဒီခေတ်ကြီးက နိုင်ငံတကာကို ပိုက်ဆံအကုန်ခံလျှောက်လည်ပြီး ဗဟုသုတရှာမှီးစရာ မလိုပါဘူး၊ အိမ်ထဲကနေ ကမ္ဘာကြီးကို အားလုံးကြည့်နိုင်တဲ့ ဂလိုဘယ်လိုင်ဖေ့ရှင်း ခေတ်ကြီးလေ၊ နိုင်ငံတကာဖက်ရှင် Facebook ပေါ်မှာ နင်ပြောတဲ့ အာခီမွန်ဘယ်လ်ဆိုတာ နာမည်ဆင်တာလေးတောင် မပါဘူး"

"ဟား. . နဒီ ဘယ်တုန်းကရောက်လဲ"

သုခ အပြင်က ပြန်လာလာချင်း ဧည့်ခန်းထဲတွင် စကားဖောင်ဖွဲ့အောင် ပြောနေသော အမေနှင့် နဒီအပြင် ကလျာကိုပါ တွေ့လိုက်၍ ပြုံးရွှင်စွာ အိမ်ထဲဝင်လာပြီး မေးသည်။ သုခဝင်လာတော့မှ ချွေးမလောင်းနှစ်ယောက်၏ ကျွဲနှစ်ကောင်လို ခွေ့နေတဲ့ပွဲ တစ်ခန်းရပ်တော့၏။ ဒီတော့မှ ဒေါ်ခင်ဆွေလတ် ဟင်းချနိုင်တော့သည်။

"ခုပဲရောက်တာ မေမေက သစ်ခွတွေပေးခိုင်းလိုက်လို့၊ နောက်ပြီး ဖိတ်စာကိစ္စတွေလည်း စီစဉ်စရာရှိတာ စီစဉ်ရအောင်လေ"

"ဖိတ်စာက ကိုသု စီစဉ်ပြီးသွားပြီ၊ အဲဒီအပိုင်းကို သူ တာဝန်ယူထားတယ်၊ ငါက ဟိုတယ်ကိစ္စ တာဝန်ယူထားတာလေ"

"ဟုတ်လား ဒါဆိုရင် မင်္ဂလာပွဲအတွက် အားလုံးစီစဉ်ပြီးသလောက် ဖြစ်နေပြီ၊ အိပ်ရာခမ်းနားက ရွှေ့အပတ်ထဲရမှာနော်"

"အင်းလေ နှစ်စုံ တစ်ပြိုင်တည်းလာပို့မှာ အခန်းတွေရှင်းဖို့ပဲ





စီစဉ်ရတော့မှာ"

ဒေါ်ခင်ဆွေလတ် မင်္ဂလာကိစ္စအတွက် တက်ကြွစွာ စီစဉ်နေကြသော သားသမီးတွေကို ကြည့်ပြီး ရင်ထဲမှာ ပြောမပြတတ်အောင် ပီတိတွေ မြိုင်နေ၏။

သားလေးနှစ်ယောက် မွေးထားတာ မိန်းမရ ကံကောင်းကြသည်။ အားလုံး အမျိုးကောင်းသမီး ခြောက်ပစ်ကင်း သဲလည်းစင်သော ချွေးမလေးတွေမို့ ယခုချိန်မှာ သေဆိုလျှင်တောင် သေပျော်ပါပြီ။

"အန်တီ မေမေက ညကျရင် အိမ်ဘက်ကို ကူးခဲ့ပါဦးတဲ့၊ သူလာချင်ပေမယ့် လေ့ကားအတက်အဆင်း လုပ်ဖို့မလွယ်အောင် ဒူးတွေ နာနေလို့ပါတဲ့"

ကလျာမှာ မိခင်ကို စိတ်မကွက်စေချင်၍ အသက်ကြီး၍ ဖြစ်လေ့ဖြစ်ထရှိသော ဂေါက်ရောဂါကို အကြောင်းပြလိုက်၏။ တကယ်လည်း အသက်ခုနစ်ဆယ်ကျော် မိခင်မှာ ဒေါ်ခင်ဆွေလတ်တို့လို ငယ်ရွယ်နုပျိုခြင်းတွေ မရှိတော့၊ ဇရာ၏ အထုအထောင်း ခံနေရတာမို့ ကလျာ့မင်္ဂလာကိစ္စကို ဝင်ရောက်စီစဉ်ပေးနိုင်လောက်အောင် စိတ်သွားတိုင်း ကိုယ်မပါတော့။

"လာရမှာပေါ့၊ အန်တီလည်း ဒီည အိမ်ဘက်ကို ကူးလာဖို့ အစီအစဉ် ရှိပါတယ် သမီးရယ်၊ မမကြီးကရော ဘာများကိစ္စ အထွေအထူးရှိလည်း မသိဘူး"

"ဟိုလေ မေမေက ကလျာနဲ့ ကိုသု မင်္ဂလာပွဲအတွက် ရွှေတောင်ကြားက တိုက်နဲ့ငွေသိန်းတစ်ထောင် လက်ဖွဲ့မယ်ဆိုတဲ့အကြောင်း ပြောပြချင်လို့တဲ့"

ကလျာ့အသံလေး၏ အဖျားခတ်မှာ နဒီကို ရည်စူး၍ မော်



www.burmeseclassic.com

www.burmeseclassic.com



ကြွားကြွားလေသံ ဖြစ်သွားသည်။ ဒေါ်ခင်ဆွေလတ်သည်လည်း မမျှော်လင့်ထားသော အခွင့်ထူးကြီးမို့ အပျော်လွန်ကာ ထခုန်မိမတတ်ပင်။

"အို. . မေမေ သားလေးတွေ ဂံကောင်းလိုက်ကြတာကွယ်၊ လောကမှာ ကံအကောင်းဆုံး သတို့သားလောင်းလေးတွေတောင် မေမေ့သားလေးတွေလောက် ကံကောင်းနိုင်ပါ့မလားကွယ်"

ဒေါ်ခင်ဆွေလတ် ဝမ်းသာလွန်း၍ အသံတွေတောင် တုန်နေ၏။

နဒီက ဒေါ်ခင်ဆွေလတ်ကိုကြည့်ပြီး ပီတိဝိုင်းဖြစ်ပေး၍ ရပေမယ့် ကလျာ၏ အကြွားသန်ပုံကြောင့် ဟုတ်ရောဟုတ်ရဲ့လားဟု သံသယအကြည့်ဖြင့် မျက်စောင်းခပ်ပါးပါးဝေ့လိုက်သည်။

သုခမှာတော့ မသိမသာ မဲ့လိုက်သည်။

ဟွန့်. . အဲ့လောက်မက်လုံးတွေပေးပြီး လက်ဖွဲ့မှာပေါ့၊ သူတို့သမီးကို လက်ထပ်ပြီးလို့ အားနည်းချက်ကိုသာ သိသွားကြည့် သားမက်ကလေးက စိတ်ပျက်ပြီး ခွာသွားမလားဆိုတဲ့ ပူပန်စိတ်နဲ့ အချုပ်ဇယားတွေ ကြိုခင်းလိုက်တာ. . .

သုခတို့ကလည်း နောကြေပြီးသား သို့သော်. . ကိုယ့်အစ်ကိုဘူမသိကိုးမသိနှင့် ကလျာ့ကို လက်ထပ်လိုက်ရပေမယ့် သိန်းတစ်ထောင်နှင့် ရွှေတောင်ကြားကတိုက် ရမှာဆိုတော့ လက်ထပ်ရကျိုးတော့ နပ်နိုင်ပါသည်။ သူ့ရင်ထဲက အချစ်စစ်သည် ဆိုလျှင်ပေါ့။

စိတ်ထဲမှာ ကိုယ့်အစ်ကိုအတွက် ဖွင့်ပြောပြချင်ပေမယ့် တစ်ဖက်သားက ငိုမတတ် ယိုမတတ် ခြေသလုံးဖက်မတတ် သူ့လျှို့ဝှက်ချက်ကိုမပြောဖို့ တောင်းတောင်းပန်ပန်နှင့် အသနားခံထားသူမို့ သုခ





မပြောရက်။ ထို့ကြောင့် မေမေ့ကိုလည်း မပြောဖြစ်၊ နဒီကိုပင် ပြောဖို့စိတ်မကူးခဲ့။

ကလျာ့ကို ကိုယ့်သူငယ်ချင်းတစ်ယောက်လို ကရုဏာသက်မိသည်။ သူ့ခမျာ ရှက်ရှာမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၇)



ညီအစ်ကိုနှစ်ယောက်စလုံး တစ်ပြိုင်နက်တည်းကျင်းပသည့် မင်္ဂလာပွဲမို့ ကရဝိတ်နန်းတော် မင်္ဂလာခန်းမထဲတွင် ဧည့်သည်တွေမှာ စားပွဲလွတ်မရှိ နေရာယူကာ လျှောက်လမ်းထဲဝင်လာမည့် သတို့သား သတို့သမီး စုံတွဲကို စောင့်မျှော်နေကြ၏။

အဆိုတော် ပန်းအိဖြူ၏ မင်္ဂလာအခါတော်ပေး သီချင်းသံကလည်း မင်္ဂလာပွဲကို ဂုဏ်သိက္ခာတွေဖြင့် ရသမြောက်စေ၏။

အားလုံး လည်တဆန့်ဆန့်နှင့် သတို့သားညီအစ်ကိုနှင့် သတို့သမီးချောလေးနှစ်ယောက်ကို မျှော်နေစဉ်မှာပင် လျှောက်လမ်းထဲ ဝင်လာသည်။





မင်္ဂလာပန်းကြဲ၊ လက်စွပ်ဗန်းကိုင်၊ မင်္ဂလာပန်းကုံးတွေ ကိုင်ဆောင်လာသော မော်ဒယ်မလေးများ၏ နောက်တွင် သုတနှင့် ကလျာ ချောချောစုမှာ အနောက်တိုင်း သတို့သားသတို့သမီး ဝတ်စုံဖြင့် ကြွကြွရွရွလေး လျှောက်လှမ်းလာ၏။

သူတို့နှစ်ဦးနောက်မှ သုခနှင့် နဒီမိုးမြင့်ကတစ်တွဲ၊ သတို့သား သတို့သမီး မင်္ဂလာမောင်နှံ နှစ်စုံတွဲနောက်မှာ ဒေါ်ခင်ဆွေလတ် ဒေါ်မြသီတာက ဒေါ်နီလာသက်တင်ကိုတွဲ၍ မုဆိုးမလက်ဟောင်း အမေသုံးယောက် ပြုံးပီတိတွေကို မျှဝေစားရင်း တလှုပ်လှုပ် လိုက်ပါလာကြသည်။

အနောက်မှ ဒေါ်မာလာသက်တင်နှင့် သူ၏ မွေးစားတူ တူမများနှင့် ဆွေမျိုးတသီတတန်းကြီး တရွေ့ရွေ့ လျှောက်လာကြသည်။

"ဟယ် သတို့သားလေးတွေရော သတို့သမီးလေးတွေရော ချောလိုက်ကြတာပါဟယ်၊ တကယ့် နေနဲ့လ ရွှေနဲ့မြပါပဲ"

"အဲဒါ နတ်ဖက်တဲ့စုံတွဲပေါ့၊ ကြည့်ပါဦး အပြစ်အနာအဆာ မရှိအောင်ကို ချောလိုက်လှလိုက်ကြတာနော်"

"အဟီး ငါတို့တောင် အိမ်က ဗိုက်ပူမကြီးကိုပစ်ပြီး ဒီလိုအစင်လေးတွေနဲ့ ပြန်ပြီးလက်ထပ်ချင်လာပြီကွာ"

ထိုချီးမွမ်းသံများသည် မင်္ဂလာတေးသီချင်းသံတွေကြားထဲမှ မကြားတကြား ထွက်ပေါ်လာသော ချီးမွမ်းသံများဖြစ်သည်။

ထိုချီးမွမ်းသံတွေကို ကလျာရော နဒီရော သုတနှင့် သုခပါ ပြိုင်တူကြားကြသည်။

သုတ ဘာရယ်မဟုတ် ပြုံးမိသည်။

မင်္ဂလာပွဲလာ ဧည့်ပရိသတ်တွေ သိမှမသိကြတာ၊ သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဩရသရဲ့ သတို့သမီးလေးကသာ အပြစ်ဆိုဖွယ်မရှိအောင်လှပသည့် သတို့သမီးလေး ဖြစ်သည်။

သားငယ်၏ သတို့သမီးလေးမှာတော့ ဘယ်သူမှ ထင်မထားသော လျှို့ဝှက်ချက်ကလေး ရှိနေသည်ဆိုတာကို ဘယ်သူများသိမှာတဲ့လည်း သိများသိလျှင် သုခကို သနားကြမှာ သေချာ၏။

ထိုနည်းတူစွာ သုခမှာလည်း အစ်ကိုဖြစ်သူအတွက် စိတ်မကောင်းဖြစ်မိသွားသလိုလိုနှင့် ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူလို ရုတ်တရက် ခံစားသွားရ၏။

ခုနေများ ကိုသုဘေးမှာ ယှဉ်တွဲပြီး ဆင်မယဉ်သာလေးလို လျှောက်နေသော ကလျာ့မှာ ကိုသုတ ထင်မထားသော လျှို့ဝှက်ချက်ကလေး ရှိနေသည်ဆိုတာသိလျှင် သုတရှက်ပြီး ဒီမင်္ဂလာခန်းမထဲက ဒုန်းစိုင်းပြီးများ ထွက်ပြေးသွားမလားမသိ။

အဘယ်ကြောင့်ဆိုသော်. . . အကောင်းကြိုက်သော(အရာအားလုံးကို)ကိုယ့်အစ်ကိုသည် ယခု သူကိုယ်တိုင် ဆန်ခါတင်ရွေးချယ်လိုက်သော ဘဝလက်တွဲဖော်သည် လူမြင်မခံဝံ့သော လျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေသည့်အတွက် သူ ဘယ်လိုမှ ရင်ဆိုင်နိုင်မည်မဟုတ်။

တရွေ့ရွေ့နှင့် စတိတ်စင်ပေါ်သို့ တက်လိုက်ကြသည်။

ရုတ်တရက် နဒီ စတိတ်စင်ပေါ်သို့ အတက် လှေကားထစ်ပေါ်မှာ သူ့ဂါဝန်သူ တက်နင်းမိ၍ ရှေ့သို့ ဟပ်ထိုးလဲကျလေသည်။

"အား. . . အမလေး"

"ဟာ. . နဒီ"

သုခ ဖမ်းဆွဲပေမယ့် ဘယ်လိုမှ မမီတော့။

"ဟယ်. ."





"ဟောတော့"

သတို့သမီးလေး လဲကျပြီး အားလုံး တအံ့တဩဖြင့် အာမေဋိတ်သံပြုကာ အကြည့်တွေက နဒီဆီကို စုပြုံ၍ ရောက်လာကြသည်။

သုခ ကြောင်ငေးကြည့်နေစဉ်မှာ ဒေါ်မြသီတာမှာ ကိုယ့်သမီး၏ အားနည်းချက်ကို သိထားသူမို့. . .

"သမီး. . သမီးလေး သတိထား၊ ဘာဖြစ်သွားသေးလဲဟင်"

စိုးရိမ်တကြီးဖြင့် အနောက်မှ ပြေးထူ၏။

နဒီ အရှက်သည်းစွာဖြင့် သတို့သမီး ဂါဝန်ကြီးမကာ အတင်းကုန်းရုန်းထ၏။ အလှဆုံးခြယ်မှုန်းထားသော နဒီမျက်နှာလေးသည် တစ်စုံတစ်ရာ လစ်ဟာသွားသလို ဟာလာဟင်းလင်းဖြင့် အသွားအိုလေးတစ်ယောက် သွားမရှိတော့သလို ကြည့်ရဆိုးသွားသည်။

သုခ မျက်လုံးအစုံ ပေါက်ထွက်မတတ် ပြူးထွက်လာပြီး. . .

"ဟာ. . န. . နဒီ. . ဒါ. . ဒါ. . ဘယ်လိုဖြစ်တာလဲ၊ မမေနဒီရဲ့. . သွား. . သွားတွေ. . ဟာ. . ဘာ. . ဘာဖြစ်တာလဲ"

သုခ ဆောက်တည်ရာမရဖြစ်ကာ အထစ်ထစ်အငေါ့ငေါ့ မေး၏။

နဒီလည်း ခုမှပင် သူ့မျက်နှာသူပြန်စမ်းကာ ခွက်ဝင်နေသော ပါးစပ်ကို စမ်းမိပြီး လူက အရှင်လတ်လတ် ဝိညာဉ်ပျောက်သလို လေထဲ ဟာခနဲ ဖြစ်သွားသည်။

"မေမေ. . နဒီ. . သွား. . သွားတွေ. . ကျ. . ကျကုန်ပြီ"

နဒီ ငိုမဲ့မဲ့အသံတွေ တုန်ခါအက်ကွဲလျက် မိခင်ကို အားကိုးတကြီး ပြေးဖက်၏။

နဒီ့ပါးစပ်အတွင်းမှ လွင့်ကျသွားသော သွားအတုတွေက



www.burmeseclassic.com

www.burmeseclassic.com



သုတနှင့် ကလျာတို့ ထိုင်နေသော ဆိုဖာခုံခြေရင်းသို့ လွင့်ကျသွားသည်။

"ဟယ်. . နဒီ. . နင့်. . နင့်သွားက အတုကြီးလား၊ ဟား. . ဟား. . ဟား. . ခစ်. . ခစ်. . ခစ် ကိုသု ကြည့်ပါဦး နဒီ့ပါးစပ်ထဲမှာ သွားမရှိတော့ဘူး"

ကလျာ ငိုမဲ့မဲ့ဖြစ်နေသော နဒီကိုကြည့်ကာ တခိုးခိုးတခစ်ခစ် ဖြင့် ရယ်၍မဆုံး၊ သုခကို ကြည့်နေသော သုတ၏ အကြည့်တွေမှာ မချိုမချဉ်နှင့် လှောင်ရိပ်တွေ ပြည့်နှက်နေ၏။

ထင်မှတ်မထားသော အခြေအနေကြီးမှာ ခုလိုဖြစ်သွား၍ သုခမှာ ငုတ်တုတ် သတိလစ်နေသလို လူက စိတ်နှင့်ကိုယ် မကပ်တော့၊ ခန္ဓာကိုယ် တစ်ခုလုံးတွင်ရှိ သွေးကြောတွေထဲမှာ တဖျဉ်းဖျဉ်း ရှိန်းမြ၍ နေသည်။

မင်္ဂလာခန်းမထဲမှ ဧည့်သည်ပရိသတ်တွေအားလုံး၏ အကြည့် တွေသည် နဒီနှင့် သုခဆီသို့ တိုးဝှေ့စုပြုံလာကြသည်။

သုခ ရုတ်တရက် အတွေးထဲဝင်လာသည်က ကိုသုလိုပင် သူလည်း လျှို့ဝှက်ချက်ရှိသော မိန်းမကို လက်ထပ်မိလိုက်ခြင်းပင်၊ ထို အတွေးနှင့်အတူ လူက ချွေးမိုးဖြိုက်ဖြိုက်ရွှာလာကာ ပရိသတ်တွေထံကို ဝေ့ကြည့်လိုက်သည်။

အားလုံး၏မျက်နှာတွေမှာ အံ့ဩရိပ်တွေက သူတို့၏ မျက်နှာမှာ တိမ်ညိုတွေလို ဖုံးအုပ်နေကြသည်။

သုံတနားစည်ထဲ တိုးဝင်လာတာက ကိုသု၏ မညှာမတာ ခွက်ထိုးခွက်လန်ရယ်သံနှင့် ကလျာ၏ လှောင်ပြောင်ရယ်မောသံစူးစူး တို့ပဲ ဖြစ်သည်။





ထိုရယ်သံတွေကြောင့် သုခရင်တွေ တဒိန်းဒိန်းဆောင့်ခုန် ကာ လူက ဆောက်တည်ရာမရ ဖြစ်သွားပြီး ကိုသုနှင့် ကလျာ့အနားသို့ ဒေါသပါသော ခြေလှမ်းဖြင့် ရောက်သွား၏။ ဒီလိုအချိန်မှာ သူတို့ ဒီလို ရယ်သံမျိုးနှင့် ရယ်ရက်သလား။

ဒါဟာ ဘယ်လိုမှ မဖြစ်သင့်၊ လူဆိုတာ ကိုယ့်အားနည်းချက်ကို မြင်အောင်မကြည့်ပဲ သူတစ်ပါးအားနည်းချက်ကိုသာ လှောင်ပြောင်သရော်ကြတာ သဘာဝပေမယ့် ကိုသုနှင့်ကိုယ်က သူစိမ်းတွေမှ မဟုတ်ကြတာ။

တရှုံ့ရှုံ့ငိုနေသော နဒီ့ကို ရီဝေစွာ လှည့်ကြည့်လိုက်သည်။ စိတ်ကုန်ဖို့ဆိုတာ ဝေးစွ၊ ရင်မှာ ပို၍ပင် ကရုဏာသက်နေမိသွားသည်။ ကိုယ်သိပ်ချစ်သော ချစ်သူလေး ရှက်ရွံ့သိမ်ငယ်သလို ကိုယ့်ကို မညှာမတာ လှောင်ပြောင်ဟားတိုက်နေသော ကိုသုနှင့် ကလျာ့အပေါ် ကလဲ့စားချေချင်သော စိတ်တွေသာ မုန်တိုင်းတစ်ခုလို ရင်ထဲမှာ အရှက်တရားတို့၏ နံရံကို တဝုန်းဝုန်းထုရိုက်နေ၏။

ဒီတော့ မင်္ဂလာမောင်နှံနှစ်ခု တွဲဘက်ညီသွားရန် သုခဘက်က သည်းခံခြင်းတရားတွေ မမွေးနိုင်တော့ သွေးအေးသော ခြေလှမ်းတွေဖြင့် သုတတို့ဆီသို့ လျှောက်လာပြီး နဒီ၏ ကျွတ်ထွက်သွားသော သွားအတုတွေကို မှင်သေသေနှင့် ကောက်ယူလိုက်ပြီး သုတနှင့် ကလျာ့ကို နာကျင်စွာကြည့်လိုက်သည်။

ထိုအချိန်တွင် ဒေါ်မြသီတာနှင့် နဒီ၏ ရှိုက်သံသဲ့သဲ့ကလွဲ၍ ဧည့်ပရိသတ်တွေထဲမှ ဘာသံမှမကြားအောင် တိတ်ဆိတ်၍နေ၏။

ဒါ့အပြင် အလိုက်ကန်းဆိုးမသိသော တီးဝိုင်းကလည်း မည် သည့်တီးလုံးမှ မတီးပဲ စတိတ်စင်ပေါ်မှာ ဖြစ်ပျက်နေသော နဒီမဟာ



www.burmeseclassic.com

www.burmeseclassic.com



အရှက်တော်ကွဲခြင်းဆီကိုသာ အာရုံစူးစိုက်နေကြ၏။

မင်္ဂလာစကား မြွက်ကြားနေသော ဦးသိန်းလှမောင်သည်လည်း ပါးစပ်ထဲ ယင်ကောင်ဝင်ဥရလောက်အောင်ပင် ဘာမျှဆက်မပြောနိုင်လောက်အောင် အံ့သြနေတာလား၊ ရယ်ချင်နေတာလား၊ စိတ်မကောင်းဖြစ်နေတာလား၊ သေချာတာကတော့ သူ့ဘဝတစ်သက်မှာ ဒီလိုအဖြစ်မျိုး ဒီတစ်ခါပဲ ကြုံဖူးမည်ဆိုတာပဲဖြစ်သည်။

သုခ အံကို ကျိခနဲနေအောင် ကြိတ်လိုက်၏။

ပြီးနောက်. . . ကလျာ့ကို စေ့စေ့ကြည့်ကာ. . .

"နင် ခုလိုမျိုး ရယ်ရက်သလား ကလျာ"

သုခအသံမှာ အေးစက်နေသည်။ ကလျာ တခိုးခိုးတခစ်ခစ် ရယ်လို့ မဝသေးခင်မှာပင် သုခစကားကြောင့် ရုတ်တရက် မျက်နှာ အိုဆင်းသွား၏။

ပန်းနုရောင်သန်းနေသော ဆေးသားခြယ် မျက်နှာသည် မသိမသာ ညိုမှောင်သွားသည်။

"ဆော. . ဆောရီးပဲ သုခရယ်၊ ငါ. . ငါ. . သတိလက်လွတ်ဖြစ်သွားလို့ပါ၊ ငါ တောင်းပန်ပါ. . "

သုခ ကလျာ့တောင်းပန်တိုးလျှိုးသံကို ပြီးအောင် နားမထောင်ပဲ သုတကို လှည့်ကြည့်သည်။ သုတ ထိုင်နေရာမှ ထရပ်လိုက်ပြီး သူ့အမှား သူသိသွားသဖြင့် ရယ်နေရာမှ မျက်နှာပိုးသတ်ကာ သုခကို နှစ်သိမ့်ရန် လက်အရွယ် သုတလက်မှာ ဝတ်ထားသည့် ဟန်းချိန်းကြိုးနှင့် ကလျာ့ခေါင်းမှဆံပင် ငြိသွားသည်။

ရုတ်တရက်မို့ သုတ သတိမထားမိပဲ ဟမ်းချိန်းကို ဆောင့်အဆွဲ ဟမ်းချိန်းနှင့် ငြိပါလာသည်က ကလျာ့ခေါင်းမှ သရဖူးလေးတန်းလန်း





နှင့် ကျွတ်ပါလာသည့် ဆံပင်အုံလိုက်ကြီး ဖြစ်သည်။

"ဟာ. ."

"ဟင်. ."

"ဘုရားရေ ဘယ်လိုဖြစ်ကြတာလဲ"

ပရိသတ်တွေထဲမှ ကွိစိကွိစိဝေဖန်သံတွေ ရယ်သံတွေ ထပ်ထွက်လာပြန်သည်။

တီးဝိုင်းအဖွဲ့ထဲမှ နှဲကြီးတန်းလန်းနှင့် ကြောင်ကြည့်နေသော နှဲသမားပင် ဆီသုတ်ထားသလို ပြောင်နေသော ကလျာ့ခေါင်းတုံးကို ကြည့်ပြီး နှဲကြီးကို ပီခနဲ ပွမ်ခနဲ ယောင်ပြီးမှုတ်ချကာ. . ခွက်ထိုးခွက်လန်နှင့် အော်ရယ်တော့၏။

ခန်းမထဲမှ လွှတ်ထားသော အဲယားကွန်း အအေးဒဏ်သည် ကလျာ့ခေါင်းတုံးပြောင်ပြောင်ကို လာပြီး အအေးဓါတ်တွေ သွန်ချ၍ စိမ့်ခနဲ အေးသွားသည်။

"ဟင်. . က. . ကလျာ့ခေါင်း. . ခေါင်းက. . ဆံ. . ဆံပင်"

သုတ လည်ချောင်းထဲမှစကားလုံးတွေ တဖြောင့်တည်း မထွက်ဘဲ ထစ်ထစ်ငေါ့ငေါ့ ထွက်လာသည်။ မျက်နှာမှာ သွေးမရှိသလို ဖြူဖွေးဆုတ်သွား၏။

စောစောက အရယ်မျက်နှာသည် ဘယ်ချောင်ကို ခိုကပ်သွားပြီလဲမသိ၊ ယခု သုတမျက်နှာပေါ်မှာ ရောက်ရှိနေသည်က ဝဋ်လည်ပြီဟူသောအသိကို ဦးဆောင်ထားသည့် မထွေးနိုင် မအန်နိုင်သော အရှက်တရားအချို့နှင့် ခရမ်းသီးပုပ်လို ညိုမှောင်နေသော စိတ်ပျက်ခြင်း၊ ရှက်ရွံ့ခြင်း၊ အရောင်မှောင်မှောင်တွေပဲ ဖြစ်သည်။

ဒါဟာ သူ့တရား သူစီရင်လိုက်တာပဲ၊ သုခအနေနှင့် ဘာမျှ



www.burmeseclassic.com

www.burmeseclassic.com



တောင် ပြန်ပြီး မတုံ့ပြန်လိုက်ရ၊ တစ်ချိန်တည်းမှာပင် သုခ နောင်တရမိသည်က လူတစ်ဖက်သားကို နစ်နာစေချင်စိတ်မွေးမိလျှင် ကိုယ့်ဆီမှ ကျစ်စုံတစ်ခုကိုလည်း ပြန်ပေးဆပ်ရမည် ဆိုတာကိုပဲ ဖြစ်သည်။

"ကဲ. . ကိုသု ခုမှတော့ တည်မိတဲ့ဘုရား လင်းတပဲ နားနားဆိုသပေါ့ပေါ့၊ ကိုသုလည်း ခေါင်းတုံးမလေးကိုပဲ ချစ်လက်စနဲ့ ဆက်ချစ်လိုက်၊ ကျွန်တော်လည်း သွားမရှိတဲ့ နဒီကို ချစ်လက်စနဲ့ ဆက်ချစ်ပြီး မင်္ဂလာပွဲကို မြန်မြန်ပြီးအောင် အဆုံးသတ်လိုက်ကြရအောင်. . .

ကျွန်တော်တို့ဘဝလက်တွဲဖော်ကို ကံကြမ္မာက ပေးလာတဲ့ သတို့သမီးလေးတွေနဲ့ပဲ ဘဝဇာတ်ခုံပေါ်မှာ အတူတူ ဆက်ကလိုက်ကြရုံပေါ့၊ ဟုတ်ဘူးလား"

သုခ ထိုသို့အားပေးနှစ်သိမ့်ကာ သုတကို လက်ဝါးကမ်းပေး၏။ သုထ ပုပ်သိုးညှိမှောင်နေသော ခပ်ရှက်ရှက်မျက်နှာကြီးဖြင့် သူ၏ အင်အားမရှိသော လက်တစ်ဖက် မြှောက်တက်လာပြီး လက်ဝါးချင်း ရိုက်လိုက်၏။

"မှတ်ထား ကိုသု လောကကြီးက လူတစ်ယောက်ကို ကောင်းတာတွေချည်းပဲ ဘယ်တော့မှ အစုံလိုက် မပေးဘူး၊ လူတွေကို သူက အဲလို ကလူကျီစယ်နေရမှ လောကကြီးက နေသာတာလေ"

ညှော်ပရိသတ်တွေ ဘယ်လိုသဘောပေါက်သွား၍လည်းမသိ၊ လက်ခုပ်သံတွေ တဖြည်းဖြည်း ထွက်ပေါ်လာပြီး ခန်းမတစ်ခုလုံး ပြည့်သွား၏။

သုတနှင့် သုခ မခိုသော အပြုံးကိုယ်စီဖြင့် ပြိုင်တူပြုံးကာ သူတို့ ချစ်သူလေးတွေ၏ အေးစက်စက်လက်တွေကို အားတင်းကာ ဆုပ်ကိုင်ပြီး မင်္ဂလာစင်မြင့်ပေါ်မှာ နေရာယူလိုက်ကြသည်။ အမေသုံး



BURMESE CLASSIC .com



ယောက်၏ မျက်ဝန်းတွေမှာလည်း မခိုပြုံးလေးတွေ ကိုယ်စီဖြင့်. . .

ဘယ်လောက် ထူးခြားလိုက်တဲ့ မင်္ဂလာပွဲလဲလို့၊ သေချာတယ် နောက်တစ်နေ့ အွန်လိုင်းပေါ်မှာ ကမ္ဘာ့အထူးခြားဆုံး မင်္ဂလာပွဲဆိုပြီးတော့ ပုံကြီးတွေနဲ့ ပေါ်လာမှာ. . .

ဘာဖြစ်လို့လဲဆိုတော့ မင်္ဂလာမောင်နှံ နှစ်စုံတွဲကို ဓါတ်ပုံတွေ ဗီဒီယိုတွေ တဖျတ်ဖျတ် ရိုက်နေသော ကင်မရာသမားတွေ ညှော်ပရိသတ်ကြားထဲမှ ခြေကျင်းလိမ်နေကြလို့ဖြစ်သည်။

ဒီမင်္ဂလာဦးညမှာ. . အချစ်တွေကို ကမ်းပေ့ လုပ်လိုက်ကြရအောင်. . .

ရှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR



www.burmeseclassic.com